
www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မိုးဝက်ဝိုင်

# အမည်မသိအက်ဖ်အမ်

စီစဉ်သူ - ဦးအောင်စိုး (မော်လမြိုင်)

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၁၁၀၅၁၂
အဖုံးခွင့်ပြုချက်အမှတ် -
ထုတ်ဝေသူ - ဦးအောင်စိုး (နှစ်စဉ်ကြယ်စာပေ)
အမှတ်(၁၈၂)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျင်ရင် (၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်။
ကွန်ပျူတာစာစီ - ပြည့်မိုး
အတွင်းဖလင် - ကိုပေါက်
မျက်နှာဖုံးဖလင်နှင့်ကာလာခွဲ - စိန်နဂါး
စာအုပ်ချုပ် - ကိုမိုးနိုင်နှင့်အဖွဲ့
ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၂ ဇွန်လ။
အုပ်ရေ / တန်ဖိုး - ၅၀၀ အုပ် / ၁၅၀၀ ကျပ်

ဖြန့်ချိရေး — **နှစ်စဉ်ကြယ်စာပေ**
အမှတ် ၁၇၅(B)၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း- ၀၉ ၇၃၀၅၁၆၆၄၊ ၀၉၇၃၁ ၂၆၅၇

၈၉၅ ၈၃

မိုးဝက်ဝိုင်
အမည်မသိအက်ဖ်အမ် / မိုးဝက်ဝိုင် ။ - ရန်ကုန်
သိန်းမင်းစာပေ၊ ၂၀၁၂ ။
၁၄၂ - စာ၊ ၁၃ x ၂၀ စင်တီ။
(၁) အမည်မသိအက်ဖ်အမ်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ဒို့အရေး အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စံမှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

BURMESE CLASSIC .com

# မိုးထက်ဝိုင်

# အမည်မသိအက်ဖ်အမ်

www.burmeseclassic.com

www.burmeseclassic.com

ပျံနေတဲ့ငှက်ဆိုတာ
လေပေါ်မှာရပ်နေလို့ မရဘူး။

တာရာမင်းဝေ
(၁၉၆၆-၂၀၀၄)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

မနက်ခင်းကတော့ ခါတိုင်းလို အရှေ့အရပ်မှ နေထွက်လာသော သာမန်မနက်ခင်းတစ်ခုသာဖြစ်သည်။ ထိုသို့သော မထူးခြားသည့် မနက်ခင်းမှာမှ လင်းလွန်းတစ်ယောက် ကိုယ့်ခြေထောက်နှင့်ကိုယ် ထိုင်နေကျလက်ဖက်ရည်ဆိုင်သို့ လျှောက်လာခဲ့၏။ ဒါကလည်း တစ်ခါတလေ ဆိုက်ကားစီးပြီး လာတတ်သဖြင့် ထိုသို့ပြောရခြင်း ဖြစ်သည်။

လက်ဖက်ရည်ဆိုင်ရှေ့ရောက်တော့ ဆိုင်ထဲဝင်လိုက်ပြီး ဘော်ဒါတွေဖြစ်သည့် မောင်ဦးနှင့် ဝင်းယုနိုင်တို့ကို မျက်စိဝေ့ကာ ရှာလိုက်သည်။ မတွေ့။ လဒတွေက ရောက်မလာသေးချေ။

သို့နှင့် ထိုင်စောင့်ရန် စားပွဲအလွတ်ကို ထပ်ကာရှာလိုက်သည်။ ထိုစဉ်မှာပဲ စားပွဲတစ်ခုတွင် တစ်ယောက်တည်းထိုင်နေသော ကျော်ကို



www.burmeseclassic.com

www.burmeseclassic.com

ဆိုသည့် ဝေါ်ကို တွေ့လိုက်ရခြင်းဖြစ်သည်။ တွေ့တွေ့ချင်းပင် လင်းလွန်း စိတ်ထဲ ဖျဉ်းခနဲ ဖြစ်သွားရ၏။

ထိုသို့ဖြစ်ရသည်မှာလည်း အကြောင်းရှိသည်။ ကျော်ကိုနှင့် သူသည် လွန်ခဲ့သောအပတ်က သုံးညဆက်တိုက် ဘိလိယက်ထိုးခဲ့သည်။ အလကားကြေး အပျော်ထိုးခဲ့ခြင်းမဟုတ်။ ကျော်ကိုက အရင် စိန်ခေါ်သဖြင့် အသပြာကြေးကစားခဲ့ကြခြင်းဖြစ်သည်။ သုံးညစလုံးလည်း လင်းလွန်းက အပြတ်အသတ် နိုင်ခဲ့၏။

သို့သော် . . .

ထိုဝေါ်ကျော်ကိုက နောက်တစ်ရက်ညမှ ပိုက်ဆံပေးမည်ဆိုပြီး ဘိလိယက်ဝိုင်းသို့ ရောက်မလာတော့ချေ။ ရှုံးကြေးပေးရမှာစိုး၍ မလာခြင်းဖြစ်မည်။ ပြီးတော့ ကျော်ကိုသည် သူ့ဘက်ကဆိုလျှင် ကပ်စေးနဲတွန့်တိုတတ်ပြီး သူများဆီကဆိုလျှင် ဘာရရ အချောင်လိုချင်သောကောင်စားမျိုးမှန်း လင်းလွန်း သိထားသည်။

မည်သို့ပင်ဖြစ်စေ လောလောဆယ်မှာတော့ ဒင်းကို မျက်စိနှစ်လုံးနှင့် ကွက်ကွက်ကွင်းကွင်း တွေ့လိုက်ရလေပြီ။ ထို့ကြောင့် လုပ်စရာကလည်း အကြွေးတောင်းဖို့ပဲရှိတော့သည်ဟု လင်းလွန်း ခပ်တင်းတင်းတွေးလိုက်၏။

ထိုသောအတွေးနှင့် ကျော်ကိုရှိရာသို့ ခပ်သွက်သွက်လျှောက်သွားလိုက်သည်။ စားပွဲရှေ့ရောက်သည်အထိ မုန့်ဟင်းခါးပန်းကန်ထဲ အိုးဘဲဥတစ်လုံးထည့်ကာ ငုံ့တွယ်နေသော ဒင်းက သတိမထားမိသေးချေ။

မကြည့်ကြည့် ကြည့်ကာ လင်းလွန်းက အသံပေးလိုက်၏။

"ဟေ့ကောင် ကျော်ကို"

ဆတ်ခနဲ မော့ကြည့်လာသော ကျော်ကို့မျက်နှာက ခပ်အမ်းအမ်းဖြစ်သွားသည်။ ကြွေးရှင်ကို တွေ့လိုက်ရ၍ ပျက်သွားသော မျက်နှာပေးမျိုးဖြစ်၏။ ချက်ချင်းပင် လဒက မျက်နှာထားကို ဟန်လုပ်ကာ တည်ပစ်လိုက်ရင်း . . .





"အေး ပြော . . . ဘာကိစ္စလဲ"

ထိုမျက်နှာပေးနှင့် အပြောကြောင့် လင်းလွန်း တင်းသွားရသည်။ သူ့ခိုးက လူကိုပြန်ဟစ်သော လေသံမျိုးဖြစ်၏။ ထို့ကြောင့် ခပ်တင်းတင်းပဲ ပြန်ကြည့်ကာ စည်ပင်ရဲက လမ်းဘေးဈေးသည်ကို ပြောသောလေသံမျိုးနှင့် . . .

"မင်းနဲ့ငါကြားမှာ ဘာကိစ္စရှိလဲဆိုတာ မင်းမသိဘူးလား။ အတိတ်မေ့သလိုလို၊ ရွှေပျောက်သလိုလို လုပ်မနေပါနဲ့ ကျော်ကိုရာ . . . မင်း ငါ့ကို ဘိလိယက်ထိုးတုန်းက အကြွေးနှစ်ထောင် ပေးရဦးမယ်လေ၊ အဲဒါ အခုပေးနိုင်မလား"

ကျော်ကို စိတ်ရှုပ်သွားပုံရသည်။ မနက်စောစောမှာ အကြွေးတောင်းခံလိုက်ရသည်ကိုး။ ပတ်ဝန်းကျင်ကို မသိမသာ ဝေ့ကြည့်လိုက်ပြီးမှ လင်းလွန်းအား . . .

"မင်းကလည်း နောက်တော့မှ ယူလေကွာ . . . မင်းပိုက်ဆံကို ငါပေးမှာပေါ့"

"အေး . . . ငါကလည်း မင်း နောက်နေ့ပေးမယ်ဆိုပြီး ဘိလိယက်ခုံကို မလာတော့လို့ တွေ့တုန်းလာတောင်းတာပါ၊ ဘာလဲ . . . မင်းမှာ ပိုက်ဆံနှစ်ထောင်တောင် မရှိလို့လား၊ ဒါနဲ့များ အိမ်ကထွက်လာရသေးသလား လို့ကွာ"

လင်းလွန်းစကားကြောင့် ကျော်ကို့မျက်နှာက မည်းခနဲဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရှုတင်းတင်းပင် ပြန်ကြည့်လာပြီး . . .

"အောင်မာ . . . ဘာဖြစ်လို့ မပါရမှာလဲ၊ ဒီမှာတွေ့လား ပိုက်ဆံ"

အိပ်ကပ်ထဲမှ ပိုက်ဆံတစ်ထပ်ကိုထုတ်ကာ စားပွဲပေါ်ပစ်ချ၍ ပြလိုက်သည်။ နှစ်သောင်းခွဲသုံးသောင်းလောက်ပင် ရှိမည်လားမသိ။ လင်းလွန်းက ထိုပိုက်ဆံထပ်ကို စွေကြည့်ကာ . . .

"ဩော် . . . မင်းမှာ ပိုက်ဆံပါသားပဲကွ၊ ဒါဆိုလည်း ငါ့အကြွေးကို ပေးတော့လေ"

စကားအဆုံးမှာပင် ကျော်ကိုက ပိုက်ဆံကို ဆတ်ခနဲကောက်ယူကာ အိတ်ကပ်ထဲပြန်ထည့်လိုက်ရင်း မချိုးမချဉ်ပုံစံနှင့် . . .

"အဲဒီလောက် လွယ်မလား၊ လင်းလွန်းရာ၊ မင်းလည်း ကြားဖူးမှာပေါ့ . . . ဖဲဝိုင်းကအကြွေးကို ဖဲဝိုင်းမှာပဲ ပြန်ဆပ်တယ်ဆိုတာလေ၊ ခုလည်း မင်းနဲ့ငါ့ကြားက အကြွေးကို ဘီလီယက်ထိုးပြီး ပြန်ဆပ်မှာပေါ့ . . . ရှင်းပါတယ်နော်"

ကျော်ကို ညစ်ပြီဆိုတာ လင်းလွန်း သဘောပေါက်လိုက်၏။သို့သော်လည်း ဒီပိုက်ဆံလောက်နှင့် ရန်ဖြစ်စကားများဖို့ဆိုတာကတော့ စိတ်ကူးထဲမှာပင် မရှိချေ။ လက်သီးဆိုတာက အကြွေးတောင်းဖို့မှ မဟုတ်သည်ပဲ။

သို့နှင့် စိတ်ကိုလျှော့ချလိုက်ရင်း . . .

"အေးလေ . . . ဒါဆိုလည်း မင်းစကားအတိုင်းပဲပေါ့၊ ကြိုက်တဲ့နေသာ ချိန်းလိုက်"

"ဟုတ်ပါပြီ . . . ငါကလည်း ဒီရက်ပိုင်း မအားသေးလို့ပါကွ"

အမှန်တော့ ကျော်ကိုဆိုသည့်ကောင်သည် ဘာအလုပ်မှ မယ်မယ်ရရ ရှိသည်မဟုတ်။ ပြီးပြီးရော ပြောလိုက်ခြင်းသာ ဖြစ်သည်။





ထိုအချိန်မှာပဲ . . .

"ဟော့ကောင် လေင်း"

ခေါ်သံကြောင့် ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ ဘေးစားပွဲမှာ ရောက်နေပြီဖြစ်သော မောင်ဦးနှင့် ဝင်းယုနိုင်တို့က လှမ်းခေါ်ခြင်းဖြစ်၏။ ဘယ်အချိန်ကပဲ ရောက်နေကြသည်မသိ။

နှစ်ကောင်စလုံးက လာတော့ဟု မျက်ရိပ်ပြကာ ခေါ်နေသဖြင့် လင်းလွန်းလည်း ထိုဝိုင်းသို့ ကူးသွားလိုက်သည်။

ဝင်ထိုင်တော့ မောင်ဦးက လေသံတိုးတိုးဖြင့် . . .

"မင်းကွာ . . . အဲဒီကောင်အကြောင်းသိရဲ့သားနဲ့ သွားတောင်းနေသေးတယ်၊ သူ့အိတ်ထဲက ပိုက်ဆံဆိုရင် တော်တော်နဲ့ ထွက်တာမဟုတ်ဘူးကွ"

ထိုစကားကြောင့် လင်းလွန်းက . . .

"သိပါတယ်ကွာ . . . မရမှန်းသိပေမယ့်နဲ့ ငါ တမင်သွားကောင်းကြည့်တာပါ"

စကားအဆုံးမှာပဲ ဝင်းယုနိုင်က လင်းလွန်းကိုစေ့ငုကြည့်ရင်း . . .

"အောင်မယ် . . . မင်းက နာရီတွေဘာတွေနဲ့ပါလားကွ၊ ဘာလဲ . . . ဝယ်လိုက်တာလား"

ထိုအခါမှ လင်းလွန်းက လက်မှာပတ်ထားသည့်နာရီကို မ,ကြည့်ကာ

"မဝယ်ပါဘူးကွာ . . . လက်ဆောင်ရထားလို့ ပတ်ထားတာပါ၊ ငါ နာရီပတ်လေ့ပတ်ထမရှိတာ မင်းတို့အသိပဲ"

"ဟုတ်ပါတယ် . . . ဒါပေမဲ့ မင်းနာရီက အကောင်းစားနဲ့ တူတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



မောင်ဦးအပြောကြောင့် လင်းလွန်းက ဟန်ပါပါ ပခုံးတွန့်လိုက်ပြီး ...

"တူတာမဟုတ်ဘူး ... တကယ်လည်း အကောင်းစားပဲဟာကို၊ ထပ်ပြောရရင် ကာလပေါက်စျေး တစ်ပုံးကျော်လောက် တန်တယ်"

"ဒါနဲ့များ ဘာဖြစ်လို့ မပတ်ချင်ရတာလဲ လင်းလွန်းရာ"

လင်းလွန်း ခေါင်းအသာခါလိုက်သည်။ ပြီး ...

"မပတ်ချင်ဘူးဆိုတာ ငါ့အကြောင်းနဲ့ ငါပါ၊ ပြီးတော့ ပြင်သစ်သမ္ဘာဟောင်း မီထရောင်းလည်း နာရီမပတ်ဘူးကွ"

ထိုစကားကြောင့် နှစ်ကောင်စလုံးက 'ဘု' ရှုံ့ရှုံ့လာသည်။ ပြီး မောင်ဦးက အရင် ...

"မင်းကွာ ကြီးကြီးကျယ်ကျယ် ... ကိုယ့်ဘာသာ နာရီမပတ်ချင်တာကိုပဲ သမ္မတနဲ့ နှိုင်းနေသေးတယ်"

ထိုအပြောလောက်ကတော့ လင်းလွန်းတို့က မမှုချေ။ ဒီခေတ်မှာက ကြိုးစားလျှင် သမ္မတပင် ဖြစ်နိုင်သည်ပဲ။ ထို့ကြောင့် ခပ်ဟာဟာ ရယ်လိုက်ပြီး ...

"ထင်ချင်သလိုထင်ကွာ ... ခုနက ပြောခဲ့သလို လက်ဆောင်ရလို့ ပတ်ထားတာကွ၊ ဒါပေမဲ့ ခု မပတ်ချင်တော့ဘူး။ ပြန်ရောင်းမယ်ဆိုရင် မင်းတို့ ဝယ်မလား ... သုံးပုလင်းပေးရင် ခုချက်ချင်း ချွတ်ပေးလိုက်မယ်"

နှစ်ကောင်စလုံး မျက်နှာတည်သွားကြသည်။ လင်းလွန်းက မသိမသာ မျက်စိမှိတ်ပြလိုက်၏။ အနေအထားကို သဘောပေါက်လိုက်သော ဝင်းယုနိုင်က ...

"သုံးသောင်းဆိုရင်တော့ တန်ပါတယ်၊ ဒါနဲ့ မင်းနာရီမှာက ဘာ





အာမခံချက်တွေ ရှိသေးလဲ"

လင်းလွန်းက ခပ်တည်တည်ပင် ...

"သိပ်ရှိတာပေါ့ကွာ၊ ဒီနာရီက မီတာငါးဆယ်ထိ ရေစိမ်ခံတယ်၊ ပြီးတော့ ကားကြိတ်လည်းခံတယ်"

"ဟေ ... တကယ်"

"မယုံရင် မင်းတို့ဝယ်ပြီး စမ်းကြည့်လေ"

"ဟာ ... အဲဒီလောက်ပိုက်ဆံတော့ တို့မှာလည်း မပါဘူးကွ၊ ဒါပေမဲ့ မင်း တကယ်ရောင်းမယ်ဆို ငါ့အသိတွေကို မေးပေးမယ်"

"ဒါဆိုလည်း ပြီးရော ... ရောင်းထွက်ရင် မင်းတို့ကို ငါ ဘီယာတိုက်မယ်"

စကားစပြတ်သွားကြသည်။

ထိုစဉ်မှာပဲ ...

"လင်းလွန်း ... ငါ စကားနည်းနည်း ပြောလို့ရမလား"

ကြည့်လိုက်တော့ တခြားလူမဟုတ်။ ဘေးချင်းကပ်ဝိုင်းမှာ ထိုင်နေသော ကျော်ကိုက မေးလာခြင်းဖြစ်သည်။ လင်းလွန်းက မျက်ခုံးပင့်ကာ မှင်သေသေပုံစံဖြင့် ...

"ပြောကြည့်လေ"

စကားအဆုံးမှာ ကျော်ကိုက လွှတ်နေသောခုံ၌ အရင်ဝင်ထိုင်လိုက်၏။ ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်ပြီးမှ ...

"မင်းနာရီ ရောင်းမယ်ဆိုတာ တကယ်ပဲလား"

လင်းလွန်းက မျက်မှောင်တွန့်၍ ...

"တကယ်ပေါ့ကွ ... ဒီကိစ္စက နောက်စရာမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com

"ဒါ ဒါဆိုလည်း ငါ ပယ်ချင်တယ်ကွာ"

"ဘာဖြစ်လို့လဲ"

အလကားနီးပါးဈေးနဲ့ ရလို့ဆိုပြီး ကျော်ကိုက မပြောချေ။ ကြီးကြီး ကျယ်ကျယ်စကားပင် ဆိုလာသေးသည်။

"ဒီလိုကွာ ... ယောက်ျားတစ်ယောက်မှာ နာရီကောင်းကောင်း တစ်လုံး ရှိသင့်တယ်ဆိုပြီး ငါကြားဖူးလို့"

"ဩော် ... မင်းပြောသလိုဆို နာရီကောင်းကောင်းမပတ်နိုင် တဲ့လူက ယောက်ျားမဟုတ်တော့ဘူးပေါ့ ... အဲဒီလိုလား"

မောင်ဦးက 'ဘု'ဝင်ပြောလိုက်ခြင်းဖြစ်သည်။

ကျော်ကို ပျာပျာသလဲ ဖြစ်သွားပြီး ...

"အဲလိုလည်း မဟုတ်ပါဘူးကွာ၊ ကဲ လင်းလွန်း ... မင်းနာရီကို ခုနကပြောတဲ့ သုံးပုလင်းနဲ့ တကယ်ရောင်းမှာလား။ ဒါဆို ငါဝယ်မယ်"

ထိုသို့ပြောလိုက်မှပဲ လင်းလွန်းက နာရီကို နမြောသလို တစ်ချက် ကြည့်လိုက်သေးသည်။ ပြီး ...

"အဲဒီဈေးက ဒီကောင်တွေယူမယ်ဆိုရင် ပြောတာပါ။ မင်းဆိုရင် တော့"

စကားပင်မဆုံးလိုက်ချေ။ ကျော်ကိုက ...

"လုပ်မနေပါနဲ့ကွာ ... မင်းနဲ့ငါနဲ့ကလည်း မသိတဲ့လူတွေမှ မဟုတ် တာ၊ သုံးပုလင်းပဲ ထားလိုက်ပါကွာ ... နော် လင်းလွန်း"

လင်းလွန်းက ခပ်တွေတွေ စဉ်းစားဟန်ပြုလိုက်သည်။ ထိုပုံစံ ကြောင့် မောင်ဦးက တံတောင်နှင့်တွတ်ကာ ...

"လေင်း ... မင်း မပတ်ချင်ဘူးဆိုရင်လည်း ရောင်းလိုက်ပါကွာ၊





တကယ်ပတ်မယ့်သူကို ရောင်းတာပဲဟာကို"

လင်းလွန်းက ခေါင်းအသာခါရင်း ...

"မဟုတ်သေးဘူးကွ ... ကျော်ကို့ဆီက ငါ ရစရာ ခုနစ်ထောင်ရှိ သေးတယ်လေ၊ အဲဒီအကြွေးပါ တစ်ခါတည်း ပေးရင်တော့ သုံးပုလင်းနဲ့ ရောင်းမယ်"

ထိုစကားသည် ကျော်ကိုအား တွေဝေစဉ်းစားသွားစေသည်။ ချက်ချင်းပင် ဝေါ်က သူ့အိပ်ကပ်ထဲမှပိုက်ဆံကို ထုတ်ကာရေတွက်လိုက်ရင်း ...

"ဟာ ... ငါ့ဆီမှာတောင် နှစ်သောင်းရှစ်ထောင်ပဲ ရှိတော့တာကွ"

"ဒါဆိုရင်တော့ ဆောရီးပဲ ကျော်ကို"

လင်းလွန်းအပြောကို ကျော်ကို လက်ကာပြလျက် ...

"နေစမ်းပါဦးကွာ ... ဒီလက်ဖက်ရည်ဆိုင်ပိုင်ရှင် ကိုနေစေးနဲ့ ငါနဲ့က သိပါတယ်၊ သူ့ဆီမှာ သွားဆွဲကြည့်လိုက်ဦးမယ် ... ခဏစောင့် ပေးမလား"

လင်းလွန်းက ပန်းအသာတွန့်ပြလိုက်ကာ ...

"သဘောပဲလေ ... ခဏဆိုရင်တော့ စောင့်ပေးမယ်"

ဖိုးဖိုးဆတ်ဆတ်နှင့် ကျော်ကို ထသွားသည်။ ပြီး စားစားစီးစီး မဟုတ်လာမရှိ သူများဆီမှာ ပိုက်ဆံသွားချေးပြန်၏။ ကျော်ကို့အစ်မ မတင်မြကို ကြောင်နေသော ကိုနေစေးကလည်း လိုသည့်ပိုက်ဆံအား ထုတ်ချေးလိုက်ပုံ ရသည်။

ကျော်ကိုသည် ထိုကိစ္စကို မိနစ်ပိုင်းအတွင်း လှုပ်ရှားလိုက်ကာ ခပ်သွက်သွက် ပြန်လျှောက်လာပြီး ...



www.burmeseclassic.com

www.burmeseclassic.com

"ရော့ လင်းလွန်း ... ဒါက နာရီဖိုးသုံးပုလင်း။ ဒါကတော့ ဘီလီယက်ကြေး ခုနစ်ထောင်၊ ကဲ ... နာရီပေးတော့"

ပေးလာသောပိုက်ဆံကို လင်းလွန်းက စိမ်ပြေနပြေ ရေတွက်လိုက်သေးသည်။ ပြီးမှ နာရီချွတ်ကာ လှမ်းပေးလိုက်ရင်း ...

"ရော့ ... မင်းနဲ့ငါ ကိစ္စအကုန်ပြတ်ပြီနော်"

ကျော်ကိုက ...

"ပြတ်ပါပြီကွ ... ဒါနဲ့ မင်းပြောသလို ဒီနာရီက ရေစိမ်ခံပါတယ်နော်"

"သိပ်ခံတာပေါ့"

"ပြီးတော့ ကားကြိတ်ခံတယ်ဆိုတာကရော"

"အဲဒါလည်း အမှန်ပဲလေ၊ ဘာလဲ ... မယုံလို့လား။ အဲဒါဆိုလည်း မင်းပိုက်ဆံ ပြန်ယူလိုက်"

သုံးသောင်းပြန်ပေးမည်ဟု ပြောလိုက်ခြင်း ဖြစ်သည်။ အကြွေးခုနစ်ထောင်ကိုတော့ ပြန်ပေးရန် စိတ်ကူးမရှိချေ။

သို့သော်လည်း ကျော်ကိုက မျာမျာသလဲပင် ...

"မဟုတ်ပါဘူးကွာ ... မင်းပြောသလို အာမခံတယ်ဆိုလည်း ပြီးတာပဲ"

သိန်းကျော်တန်နာရီတစ်လုံးကို သုံးသောင်းဈေးနှင့်ရလေပြီဆိုသော စိတ်ဖြင့် ကျော်ကို အားရဝမ်းသာ ထသွားလေတော့၏။

ထိုအခါမှ လင်းလွန်းက မိန့်မိန့်ကြီးပြုံးကာ ...

"အင်း ... မနက်စောစောစီးစီးတော့ အရောင်းအဝယ်ဖြစ်သွားပြီကွ။ အဟဲ ... အကြွေးတောင် အဆစ်ရလိုက်သေးတယ်"





"ဟောကောင် ... မင်းစကားနဲ့မင်း ညနေ ဘီယာတိုက်ရမယ်နော်"

ဝင်းယုနိုင်စကားအဆုံးမှာ မောင်ဦးက တစ်ခုခုကို စဉ်းစားမိပုံနှင့် ...

"ဟောကောင် လေင်း ... မင်းရောင်းလိုက်တဲ့နာရီက ရေစိမ်ခံတယ်၊ ကားကြိတ်ခံတယ်ဆိုတာက တကယ်ပဲလားကွ"

"တကယ်ပေါ့ ... ရေထဲပဲချချ၊ ကားဘီးအောက်မှာပဲ ထားထား အဲဒီနာရီက နေရာကိုမရွှေ့တာ"

"ဟေ"

"ဟာ"

နှစ်ကောင်စလုံး ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။ မောင်ဦးကပဲ အထစ်အထစ်နှင့် ...

"ဒါ ဒါဆို ကား ကားကြိတ်ရင် အဲ အဲဒီ နာ နာရီက ကွဲမှာပေါ့ ... ဟုတ်လား"

လင်းလွန်းက မခိုးမခန့် ရယ်လိုက်ရင်း ...

"သိပ်သေချာတာပေါ့၊ စိစိညက်ညက်ကို ကြေသွားမှာ၊ ငါပြောတာကလည်း ကားကြိတ်ရင် နေရာမရွှေ့ဘဲ ငြိမ်ခံတာလို့ ပြောတာလေ၊ ကားကြိတ်တာကို ခံနိုင်ရည်ရှိတယ်လို့ ဆိုလိုတာမှမဟုတ်ဘဲ"

"မင်းကွာ ... စကားကို တော်တော်လှည့်ပတ်ပြောတာပဲ၊ တော်ကြာ မင်းကို ဟိုကောင် ကွိုင်လာရှာဦးမယ်"

ဝင်းယုနိုင်က စိတ်ပူသလိုပြောလာသည်။ လင်းလွန်းက ခပ်အေးအေးပဲ ...

"စိတ်မပူပါနဲ့ကွာ ... ကိုယ့်ပစ္စည်း အဲဒီလိုခံနိုင်ရည်ရှိမှန်းသိထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ဟာ တော်တော်နဲ့ လက်တွေ့မစမ်းသပ်ကြဘူးကွ၊ အဲဒါ လူ့သဘာဝပဲ၊ ပြီးတော့ ကျော်ကိုရဲ့အကျင့်ကိုမကြိုက်လို့ ပညာပေးရင်း ကျွင်းထည့်လိုက်တာ''

စကားအဆုံးမှာ မောင်ဦးက ခေါင်းတဆတ်ဆတ်ညိတ်၍ ...

''ဟုတ်ပါပြီကွာ ... ဒါနဲ့ မင်း ဒီနေ့ ယမုံကို သင်တန်းလိုက်မပို့ ဘူးလား''

''အဲ''

ပြောမှပဲ လင်းလွန်း သတိရသွားသည်။ လက်ကို မ,ကာ ယောင်ပြီး နာရီကြည့်မိသေး၏။ ပြီးမှ ခုနက နာရီရောင်းလိုက်ပြီပဲဟုတွေးကာ လက်ဖက်ရည်ဆိုင်ထဲက နာရီကို လှမ်းကြည့်လိုက်ရသည်။

စိတ်ထဲက ဟာခနဲပင် ရေရွတ်လိုက်မိ၏။ ခါတိုင်း လိုက်ပို့နေကျ အချိန်ကို ဆယ်မိနစ်လောက်ပင် ကျော်နေလေပြီ၊ စားထားသောက်ထားတာ တွေအတွက် ပိုက်ဆံအမြန်ခေါ်ရှင်းလိုက်ရ၏။

ဆိုင်ထဲက ထလာခါနီးမှ သတိရ၍ လင်းလွန်းက ...

''ဟေ့ကောင်တွေ ... ငါ ကျင့်စဉ်တစ်ခုကျင့်နေတယ်ကွ ... သိ လား''

ထိုစကားကြောင့် နှစ်ကောင်စလုံး နဝေတိမ်တောင် ဖြစ်သွားကြ သည်။

ဒီကောင် ဘာတွေ ပေါက်ကရလုပ်ပြန်ပြီလဲ ဆိုသည့်အတွေးနှင့် မောင်ဦးက ...

''ဘယ်လို ... ကျင့်စဉ် ဟုတ်လား၊ ဟုတ်မှလည်း လုပ်စမ်းပါ လေလင်းရာ၊ ခော်ကြာ သွက်သွက်ခါသွားပါဦးမယ်''





စကားအဆုံးမှာ ဝင်းယုနိုင်ကလည်း ...

''ဒါနဲ့ နေစမ်းပါဦး ... မင်းရဲ့ကျင့်စဉ်ဆိုတာက ဘယ်လိုမျိုးလဲ၊ ဘာအတွက်လဲ''

လင်းလွန်းက မဆိုးမခန့်ရယ်သည်။ ပြီးမှ ...

''အဟဲ ... နောက်တော့ မင်းတို့သိရမှာပေါ့ကွာ၊ ငါ့ရဲ့ကျင့်စဉ် ဆိုတာက မထုံတက်တေးလုပ်နေတဲ့ မေယမုံလေးရဲ့အချစ်ကို ရရှိရေး ကျင့်စဉ်ကွ''

နှစ်ကောင်စလုံး တက်ညီလက်ညီ နှာခေါင်းရှုံ့ကြတော့သည်။ ပြီး မောင်ဦးကပဲ ...

''တော်စမ်းပါ လေလင်းရာ ... မင်းနဲ့ ယမုံနဲ့က မိဘတွေ အတင်း ပေးစားမှ ရမှာကွ၊ မဟုတ်လို့ကတော့ ဒီအတိုင်းပဲ ဖြစ်နေဦးမှာ''

သူငယ်ချင်းဘဝနဲ့ပဲ အဆုံးသတ်သွားလိမ့်မည်ဟု ပြောလာခြင်းဖြစ် သည်။ ထိုသို့ကျပြန်တော့လည်း လင်းလွန်းက အပြောမခံချေ။ ချက်ချင်းပင် ရွတင်းတင်းပြန်ကြည့်လိုက်ရင်း ...

''အဲဒါကြောင့် မင်းတို့ကို စောင့်ကြည့်လို့ပြောတာပေါ့ကွ၊ ငါ့ရဲ့ ကျင့်စဉ် အောင်မြင်ရင်တော့ မောင်လင်းလွန်းနဲ့ မမေယမုံပူးတို့ရဲ့ မင်္ဂလာပွဲကို မင်းတို့ လက်ဖွဲ့ဖို့သာ ပြင်ထားကြ''

စကားအဆုံးမှာ နှစ်ကောင်သား တဟားဟားရယ်ကြတော့သည်။ အရယ်ရပ်တော့မှ မောင်ဦးက စပ်ဖြီးဖြီးမျက်နှာပေးနှင့် ...

''အေးပါကွာ ... စောင့်ကြည့်ပါ့မယ်၊ မင်္ဂလာပွဲဖြစ်ရင်လည်း လာ ဖွဲ့ဦးမှာပါ၊ ဒါပေမဲ့ အဲဒါတွေက နောက်မှပါ၊ သေလည်းသေချာသေးတာ မဟုတ်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



ဝင်းယုနိုင်ကလည်း ဝင်၍ . . .

"ဟုတ်တယ် ငလင်း . . . လောလောဆယ် သေချာတာကတော့ ဒီညနေ ဖြစ်လာမယ့်ကိစ္စကို မင်းမမေ့ဖို့ပဲ"

ဘီယာတိုက်ဖို့ကိစ္စကို ထပ်သတိပေးလိုက်ခြင်းဖြစ်သည်။

လင်းလွန်းလည်း အောင့်သက်သက်နှင့်ပင် တစ်ခွန်းတည်းသော ယောကျ်ားစကားကို ပြန်ဆိုခဲ့လိုက်၏။

"အေး"

ဟု . . .။



## အခန်း (၂)

"ယမုံရေ ယမုံရေ"

အိမ်ရှေ့ခြံဝကနေ အသံထုတ်၍ အော်ခေါ်လိုက်သည်။ နောက်ဘက်အိမ်သာနားကမှ ခေါ်လို့မဖြစ်သည်ကိုး။

သို့သော် . . .

အိမ်တဲမှ လှုပ်ရှားမှု မမြင်ရ၊ လင်းလွန်း စဉ်းစားလိုက်၏။ နာမည်အပြည့်အစုံကိုများ မခေါ်လို့လား။ ထိုသောအတွေးနှင့်အတူ . . .

"မေယမုံဖူးရေ မေယမုံဖူး အိုဘယ့် . . . မေယမုံဖူးရေ"

"လာပြီဟေ့ လာပြီ"

ထိုအခါမှ အသံနှင့်အတူ ပူးတွဲပါလူကိုတွေ့လိုက်ရခြင်း ဖြစ်သည်။ သို့သော်လည်း ယမုံ (ခေါ်) မေယမုံဖူးမဟုတ်။ သူမ၏မားမား ဒေါ်လှမေသာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သမီးလိုချင် အမေကြည့်ဆိုသည့် စကားအတိုင်း လင်းလွန်းက ဒေါ်လှမေကို ကြည့်နေမိသေးသည်။ ဘာမှတော့ မထူးခြား။ ယမုံ၏အမေ ဦးစိုးအောင်၏ မူလလက်ဟောင်း ဇနီးမယား ဒေါ်လှမေကိုပဲ မြင်ရလေ၏။

လင်းလွန်းက . . .

"အန်တီ . . . ယမုံရော"

စကားအဆုံးမှာ ဒေါ်လှမေက လင်းလွန်းကို မြင်ဖူးသလိုလိုရှိသား (သို့) ငါ ဘယ်နေရာမှာ တွေ့ဖူးပါလိမ့် ဟူသောပုံစံမျိုးဖြင့် . . .

"ဩော် . . . သားပါလား။ သမီးက သင်တန်းသွားပြီလေ၊ သားက နောက်ကျနေတာကိုး"

လင်းလွန်းက သက်ပြင်းယဲ့ယဲ့ချရင်း . . .

"ဩော် . . . ဟုတ်လား။ ကျွန်တော်လည်း အရောင်းအဝယ်တစ်ခု ဖြစ်နေတာနဲ့ နောက်ကျသွားတာ၊ ဒါနဲ့ အန်ကယ်ရော"

"သူလည်း ရုံးသွားပြီပေါ့ သားရဲ့"

"ဟင် . . . ဒါဆို အန်တီတစ်ယောက်တည်းပေါ့"

ပြောရင်း ရေတစ်လှမ်းတိုးလိုက်သဖြင့် ဒေါ်လှမေလည်း ယောင်ပြီး နောက်တစ်လှမ်း ဆုတ်မိသွားသည်။

ပါးစပ်ကလည်း အထစ်ထစ်အငေါ့ငေါ့ဖြင့် . . .

"ဘာ . . . ဘာဖြစ်လို့လဲဟင် သား"

"ရေတစ်ခွက်လောက် သောက်ချင်လို့ပါ အန်တီရဲ့"

ထိုအခါမှ ဒေါ်လှမေလည်း သက်ပြင်းကျသွားရပြီး ရေတစ်ခွက် သွားခပ်ပေးလိုက်သည်။ လင်းလွန်း၏ အခေါ်အဝေါ်မတည့် စကားတွေကြောင့် တစ်ခါတစ်ခါ ထိတ်ထိတ်ပျာပျာဖြစ်ရသည်။ သူတင်မဟုတ် သူ့ယောကျ်ား





ဦးစိုးအောင်လိုလူကြီးတောင် ခံရ၏။ သမီးနှင့် မြန်မြန်ယူကြလျှင် ကောင်းမည်ဟု ဒေါ်လှမေ တွေးမိ၏။ သို့သော်လည်း နှစ်ဖက်မိဘလူကြီးတွေကသာ သဘောတူနေခြင်း ဖြစ်သည်။ ဒင်းတို့နှစ်ယောက်ကတော့ ခုချိန်ထိ တုတ်တုတ်မျှ မလှုပ်ကြသေး။

လင်းလွန်း၏အဆိုအရ . . .

"ကျွန်တော်လည်း ယူချင်ပါတယ် အန်တီရယ်၊ ဒါပေမဲ့ အန်တို့သမီးက ကျွန်တော့်ကိုမှ မကြိုက်သေးတာ"

ဒီဘက်က သမီးအလိမ္မာ ယမုံကလည်း . . .

"မေမေပဲ စဉ်းစားကြည့်ပါဦး . . . ယောကျ်ားယူရတာက လွယ်တယ်၊ ကိုယ့်အတွက် ခင်ပွန်းကောင်းမဖြစ်ရင် အလကား အဖတ်တင်သွားမှာပေါ့၊ လင်းလွန်းလိုကောင်သာ အဖတ်တင်နေရင်တော့ သမီးဘဝ သွားပြီ၊ ဒီကောင့်ကို အချိန်ယူပြီး လေ့လာဦးမယ် မေမေရာ"

ထိုသို့သော စကားတွေကြောင့် လွယ်မယောင်နှင့်ခက်၊ တိမ်မယောင်နှင့် နက်နေခြင်းဖြစ်သည်။ ခေတ်စကားနှင့်ဆိုရလျှင် တိုင်ပတ်သည်ပေါ့။

တစ်ဖက်က လင်းလွန်းကလည်း ယမုံနှင့် ချစ်သူဖြစ်ရန် ကြိုးစားပါသည်။ သို့သော်လည်း ယမုံက ခုချိန်ထိ လှည့်ပတ်ကာငြင်းနေသဖြင့် အဆင်မပြေသေး။

အမှန်တော့ ယမုံဘက်ကလည်း လင်းလွန်းအပေါ် အတင်းကြီးကြီးဆန်စရာ ပြစ်ချက်ကြီးတွေ ရှိမနေပါ။ ငယ်ပေါင်း အကြောင်းသိတွေဖို့ နှာ်မိတ်နှင့် ငြင်းရခြင်းဖြစ်သည်။

နောက်တစ်ချက်က ခုချိန်မှာ သူမ ယောကျ်ားမယူချင်သေးချေ။



www.burmeseclassic.com

www.burmeseclassic.com

ယူပြီးလျှင် ကလေးမွေးရမည်ကို ကြောက်သည်။ လင်းလွန်းဆိုသောကောင်က ကလေးမယူဘဲ နေမည်မဟုတ်။ သူ့ဗိုက်မကြီးရတိုင်း ယူနိုင်းမည့်ကောင်မျိုး ဖြစ်သည်။

ထိုသို့သောအခြေအနေတွေကြောင့် နှစ်ဖက်မိဘ သဘောတူလျက်နှင့် သူတို့နှစ်ယောက် မနီးစပ်သေးခြင်းဖြစ်၏။ ဒီလောက်ဆိုလျှင် လင်းလွန်းနှင့် ယမုံတို့၏အနေအထားက ရှင်းလောက်ပြီ။

ဘာတွေ ဘယ်လိုပဲဖြစ်ဖြစ် လင်းလွန်းကတော့ ယမုံသည် တစ်နေ့ဦးမိန်းမဖြစ်ရမည်ဟု အသံတိတ် ကြုံးဝါးထား၏။ ထို့ကြောင့် မြန်မာဗီဒီယို အချစ်ဇာတ်ကားတွေထဲမှ မင်းသားတွေနီးပါး ကြိုးစားနေရခြင်း ဖြစ်သည်။

ခုပင် ကြည့် ...

ယမုံကို သင်တန်းလိုက်ပို့ရင်း လမ်းမှာတော်ကီပစ်မယ်ဆိုပြီး လာခဲ့သည်မှာ မမီလိုက်ချေ။

ထို့ကြောင့် လင်းလွန်းတစ်ယောက် ယောက္ခမလောင်းအိမ်ပေါ်တက်ကာ ရေတစ်ခွက်သောက်ရင်း လေပူကြီးကိုပဲ စိတ်ရှိလက်ရှိ မှုတ်ချလိုက်ရလေသည်။

ထိုအချိန်တွင် ယမုံခေါ် မေယမုံဖူးတစ်ယောက်မှာလည်း ခေတ်ကာလသမီးတို့၏ ထုံးစံအတိုင်း ...။

■



## အခန်း (၃)

သင်တန်းတစ်ချိန်ပြီး၍ ဆရာထွက်သွားသည်နှင့် ယမုံက စကားစလိုက်သည်။

"ဟဲ့ ထွေးလေး ... မနက်က နင့်ဘဲပေးတယ်ဆိုတဲ့ ကဗျာကို ပြစမ်းပါဦး"

စကားဆုံးသည်နှင့် ထွေးလေးက ဘယ်အချိန်ကပဲ ပြချင်နေမှန်းမသိသော ကဗျာကို စာအုပ်ကြားထဲမှ မြန်မြန်ဆန်ဆန် ယုယုယယ ထုတ်ပြလာသည်။ ယမုံ ဆတ်ခနဲ လှမ်းယူလိုက်တော့ မေသော်နှင့် ထက်ထက်တို့ကပါ ခေါင်းတွေပူးလာကြ၏။

ယမုံက ထိုကဗျာကိုဖတ်ရန် မျက်မှောင်အရင်တွန့်ချလိုက်၏။ ကဗျာ မစခင်မှာ 'ခင်ထွေးရေ' ဟု နာမည်တပ်ထားသေးသည်။ လှပဆန်းသော



www.burmeseclassic.com

www.burmeseclassic.com



သုံးအနှုန်းဖြစ်၏။ ဒါကိုပင် ဟိုအမိုက်မက မသိသေး။ ထားတော့ . . .။ ကဗျာကိုပဲ ဆက်ဖတ်ကြည့်လိုက်သည်။

**သူမထ**

**ကျွန်တော့်ရေတံခွန်ကို ချစ်တန့်ဖစ်ဖို့**

**တောင်းဆိုတယ်။**

**ဘုရားသခင်ထ**

**မေတ္တာတရားကို ခွင့်ပြုတော်မူခဲ့တာကြောင့်**

**ကျွန်တော်**

**ဆတ်စီးနေလိုက်တယ်။**

ကဗျာအောက်ဘက်မှာ တပ်ထားသော နာမည်ကလည်း နည်းနည်းမှ သတိစရာမရှိချေ။ 'မှုတ်မိုးအိန်' တဲ့။

ကဗျာဖတ်ပြီးချိန်မှာ ယမုံက မျက်နှာကို သိသိသာသာ မဲ့ပစ်လိုက်ရင်း . . .

"ဟဲ့ ထွေးလေး . . . နင်က ဒီကဗျာကိုဖတ်ပြီးတာနဲ့ ပိုးစိုးပက်စက်ကြွေဆင်းသွားတယ်ပေါ့ . . . ဟုတ်လား"

ခင်ထွေးလေး (ခေါ်) ထွေးလေးက ရက်ပြုံးပြုံးသည်။ ပြီးအကြောင်းသိသူငယ်ချင်းတွေကိုပင် မျက်နှာမထောက်ဘဲ . . .

"အဟင်း . . . အဲလိုတော့လည်း မဟုတ်ပါဘူးဟာ၊ ဒီကဗျာလေးက ချစ်သူကွေ့ဖြစ်သွားပြီးမှ ကိုမိုးက ပေးတာပါ၊ ကဗျာလေးက မကောင်းဘူးလား"



ထိုစကားကြောင့် မေသော်နှင့်ထက်ထက်တို့ကပါ နှာခေါင်းကိုတမင်ရှုံ့ကြသည်။ ယမုံကတော့ မျက်နှာကို ဆက်လက်မဲ့ထားလျက် . . .

"ဩော် . . . ဒါဆို နင်က ဒီကဗျာကိုဖတ်ပြီး တော်တော်အားရနေတယ်ပေါ့ . . . ဟုတ်လား"

"အဟင်း . . . ဒီလိုပါပဲ"

ကြည့်စမ်း . . . ခုချိန်ထိ အရှက်မရှိသေးချေ။

"ထားပါတော့ . . . နင့်ဘဲက နင့်ကို ဘယ်လိုခေါ်တယ် . . . ခင်ထွေး ဟုတ်လား"

ထွေးလေးက ဝင့်ခနဲ ပြုံးလိုက်ပြီး . . .

"ဟုတ်တယ်လေ၊ ငါ့နာမည် ခင်ထွေးလေးမှာ သူများတွေက ထွေးလေးလို့ပဲ ခေါ်ကြတော့၊ ကိုမိုးက မတူအောင် ခင်ထွေးလို့ ခေါ်တာတဲ့"

"ဟဲ့ . . . အဲဒါ အဖျားဆွတ်ခေါ်တာ မဟုတ်ဘူး၊ ရှေ့ဘက်က နှစ်လုံးကိုခေါ်တာဆိုတော့ အရင်းဆွတ်ခေါ်တာပေါ့"

"အဟင်း . . . ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ ငါ ကျေနပ်ပါတယ်"

"အေး . . . ကျေနပ်နေ ကျေနပ်နေ၊ ခင်ထွေးကို ပြောင်းပြန်လှပ်တော့ ခွေးထင်ဖြစ်နေတယ်ဟဲ့၊ အဲဒါ နင့်ကို သူက ခွေးထင်တယ်ဆိုတဲ့ သဘောပေါ့"

"အင်"

ထွေးလေး နင်သွားသည်။ နင်နေစဉ်မှာပဲ ယမုံက ဆက်၍ . . .

"တော်သေးတာပေါ့ . . . နင့်နာမည်က ခင်ထွေးလေးမဟုတ်ဘဲ ခင်ဖွေးလေးဆိုရင် ဟိုက ခင်ဖွေးလို့ခေါ်၊ နင်လည်း ခွေးဖင်ဖြစ်ရောပဲ"

ဒီတစ်ခါတော့ အနင်နက်ရှိုင်းလွန်း၍ ထွေးလေးတစ်ယောက် 'အင်'



www.burmeseclassic.com

www.burmeseclassic.com



ဟုပင် အသံမထွက်နိုင်တော့ချေ။ မျက်နှာလေး လက်သည်းနွဲ့လောက် ငယ်သွားသည်။

မေသော်က ခင်ထွေးလေးကို အားနာသလိုကြည့်ကာ . . .

"ယမုံကလည်း . . . ထွေးလေးကို အဲလောက်မပြောပါနဲ့ဟာ"

ထိုအခါမှ ယမုံလည်း ထွေးလေးကိုကြည့်ရင်း တကယ်ပင် အားနာသွားရသည်။ ထို့ကြောင့် စကားကို ဖော့ကာ လျှော့ချလိုက်ရင်း . . .

"ငါက နောက်တာပါ ထွေးလေးရာ၊ ဒါနဲ့ နင့် ကိုမိုးနာမည်က တကယ် မျတ်မိုးအိန်လား"

သူ့ရည်းစားနာမည်ကို ထည့်ပြောလိုက်သောကြောင့် ထွေးလေး မျက်နှာက တစ်မုဟုတ်ချင်း အရောင်ပြန်တောက်ပလာသည်။ အပြုံးတစ်ချက်ကိုပင် လွှတ်ပြုံးလိုက်ပြီး . . .

"နာမည်ရင်းကတော့ မျတ်မိုးအိန်ပဲဟ၊ ဒါပေမဲ့ 'ရရစ်'နဲ့ မြတ်ပြီး 'မ'သတ်နဲ့ အိမ်တာ . . . မြတ်မိုးအိမ်ပေါ့ဟာ၊ ကဗျာရေးရင်သုံးတဲ့ မျတ်မိုးအိန်က ကလောင်နာမည်လေ"

အတော့်ကိုကောင်းသော စိတ်ကူးဖြစ်သည်ဟု ယမုံ အငေါ့တူးပြီး တွေးလိုက်မိသည်။ ထိုနာမည်နှင့်သာ ကဗျာရေးပါက ကမ္ဘာကျော်လေဦးမည်။ ထားတော့။ သူ့ဘာသာ မျတ်မိုးအိန်မကလို့ မျတ်မိုးကိန်ပဲ ဖြစ်ဖြစ် ကိုယ်နှင့်မဆိုင်ချေ။ လောလောဆယ် ဆိုင်နေတာက ကိုယ့်သူငယ်ချင်းဖြစ်သော ခင်ထွေးလေး (ခေါ်) ထွေးလေးသာ ဖြစ်၏။

ထို့ကြောင့် ယမုံက . . .

"ထွေးလေး . . . နင့်ကို သူငယ်ချင်းတစ်ယောက်အနေနဲ့ ပြောတာနော်၊ နင်ငါနဲ့သိပြီးကတည်းက ရည်းစားထားတာ ဘယ်နှယောက်ရှိနေပြီလဲ"





စိတ်ထဲမှာ ရေတွက်နေရလို့လား မသိ . . . ငါးစက္ကန့်လောက် အချိန်ကြာပြီးမှ ထွေးလေးပါးစပ်က အသံထွက်လာသည်။

"ငါးယောက်"

ယမုံ စိတ်မသက်မသာ ဖြစ်သွားရ၏။ သူတို့အုပ်စုထဲတွင် မေသော်မှာလည်း ရည်းစားရှိပါသည်။ သို့သော် ကျောင်းတုန်းကတည်းက ကြိုက်ခဲ့ကြသည်မှာ ယခုအချိန်ထိ ဝင်းလွင်ဦးဆိုသည့် ဝေါ်တစ်ယောက်တည်း။ ထိုအထဲကမှ ကိုယ်နှင့်ထက်ထက်တို့က လုံးဝ ရည်းစားမထားခဲ့ကြ။ ထွေးလေးတစ်ယောက်သာ ရည်းစားငါးယောက် ပစ်စလက်ခတ် ပြောင်းခဲ့ခြင်းဖြစ်သည်။

ထိုသောအတွေးနှင့် ယမုံက . . .

"ထွေးလေးရယ် . . . နင် ဘာဖြစ်လို့များ ရည်းစားတွေဒီလောက်ထားနေတာလဲ၊ အဲဒါ နင့်အတွက် မကောင်းဘူးဟဲ့ . . . သိလား"

စကားအဆုံးမှာ ထွေးလေးက ပက်ခနဲ ပြန်ပြောလာသည်။

"အဲလိုလည်း မဟုတ်သေးဘူးလေဟာ၊ အရင်ရည်းစားတွေနဲ့က စိတ်သဘောထားချင်း မတိုက်ဆိုင်လို့ လမ်းခွဲခဲ့တာလေ၊ ကိုမိုးကတော့ ငါ့ရဲ့လက်တွဲဖော်အစစ်လို့ ထင်တာပဲ၊ ပြီးတော့ ရည်းစားတစ်ထောင် လင်တစ်ဆောင်တစ်ယောက်ဆိုတဲ့ စကားလည်း ရှိသေးတယ်မဟုတ်လား ယမုံရဲ့"

ယမုံတို့သုံးယောက်စလုံး သက်ပြင်းသာချမိကြတော့သည်၊ ဘယ်လိုမှ ပြောဆိုဆုံးမလို့ ရမည့်ပုံလည်း မပေါ်ချေ။

ထိုအချိန်မှာပဲ ယမုံ့ခေါင်းထဲ လက်ခနဲ ဖြစ်သွားရ၏။ ထွေးလေးကိုလည်း ခပ်စွေစွေကြည့်လိုက်ကာ . . .

"ငါက နင့်ကို လိမ်မှာစေချင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ ... ဒါဆို ရည်းစားများတဲ့ငါက မိုက်နေတဲ့သဘော ပေါ့ ... ဟုတ်လား"

"ဟုတ်တယ်လို့ ပြောလို့ရတယ် ထွေးလေးရဲ့၊ နင့်ကို ငါ နှိုင်းခြား ဟာသလေးတစ်ခု ဥပမာပေးပြီး ပြောပြမယ်"

"ဆိုစမ်းပါဦး"

မျက်နှာထိ မျက်နှာထားနှင့်ပင် ထွေးလေးက ပြန်ပြောလာသေး သည်။ ထိုမျက်နှာပေးကြောင့် မေသော်နှင့်ထက်ထက်တို့က ဒီဟာမကို ဖက်ဖက်စက်စက် ပြောလိုက်စမ်းပါဆိုသည့် အားကိုးကြည့်နှင့် ယမုံကို ကြည့်လာ၏။

ယမုံလည်း စိတ်ထဲမှာ 'ငါဟဲ့' ဟု ကြုံးဝါးလိုက်ပြီး ...

"ဒီလို ထွေးလေးရဲ့ ... ခုနစ်နှစ်အရွယ် ကောင်မလေးက သုံးနှစ် သား သူ့မောင်လေး ရှူးရှူးပေါက်နေတာကိုကြည့်ပြီး သူ့အမေကို မေး တယ်"

"ဘာမေးတာလဲ"

"မေမေရယ် ... သမီးလည်း အဲဒါမျိုးလေး တစ်ခုလိုချင်လိုက်တာ တဲ့"

"ဟယ် ... ယမုံနော်"

အားလုံး မျက်နှာနီဝါးဝါးဖြစ်သွားကြရင်း မေသော့်ထံမှ အသံထွက် လာသည်။

ယမုံက မျက်စောင်းထိုး၍ ...

"နင်တို့ကလည်း ဟာသကို ဟာသလိုတွေးစမ်းပါဟ၊ အဲဒီတော့ သူ့အမေက ဘယ်လိုပြန်ပြောလဲ ... သိလား"





"ဘယ်သိမလဲ"

"အေး ... ပြောပြမယ်၊ သူ့အမေက သမီးကြီးလာလို့ လိမ်လိမ် မာမာနေရင် တစ်ခုရမယ်၊ မလိမ္မာရင်တော့ အများကြီးရမယ်တဲ့"

"ဗုဒ္ဓေါ ... ကြောက်စရာကြီး"

"ယမုံရယ် ... ရင်တုန်ပန်းတုန် ရှိလိုက်တာ ... အဟီး"

ဘုရားကို ဟန်လုပ် 'တ' ကြပြီး အားလုံးရယ်ကြတော့သည်။ ထွေးလေးမှာတော့ ရယ်သာရယ်နေရသည် မချိသွားဖြံပုံစံမျိုး ဖြစ်နေ၏။ သူက လောလောဆယ် မလိမ်မိုးမလိမ္မာ ဖြစ်နေသည်ကို။

အရယ်ရပ်တော့မှ ထွေးလေးက အောင့်သက်သက်ပုံစံနှင့် ...

"အေးပါ ... နင်တို့ ငါ့ကိုပြောထားကြ၊ ယမုံ ... နင်လည်း ခုလို ဇီဇာကြောင်ပုံမျိုးနဲ့ အဲဒီတစ်ခုတောင် ရမှာမဟုတ်ဘူး"

"အောင်မာ ... ငါက ဘာဖြစ်နေလို့လဲ"

ယမုံ ရက်ရက်နှင့်ပြန်အော်လိုက်တော့ ထွေးလေးကပဲ ...

"ဘာဖြစ်ရမှာလဲ ... နင်က လုံးဝအလိမ္မာတုံးကြီးလိုပုံစံ လုပ်နေ တာကို။ ကြာရင် နင့်ကိုကြိုက်နေတဲ့ လင်းလွန်းတောင် စိတ်ပျက်ပြီး နောက် ပြန်လှည့်သွားလိမ့်မယ်"

ထိုစကားကြောင့် ယမုံစိတ်ထဲ လင်းလွန်း၏ စပ်ဖြဲဖြဲမျက်နှာကို မြင်ယောင်လိုက်မိသည်။ စိတ်ထဲမှာ ထွေထွေထူးထူး မလှုပ်ရှားမိသော်လည်း ပါးစပ်ကတော့ ဟန်လုပ်ကာ ပြောပစ်လိုက်၏။

"နောက်ပြန်လှည့်သွားတော့လည်း နားအေးတာပေါ့ဟာ ... ငါ့ အတွက် ဘာမှမဖြစ်ဘူး"

ထိုသို့ ခပ်တည်တည် ဆိုခဲ့ပါသည်။ သင်တန်းချိန်ပြီး၍ အောက်



www.burmeseclassic.com

www.burmeseclassic.com

ဆင်းလာတော့ သင်တန်းရှေ့ လက်ဖက်ရည်ဆိုင်တွင် (သူမ မြင်ယောင်ခဲ့သည့် စပိုဖြိုဖြိုမျက်နှာနှင့်အတူ) ထိုင်စောင့်နေသော လင်းလွန်းကို တွေ့လိုက်ရလေသည်။

ဟင်း . . . ။



## အခန်း (၄)

"ယမုံ"

"ဘာလဲ"

အတူလမ်းလျှောက်လာရင်း လင်းလွန်းက ခေါ်လိုက်ခြင်းဖြစ်သည်။ ခေါ်သံက ညင်သာသော်လည်း ပြန်ထူးသံကတော့ ဘောက်ဆတ်ဆတ်။

မည်သို့ပင်ဖြစ်စေ . . .

ဒီဟာမလေးကိုတော့ လင်းလွန်း ဗွေမယူအားပါ။ ဗွေတစ်ခုလောက်နှင့် ဘာလုပ်ရမည်နည်း။ တကယ်ရလျှင်တော့ ယမုံ၏ စိတ်နှလုံးခန္ဓာ စသဖြင့် အားလုံးကို လိုချင်နေခြင်းဖြစ်သည်။ ဗွေလောက်နှင့် မကျေနပ်နိုင်။

ထူးသံအဆုံးမှာ လင်းလွန်းက စကားထပ်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ယမုံ . . . ရှေ့နားက အအေးဆိုင်ရောက်ရင် ခဏထိုင်ရအောင် ဟာ၊ စကားလေးဘာလေး ပြောရင်းပေါ့"

ယမုံ မျက်နှာလေးမဲ့လိုက်သဖြင့် လင်းလွန်းက . . .

"ဘာလဲ . . . ပိုက်ဆံမပါလို့လား၊ ငါတိုက်မှာပါ ယမုံရဲ့"

မျက်စောင်းက ဒိုင်းခနဲ ရောက်လာသည်။ ပြီး ပါးစပ်ကလည်း . . .

"အပိုတွေ လျှောက်ပြောမနေနဲ့၊ နှင်နဲ့ထိုင်ရင် အပ်ကြောင်းထပ် နေတဲ့ စကားတွေပဲ ကြားနေရလို့ မထိုင်ချင်တာ"

"ဩော် . . . ယမုံရယ်"

ထိုသို့ ညည်းပြောလေးပြန်လိုက်သဖြင့် ယမုံက နှုတ်ခမ်းလေးကို မဲ့ကာ . . .

"အောင်မာ . . . လေသံကိုက၊ နှင်ဘာဖြစ်နေတာလဲ လေင်းစိန်"

လင်းလွန်း ဗိုလ်ကျိုးသွားရသည်။ ယမုံက ကြည့်မရလျှင် လေင်းစိန်ဟု ခေါ်တတ်သောကြောင့်လည်း ဖြစ်၏။

ဘာပြောရမည်ကို လင်းလွန်း အမြန်စဉ်းစားလိုက်ရသည်။ ပေါ် လာသောစိတ်ကူးအတိုင်း . . .

"နှင်ကလည်း ယမုံရာ . . . သူစိမ်းတွေကျနေတာပဲ၊ ကဲ . . . နှင် မကြားချင်ရင် အပ်ကြောင်းထပ်နေတဲ့စကားတွေ မပြောတော့ပါဘူး၊ တခြား အကြောင်းပဲ ပြောကြတာပေါ့"

"သေချာတယ်နော်"

"ဩော် ကဲ . . . ငါ ဒီနေ့ အရောင်းအဝယ်တစ်ခုဖြစ်လာလို့ နှင့်ကို ကျွေးမွေးချင်လို့ပါဟ"

"ကြီးကြီးကျယ်ကျယ်ပါယ် . . . နှင်က ဘာအရောင်းအဝယ်လုပ် လို့ ဘာအလုပ်ဖြစ်လာတာမို့လို့လဲ"





လင်းလွန်းက ဟက်ခနဲ ရယ်လိုက်ပြီး . . .

"နှင်ကလည်း ငါ့ကို အထင်မသေးစမ်းပါနဲ့ဟာ၊ ဟိုတစ်ရက်က နှင်နဲ့ငါ မြို့ထဲသွားတုန်းက လမ်းဘေးမှာ ငါဝယ်လိုက်တဲ့နာရီကို မှတ်မိတယ် မဟုတ်လား"

ယမုံ မျက်ခုံးလေးနှစ်ဖက် စုသွားရင်း . . .

"မှတ်မိပါတယ် . . . ခြောက်ထောင်လို့ပြောတာကို နှင် သုံးထောင့် ငါးရာနဲ့ အတင်းဈေးဆစ်ပြီး ဝယ်ခဲ့တာလေ"

စကားအဆုံးမှာ လင်းလွန်းက ခေါင်းညိတ်လိုက်ရင်း . . .

"အင်း . . . အဲဒီနာရီကို ငါ သုံးသောင်းနဲ့ ကျော်ကို့ကို ပြန်ရောင်း လိုက်တာဟ"

ယမုံတစ်ယောက် မျက်ခုံးလေးပင့်သွားရင်း . . .

"ဟင် . . . အဲဒီကောင်ကလည်း ဝယ်တာပဲလား"

"ဟဲ ဟဲ . . . ဝယ်တာမှ လိုချင်လို့ကို အတင်းဝယ်သွားတာ"

"ဟုတ်လို့လား လင်းလွန်းရယ် . . . နှင် ပေါက်ကရတွေ ပြောပြီး ဆောင်းလိုက်တာပဲဖြစ်မယ်၊ တော်ပြီ တော်ပြီ . . . အဲလို မရိုးမသားရတဲ့ ပိုက်ဆံနဲ့ ကျွေးတာဆိုရင် ငါ မစားတော့ဘူး"

ထိုစကားကြောင့် လင်းလွန်း ပျာပျာသလဲ ဖြစ်သွားရသည်။ ချက် ချင်း . . .

"ဟာ . . . အဲဒီပိုက်ဆံနဲ့ မကျွေးပါဘူး၊ ငါ့ကိုယ်ပိုင်ပိုက်ဆံနဲ့ပဲ ကျွေးမှာပါ ခဏထိုင်ကြမယ်နော် ယမုံ"

ဆတ်ခနဲ ကြည့်လာသည့် ယမုံက ပြီးရောဟု ခပ်ပြတ်ပြတ်ဆိုလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့နှင့် ...

ဟာဒ်ပင်လေးများ မိုးအုပ်ယှက်သိုင်းနေသော အအေးဆိုင်လေးမှာ နှစ်ယောက်သား ထိုင်ဖြစ်ကြသည်။ တစ်ချက်တစ်ချက် တိုက်ခတ်လာသော လေပြည်ကလည်း သူတို့နှစ်ဦးကို မသိမသာ ပွတ်သပ်နေသလိုရှိ၏။

လင်းလွန်းက ယမုံ သောက်လေ့သောက်ထရှိသော သံပုရာရည်ကို ပဲ မှာပေးလိုက်သည်။ ဈေးနှုန်းကလည်း နည်းသည်လေ၊ သူကိုယ်တိုင်ကျ တော့ ၎က်ပျောသီးလက်ဖျော်ကိုပဲ မှာလိုက်၏။ ဒါမှ အားရှိမည်ကိုး။

အအေးပိုက်ဖြင့် ဖန်ခွက်ထဲမှ ရေခဲတုံးလေးတွေကို မွှေနေသော ယမုံကိုကြည့်ကာ လင်းလွန်းက ...

''မနက်က ငါ နင့်အိမ်ကို ရောက်သေးတယ်ဟ၊ ဒါပေမဲ့ နင်က ထွက်သွားပြီ''

''ဟဲ့ ... ငါက ခါတိုင်းအချိန်ပဲ သွားတာလေ၊ နင့်ဟာနင် နောက် ကျနေတာပဲဟာကို''

''ဟုတ်ပါတယ် ... ငါလည်း နင်တို့အိမ်မှာ နင့်အမေတစ်ယောက် တည်း ဆိုပြီး''

စကားကို ဖြတ်ထားလိုက်သဖြင့် ယမုံက ဆတ်ခနဲ ကြည့်လာပြီး ...

''မေမေတစ်ယောက်တည်းဆိုတော့ ဘာဖြစ်လဲ''

''ဩော် ... မထူးတော့ဘူးဆိုပြီး အိမ်ပေါ်တက် ရေတစ်ခွက် တောင်းသောက်ခဲ့တာပေါ့ဟ၊ အန်တီကတောင် ပြောသေးတယ် ... သားတို့ နှစ်ယောက် မယူကြသေးဘူးလားတဲ့''

ယမုံ့မျက်နှာက ရဲခနဲဖြစ်သွားသည်။ ပြီးမှ ဟန်လုပ်၍ ...





''ဘာလဲ ... သားတို့နှစ်ယောက်ဆိုတာ နင်နဲ့မောင်ဦးနဲ့ကို ပြော တာလား''

''အင်''

၎က်ပျောသီးဖျော်ရည်ပင်ဖြစ်လင့်ကစား လင်းလွန်း နင်သွားရ သည်။ စိတ်တိုဟန်လေးဖြင့် ယမုံကိုကြည့်လိုက်ကာ ...

''ယမုံရာ ... နင် လျှောက်ပြောမနေပါနဲ့၊ အန်တီပြောတာက နင်နဲ့ ငါနဲ့ကို ပြောတာဟ၊ ဒါပေမဲ့ ငါကတော့ နင် အဆူခံမထိအောင် ဖြေ လိုက်ပါတယ်''

''ပြောစမ်းပါဦး''

''ဩော် အန်တီရယ်လို့ ... ယူတာက အချိန်မရွေး ယူလို့ရပါတယ်၊ ဒါပေမဲ့ နင် လွတ်လွတ်လပ်လပ်နဲ့ သင်တန်းတွေတက်စေချင်သေးလို့ပါလို့ ဖြေလိုက်တာပေါ့''

ထိုစကားကြောင့် ယမုံက မျက်နှာလေးကို မဲ့လိုက်ပြီး ...

''အောင်မာ ... ငါက နင့်ကို ဘယ်တုန်းကများ ယူမယ်လို့ ပြောဖူး လို့လဲ''

လင်းလွန်းက မျက်နှာလေးကို အိုစာပြုလိုက်သည်။ ယမုံကတော့ သနားဟန် မရှိ။ ရှင်းသည်။ အားရစရာကောင်းလှပေသည်။

ဘာလုပ်ရမည်ကို အရင်စဉ်းစားလိုက်သည်။ မေ့ဆေးပဝါဖြင့် အုပ် ပြီး ကားတင်ပြေးမည်ဆိုသည့် ခွေးကျင့်ခွေးကြံမျိုး မဟုတ်ချေ။ စဉ်းစားရင်း စားပွဲပေါ်မှ သွားကြားထိုးတံထည့်ထားသော ဘူးလေးကိုကြည့်ကာ လင်းလွန်း စိတ်ကူးတစ်ခုရသွား၏။

လင်းလွန်းက ထိုဘူးထဲမှ သွားကြားထိုးတံ ဆယ့်ငါး (၁၅) ချောင်း

www.burmeseclassic.com

ထုတ်ယူလိုက်သည်။

ယမုံက ဒီကောင် ဘာလုပ်တာလဲဆိုသည့်အကြည့်ဖြင့် ...

"လင်းလွန်း ... နင် သွားကြားထိုးတံတွေ ခိုးသွားမလို့လား။ မလုပ်ပါနဲ့ဟာ ... မကောင်းပါဘူး"

လင်းလွန်း ခေါင်းတဖျင်းဖျင်း ကုတ်မိတော့သည်။ စိတ်ကိုလည်း အတင်းလျှော့ချလိုက်ရင်း ...

"နင်ကလည်းဟာ ... ငါ အခု ဒီသွားကြားထိုးတံ ဆယ့်ငါးချောင်းနဲ့ နင်နဲ့ငါရဲ့ အနေအထားကို ပြောပြမယ်"

"လုပ်လာပြန်ပြီဟာ"

စိတ်ညစ်သံလေးနှင့် ယမုံက ညည်းလိုက်သည်။ မလုပ်နဲ့ဟူ၍တော့ မပြော။ တစ်ခါ တစ်ခါ လင်းလွန်း ပေါက်ပေါက်ရှာရှာလုပ်ပြတတ်တာတွေကို သူမ သဘောကျသည်လေ။ ထိုသို့ဆို၍ လင်းလွန်း မဖွယ်မရာလုပ်ပြတာတွေကိုလားဟု မတွေးကြပါနှင့်။ ထူးထူးဆန်းဆန်းလုပ်တတ်တာလေးတွေကို ဖြစ်သည်။

ခုလည်း လင်းလွန်းက ...

"ခု နင်နဲ့ငါကြားမှာ ဒီလိုလေးရှိနေတယ်ပေါ့ဟာ"

ပြောရင်း သွားကြားထိုးတံလေးတွေကို နှစ်ယောက်ကြားက တအုံပေါ်မှာ စီချလိုက်သည်။





"အဲဒါက ဘာလဲ"

ယမုံက မေးလာသည်။ လင်းလွန်းက ... သွားကြားထိုးတံတွေသာ ဒါလေးတောင် မမြင်ရအောင် နင့်မျက်လုံးက ကန်းနေလို့လား ... ဟု မပြောပါ။ ထိုသို့ပြောလိုက်ပါက ယမုံ ပါးဆွဲရိုက်သွားမည်မှာ မလွဲ။



www.burmeseclassic.com

www.burmeseclassic.com



လင်းလွန်းက သွားကြားထိုးတံလေးတွေ အောက်ဘက်မှ ခဲဖြင့် မျဉ်းတစ်ကြောင်း ဆွဲလိုက်ပြီးမှ . . .


"အတန်းလိုက် ပေါင်းကြည့်ရင် ငါးနှစ်ရှစ်ရတယ်လေ၊ အဲဒါက နှင်နဲ့ငါကြားမှာ လောလောဆယ် ရှိနေတာပဲ"

သံယောဇဉ်ဟု ဆိုလိုလိုက်မှန်း ယမုံ သဘောပေါက်လိုက်သည်။

လင်းလွန်းက ဆက်၍ . . .

"ဒီဆယ့်ငါးချောင်းထဲက တစ်ချောင်းနှုတ်ပြီး ခုလို အနေအထားလေး ပြောင်းလိုက်မယ်ဟာ"

ပြောရင်း သွားကြားထိုးတံလေးတွေကို နေရာရွှေ့လိုက်၏။



ပြီး ပထမတစ်ခေါက်လိုပဲ အောက်ဘက်မှ ခဲဖြင့် မျဉ်းတားလိုက်ကာ . . .





"ဒီလို ပေါင်းကြည့်တော့ ယမုံရယ်"

စကားပင် မဆုံးလိုက်၊ ယမုံက မျက်ခုံးအစွန်းချီးလိုက်ပြီး . . .

"သိပါပြီ . . . တစ်ငါးသုညသုည ဖြစ်သွားတာပေါ့ . . . ဟုတ်လား"

လင်းလွန်းက အားတက်စွာ . . .

"ထောင့်ငါးရာလို့ ပြောလိုက်ပါ ယမုံရယ်၊ ခုနက သွားကြားထိုးတံလေး ဆယ့်ငါးချောင်းလိုပဲ နင်နဲ့ငါက ချစ်သူဖြစ်ဖို့ တစ်ခုပဲနှုတ်ပြီး အနေအထားပြောင်းလိုက်ရုံလေးပါ"

ယမုံကလည်း အမြင်ကတ်စွာ . . .

"ကဲ ဆိုစမ်းပါဦး . . . ဘာကိုနှုတ်ပြီး ဘယ်လိုအနေအထားပြောင်းမှာလဲ"

လင်းလွန်းက ပင့်သက်လျှိုင်လျှိုင်ရှိုက်၍ . . .

"ငါတို့နှစ်ယောက်ကြားက သူငယ်ချင်းဘဝကို နှုတ်ပြီး ချစ်သူတွေလို အနေအထားပြောင်းရအောင်လို့ ဆိုလိုတာပါ . . . နော် ယမုံ"

စကားအဆုံးမှာ ယမုံမျက်နှာလေးက ပြုံးရိပ်သန်းသွားသည်။ ပြီးမှ . . .

"ငါ တွေးမိတာကတော့ သူငယ်ချင်းဘဝကို နှုတ်ပြီး သူစိမ်းတွေလို နေလိုက်ကြရင် မကောင်းဘူးလား လင်းလွန်း"

ဒီတစ်ခါတော့ ဖီးလ်အပြည့်နှင့် တောက်လျှောက်ပြောလာသော လင်းလွန်းတင်းသွားရ၏။ ယမုံကိုလည်း ပေစောင်းစောင်းကြည့်လိုက်ပြီး . .

"တော်ပြီ ယမုံရာ . . . နင်ဟာလေ ငါ့စကားဆိုရင် ပျော်စေပျက်စေ အမြဲလုပ်တယ်၊ တကယ်တော့ နင်ဟာ ကိုယ့်ဘက်ပဲ ကိုယ်ယက်တတ်တဲ့ ဝတ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



လင်းလွန်း စိတ်တိုသွားမှန်း ယမုံသိလိုက်သည်။ ထို့ကြောင့် ခပ်လွှင်လွှင်လေးရယ်လျက် ...

"ဟဲ့ ... ကိုယ့်ဘက်ကိုယ်ယက်တာက ကြက်မဟုတ်ဘူးလား"

လင်းလွန်းက ရှုသိုးသိုးနှင့် ...


"ဝက်လည်း ယက်တာပဲ၊ ပြီးတော့ နင့်ကို ကြက်နဲ့မနှိုင်းချင်လို့"

"ဩော်"

ထိုစကားကိုတော့ (မိန်းကလေးပီပီ) ယမုံသဘောကျသွားရသည်။ စိတ်တိုနေသော လင်းလွန်းကိုလည်း ပြန်ချော့ချင်သောစိတ်ဖြင့် ...

"ငါက ဝက်ဆိုတော့ ဒီလိုလား"

ခုံပေါ်မှာရှိနေသေးသော သွားကြားထိုးတံလေးထဲမှ တချို့ကို ယူကာ ပုံလေးတစ်ပုံစီပြလိုက်ခြင်းဖြစ်သည်။



လင်းလွန်းက ထိုပုံလေးကိုကြည့်ကာ စိတ်အနည်းငယ် ပြေသွားပြီး ...


"အေး ... အဲလိုဆိုရင်လည်း နင် ငါ့ဘက်ကို ခုလို တစ်ချက်လောက်တော့ ငဲ့ကြည့်သင့်တာပေါ့ဟာ"

ပြောရင်းပင် ပထမပုံလေးထဲမှ သွားကြားထိုးတံလေးနှစ်ချောင်းကို






နေရာရွှေ့ပြလိုက်ပြန်၏။



ထိုပုံလေးကိုကြည့်ကာ ယမုံက ရယ်လိုက်ပြန်သည်။ လင်းလွန်းက အလာကြီးပဲ။ တစ်ဆက်တည်းပင် ဒင်းကို စလိုက်မည်ဟူသောအတွေးဖြင့်

"လှည့်တော့ကြည့်ချင်ပါတယ်ဟာ၊ ဒါပေမဲ့ နင့်ကိုလှည့်ကြည့်နေလို့ ရှေ့ကိုမမြင်ဘဲ ကားတိုက်ခံရရင် ငါ ခုလို ဖြစ်သွားမှာပေါ့"

ပြောပြောဆိုဆိုပင် သွားကြားထိုးတံလေးတွေကို နေရာပြန်ရွှေ့လိုက်လေသည်။



ထိုပုံကိုကြည့်ပြီးချိန်မှာတော့ လင်းလွန်း ဘာမှ ပြန်မပြောနိုင်ဘဲ ငြိမ်သက်မှတ်မေ့သွားလေတော့၏။ သက်ပြင်းကိုလည်း အလုံးအရင်းနှင့် ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ယမုံက လင်းလွန်းဘာပြောလာဦးမလဲဟု ပြုံးစစလေးနှင့် စောင့်နေခဲ့ အတန်ကြာသည်အထိ လင်းလွန်း ငိုင်နေသေးသည်။ ပြီးမှ လေးလေးနက်နက်သောအသွင်ဖြင့် . . .

"ယမုံ . . . နင့်ကို ငါ ချစ်တယ်၊ လက်ထပ်ချင်တယ်ဆိုတာ နင်သိတယ်နော်၊ ဒါကို နင်သိရဲ့သားနဲ့ ငါ့အပေါ် ဘာခံစားချက်မှမရှိသလို လုပ်နေတာလည်း ငါသိတယ်၊ မိဘတွေပေးစားလို့ လက်ထပ်လိုက်ရတာမျိုးတော့ ငါလည်းမဖြစ်ချင်ပါဘူးဟာ၊ ဒါပေမဲ့ နင့်ကိုငါချစ်တယ်ဆိုတဲ့စကား ထပ်မပြောတော့ဘူး"

ထိုစကားကြောင့် ယမုံ မျက်နှာလေး တည်သွားပြီး . . .

"ဒါဆို နင့်စကားကို ပြန်ရုပ်သိမ်းတယ်လို့ ဆိုလိုတာလား"

စိတ်ကလေး တထင့်ထင့်နှင့် ယမုံက မေးလိုက်ခြင်းဖြစ်သည်။ လင်းလွန်း ပြောလာသောစကားကြောင့် အနည်းငယ် အသက်ရှူချောင်သွားရ၏။

"ဘာလို့ ပြန်ရုပ်သိမ်းရမှာလဲ၊ ပြောပြီးသားမို့ ထပ်မပြောတော့ဘူးလို့ ပြောတာ"

"ဟင် . . . အဲဒါက အတူတူပဲ မဟုတ်ဘူးလား"

လင်းလွန်း ခပ်ဖြည်းဖြည်း ခေါင်းခါသည်။ ပြီးမှ ယမုံကို ရီဝေဝေကြည့်လျက် . . .

"မတူဘူးလေ . . . ငါ့စိတ်ကတော့ နင့်အပေါ်မှာ အရင်အတိုင်းပဲ ချစ်တယ်လို့တော့ ထပ်မပြောတော့ဘူး။ ပြီးတော့ နင့်ဘက်က ပြန်ပြောလာမယ့်အဖြေတစ်ခုကိုလည်း မျှော်လင့်ချက်ကြီးနဲ့လည်း ထိုင်စောင့်မနေတော့ဘူးလို့ ဆိုလိုတာ"





"သြော်"

လင်းလွန်းပုံစံက ဒီတစ်ခါ အလေးအနက်ပြောနေမှန်း သေချာသည်။ ကိုယ့်ဘက်ကပဲ ကြိုးရှည်ရှည်နှင့် လှန်ထားသလို ဖြစ်နေပြီလားဟု တွေးမိသည်။ သေချာတာတစ်ခုကတော့ လင်းလွန်းကို သူမ မမုန်းပါ။ ချစ်သလားဆိုတော့လည်း အို . . . ကိုယ့်ကိုယ်ကိုယ် ဝေခွဲမရ ဖြစ်နေမိသည်။

ထိုအချိန်မှာပဲ လင်းလွန်း၏စကားသံက တိုးတိုးဖွဖွ တည်တည်ငြိမ်ငြိမ် ထွက်လာပြန်သည်။

"လူဆိုတာ မျှော်လင့်ချက်နဲ့ အသက်ရှင်ရတာမှန်ပေမယ့် အရမ်းမျှော်လင့်နေရင် ကိုယ်ပဲ အရမ်းခံစားရတယ် ယမုံ . . . ပြီးတော့"

စကားကို ဖြတ်ထားသေးသည်။ ထပ်ပြောလာသည့် စကားအဆုံးမှာတွင် ယမုံခေတ္တမျှ ဆွံ့အငြိမ်သက်သွားလေ၏။

"ပြီးတော့ ည ည ငါအိပ်မပျော်တာ ကြာပြီယမုံ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

''ချီးယား(စ်)''

ဖန်ခွက်ချင်း ထိခတ်သံတွေက သူတို့စားပွဲဝိုင်းလေး၏ ငါးပေပတ် လောက်အတွင်း ထွက်ပေါ်လာသည်။ သုံးယောက်သား တိုင်ပင်စရာ ဘီယာ တစ်ယောက်တစ်ငုံစီ အရင်ငုံလိုက်ကြ၏။

ဘီယာခွက် ကိုယ်စီအချမှာ ဝင်းယုနိုင်က အရင်မေးလာသည်။

''လေလင်း . . . အနေအထားက ဘယ်လိုလဲကွ''

ကိုယ့်နာမည်တပ်ကာ မေးလာသည်မို့ လင်းလွန်းက အမြည်း တ်ကို တူနှင့်ညှပ်၍ စားလိုက်ရင်း . . .

''ကောင်းပါတယ်ကွ . . . အောဘီစီကတော့ ဒီလိုပဲ ခပ်ပျစ်ပျစ်လေး စုမှ မပါတာ''

ခုနစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ရုတ်တရက် ဝင်းယုနိုင် ဘာပြန်ပြောရမည်မှန်းမသိ ဖြစ်သွားရသည်။ ခေတ္တမျှ အမ်းနေပြီးမှ ...

"ငါ့လည်ချောင်းထဲမှကွာ ... မင်းကို ဘီယာအကြောင်း မေးနေတာ မဟုတ်ဘူးကွ"

"ဟေ ... ဒါဆိုရင် ဘာကိုမေးတာလဲ"

"ဒီကောင်ကွာ ... အူကြောင်ကြောင်နဲ့၊ မင်းနဲ့ယမုံတို့ရဲ့ အခြေအနေကို မေးတာလေ၊ ဒီနေ့ မင်းသွားတွေ့တာ ထူးရဲ့လားလို့"

ထိုအခါမှ လင်းလွန်းက ရယ်ကျဲကျဲနှင့် ...

"မပြောင်းလဲပါဘူးကွာ ... ယမုံက အရင်အတိုင်း အဖျံ့ပါပဲ"

"ဟာ ... ဒီကောင်တော့"

နှစ်ယောက်သား ထဆဲကြတော့သည်။ ထိုင်နေရာမှ ထကာ မုတ်ဆိတ်ပေါက်ကျိုက်၍ လက်သီးလက်မောင်းတန်းပြီး ဆဲခြင်းမျိုးတော့ မဟုတ်။ ရုတ်တရက် ပါးစပ်တွေ့မှ ဆဲဆိုလိုက်ကြခြင်း ဖြစ်၏။

လင်းလွန်းက နာဟန်မရှိဘဲ နှစ်ကောင်စလုံးကိုကြည့်ကာ အရင် ရယ်လိုက်သေးသည်။ ပြီးမှ မျက်နှာပိုးသတ်ရင်း ...

"မင်းတို့မေးတာကို ငါသိပါတယ်ကွာ၊ ယမုံနဲ့ငါ့ရဲ့ အခြေအနေက အရင်တော့ အရင်အတိုင်းပဲကွ၊ ဒါပေမဲ့ ဒီနေ့ ငါ့ဘက်ကတော့ သူ့စိတ်ထဲကို ပါးပါးလေးသပ်လျှိုခဲ့တယ်"

"ဟေ ... ဘယ်လို"

လင်းလွန်းက ယမုံနှင့်ပြောခဲ့သည့်စကားများကို အနီးစပ်ဆုံး ပြန်ပြောလိုက်သည်။ ပြီးမှ ...

"မင်းတို့လည်း ကြားဖူးမှာပေါ့ ... မိန်းမတွေဆိုတာ လိုက်ရင်





ပြေးတယ်၊ ငါတို့ရပ်နေရင် သူတို့လည်း ရပ်နေပြန်ရော၊ အဲ ... ငါတို့ လှည့်ပြန်မယ်လုပ်ရင်တော့ ထွက်ပေါက်ကို သူတို့ပဲ ပိတ်ထားတတ်ကြတာကွ"

"ဒီတော့ မင်းဆိုလိုချင်တာက ..."

"ရှင်းပါတယ် ... အခု ငါက ခဏရပ်နေလိုက်တာလေ"

ထိုစကားကြောင့် မောင်ဦးက တွေခနဲ စဉ်းစားလိုက်ပြီး ...

"ဒါဆိုရင် မင်းက လှည့်ပြန်ဖို့ အစီအစဉ်ရှိသေးတာပေါ့"

"ဟေ့အေး ... အဲဒီနည်းနဲ့ အနီးစပ်ဆုံးဆင်တဲ့နည်းလမ်းကို စဉ်းစားထားတယ်"

ခေါင်းခါရင်း ပြောလိုက်သောစကားအဆုံးမှာ ဝင်းယုနိုင်က သိချင်စောဖြင့် ...

"အဲ ... အဲဒီနည်းက ဘယ်လိုများလဲ ဟေ့ကောင်"

"မလောနဲ့လေ ... ငါ ကျင့်စဉ်တစ်ခု ကျင့်နေတယ်လို့ မင်းတို့ကို ပြောထားသားပဲ၊ နောက်တော့ သိရမှာပေါ့"

နှစ်ကောင်စလုံး စိတ်ပျက်လက်ပျက် ဖြစ်သွားကြသည်။ စိတ်မြန်သော မောင်ဦးက မျက်နှာကိုမဲ့၍ ...

"ဒါဆိုလည်း မမေးတော့ဘူးကွာ ... ဘီယာပဲချတော့မယ်"

ပြောရင်း ခွက်ကို ကောက်မ,လိုက်သဖြင့် လင်းလွန်းကပဲ ...

"မလောနဲ့လေ ... ဘီယာက ရေမဟုတ်ဘူးကွ၊ အလကားရတယ်ဆိုပြီး ကျွဲသောက်,နွားသောက် သောက်ဖို့ မစဉ်းစားနဲ့"

ခွက်ကိုမထားရင်း မောင်ဦး ဘာလုပ်ရမည်မှန်းမသိ ဖြစ်သွားရ၏။ ခုပေါ်ပဲ ပြန်ချလိုက်ရမလား၊ ဗိုက်ထဲပဲ လောင်းချလိုက်ရမလားဟု ... စိတ်



www.burmeseclassic.com

www.burmeseclassic.com

ထဲ၌ လွှန်ဆွဲသွားပုံရသည်။

ထိုပုံစံကိုကြည့်ကာ လင်းလွန်းက ဆရာကြီးလေသံဖြင့် ...

"ကဲ ... ဒီတစ်ခွက်တော့ ရှိစေတော့ မောင်ဦး၊ မင်း ဆန္ဒရှိရာကို လုပ်နိုင်တယ်"

စကားအဆုံးမှာပဲ မောင်ဦးက ချက်ချင်းခုံးဖြတ်၍ မော့ချလိုက်လေသည်။ ပြီး အော့ခနဲ လေချဉ်တက်လိုက်ရင်း ...

"မင်းနဲ့စကားပြောရတာ တစ်ခါတလေ ရှုးချင်တယ် လေင်းရာ"

"ဟုတ်တယ်ကွ ... အဲဒါကြောင့်လည်း ယမ်းက အရှုးကို လင်မလုပ်ချင်လို့ ငြင်းနေတာနေမှာပေါ့"

အကွက်ဝင်တုန်း ဝင်းယူနိုင်ကပါ ဝင်သမသည်။

လင်းလွန်းက ...

"စကားဆိုတာ ပြောချင်တိုင်းမပြောရဘူးကွ၊ ကာလ ဒေသ ဆိုတာ ရှိတယ်၊ အနေအထားရှိတယ်၊ နေရာတကာမှာ အမေနဲ့အဖြေ ဟာမိုနီ ကိုက်ချင်မှ ကိုက်မှာပေါ့"

"ဟုတ်ပါတယ် ဟုတ်ပါတယ်၊ အဲဒါကြောင့်လည်း မင်း မနက်က ကျော်ကို,ကို လှည့်ပတ်ပြောပြီး နာရီရောင်းလိုက်တာ မဟုတ်လား"

ခပ်ငေါ့ငေါ့ပြောလာသောစကားကြောင့် လင်းလွန်းက ခပ်စွေစွေ ကြည့်ကာ ...

"အဲဒီပိုက်ဆံနဲ့ပဲ မင်းတို့ ခု မျှိုဆို့နေတာလေ၊ ဒါပေမဲ့ မနက်က ကျော်ကို,ကို လှည့်ပတ်ပြီး ငါ နာရီညာရောင်းလိုက်တာ မဟုတ်ပါဘူး အဲဒီလိုပြောတဲ့နည်းကို စကားကြီးဆယ်ခွန်းထဲမှာ ခက်တင်မောင်းနှင်းနည်းလို့ ဆိုထားတယ်ကွ"





"ဘာ ... ဘယ်လို ဘယ်လို"

အူတူတူ ပြန်မေးလာသောကြောင့် လင်းလွန်းက ...

"ဒီလိုကွာ ... ခက်တင်မောင်းနှင်းနည်းဆိုတာက စကားကို မတင် မကျပြောတာလို့ ဆိုလိုတာ၊ မင်းတို့ကို ခက်တင်မောင်းနှင်းပြောနည်းရဲ့ ဥပမာလေးတစ်ခု ပြောပြမယ်"

"ဆိုစမ်းပါဦး"

မပြောခင် အာခြောက်မှာစိုးသဖြင့် လင်းလွန်းက ဘီယာတစ်ငုံ ငုံလိုက်သေးသည်။ နားထောင်မည့် နှစ်ကောင်ကတော့ နားခြောက်မှာစိုးလို့ဆိုပြီး ဘီယာရည်ကို နားခွက်ထဲ လောင်းမချကြချေ။ ဒီအတိုင်းပဲ နား ထောင်နေပါသည်။

ဘီယာသောက်ပြီးလတ္တံ့မှ လင်းလွန်းက ...

"ဒီလိုကွာ ... အင်းဝခေတ်တုန်းက လူဟာစ်ယောက်ကို ပြစ်မှုကျူး လွန်လို့ မင်းမှုထမ်းတွေက ဖမ်းပြီး ရိုက်မယ်နှက်မယ်လုပ်ကြရော၊ အဲဒီမှာ ရာဇဝတ်သားက သက်သာလိုသက်သာငြား အားကိုးရာတဲ့အနေနဲ့ ငါ့ကိုများ တခြားလူမှတ်နေလို့လား ... တောင်ဖီလာ ဆရာတော်ကြီးရဲ့တူကွလို့ ပြန် ပြောလိုက်တယ်၊ ဒီဘက်ခေတ်မှာဆိုရင် ငါ့ဦးလေးက အကောင်ကွလို့ ပြော လိုက်တာမျိုးပေါ့ကွာ ...၊

အဲ ... ခုနကဟာကို ဆက်ရရင် အဲဒီမှာ မင်းမှုထမ်းတွေလည်း ချွတ်ကျဲသွားတာပေါ့ကွာ၊ တောင်ဖီလာဆရာတော်ကြီးဆိုတာက ဘုရင် ကိုးကွယ်တာလေ၊ တော်ကြာ ဒီဘဲကို ရိုက်လိုက်လို့ ဆရာတော်ကြီးက ဘုရင့်ကို ပြန်ပြောလိုက်ရင် သူတို့ ဂွမ်းမှာပေါ့၊ ဒါပေမဲ့ အဲဒီလူပြောတာကို သည်း မင်းမှုထမ်းတွေက တစ်ထစ်ချ မယုံကြသေးဘူး"


www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်လေ ... ဖြစ်သင့်တာပေါ့၊ ဖောတာဆို ဘယ်လိုလုပ်မလဲ"

ဝင်းယုနိုင်က စကားဝင်ထောက်သည်။ မောင်ဦးကတော့ ဘာမှတ်ချက်မှမပေး။ လင်းလွန်းကပဲ ဆက်၍ ...

"အဲဒါနဲ့ကွာ မင်းမှုထမ်းတွေလည်း အဲဒီလူကိုခေါ်ပြီး တောင်ဇီလာကျောင်းတိုက်ကို သွား, ဆရာတော်ကြီးကို ပြပြီး လျှောက်ကြတာပေါ့၊ ဒီလူက ဆရာတော်ကြီးရဲ့တူလို့ ပြောနေပါတယ် ... ဟုတ်,မဟုတ် မိန့်တော်မူပါပေါ့ကွာ"

"အဲဒီတော့"

"ဆရာတော်ကြီးက တစ်ချက်ကြည့်လိုက်ရုံနဲ့ သူ့အမျိုးအဆွေထဲကမဟုတ်မှန်း သိလိုက်တယ်၊ ဒါပေမဲ့ အရိုက်ခံရမှာ ကြောက်နေတဲ့လူကိုလည်း ကြင်နာသနားစိတ်နဲ့ ဒုက္ခရောက်နေလို့ ငါ့အကာအကွယ်ယူလိုက်တာပါလားလို့ တွေးမိတယ်၊ ဘုန်းကြီးဆိုတော့လည်း မုသားစကားက မဆိုချင်ပြန်ဘူး။ ဒီတော့ ဝိနည်းလွတ်အောင် ခက်တင်မောင်းနင်းနည်းနဲ့ ပြန်မိန့်လိုက်တယ်ကွ"

"ဟင် ... ဘယ်လို မိန့်လိုက်တာလဲ"

"ရှင်းပါတယ် ... ဒီလူဟာ ငါ့တူမဟုတ်ဘူးလို့ ဘယ်သူက ပြောတာလဲတဲ့"

"ဟာ ... ဆရာတော်ကြီးကတော့ ပိုင်တယ်ကွာ"

ဝင်းယုနိုင်က အားရပါးရ ရင့်ကျူးလိုက်သည်။ မသိလျှင် တောင်ဇီလာဆရာတော်ကြီးကပဲ လက်ရှိ သူ့ကိုးကွယ်ဆည်းကပ်နေသော ဆရာတော်လိုလို။ မောင်ဦးက ဟုတ်သားပဲဆိုပြီး ခုမှ ဝင်ထောက်ခံလာသည်။





အမှန်တော့ ဒင်းမထောက်ခံလည်း အရေးမကြီးပါ။ လင်းလွန်းမှာကချပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ဘွဲ့လက်မှတ်၊ ပတ်စ်စပို့ဓာတ်ပုံ ...ပုံ ရှိပြီးသားဖြစ်သည်။ ကိုယ်ရေးအကျဉ်းလေး ရေးပြီးဖြည့်လိုက်ရုံသာ။ ...ရှာရတာလည်း ရှုပ်သည်။

တောင်တောင်အီအီ တွေးနေမိပြီးမှ လင်းလွန်းက ...

"အဲဒါပဲကွ ... စကားကြီးဆယ်ခွန်းဆိုတာ သူ့နေရာနဲ့ သူ့အခြေ...နေကြည့်ပြီး ပြောတတ်အောင် ဖွင့်ဆိုထားတာပဲ"

"နေစမ်းပါဦး ... အဲဒီ ဆယ်ခွန်းစလုံး မင်းသိလား လေ်င်း"

ချောင်ပိတ်လိုက်သော မောင်ဦး၏ မေးခွန်းဖြစ်သည်။ ဝင်းယုနိုင်...လည်း ဆတ်ခနဲ ကြည့်လာ၏။ ဘယ်လိုလဲပေါ့။ ရပါသည်။ လောလော...ယ် ဘီယာဆိုင်ထိုင်နေတာတောင် ပြတင်းပေါက်ကို ကျောပေးထား၍...ချောင်ပိတ်မိမနေသော လင်းလွန်းကလည်း အတိအကျ ဖြေလိုက်ပါသည်။

"မင်းတို့ တကယ်သိချင်, မှတ်သားချင်လို့လား"

"အေး ဆို"

"အင်း ... ဒီအတိုင်းပြောလိုက်ရင် မင်းတို့က ငါ့လောက် ဉာဏ်မ...ကောင်းတော့ မှတ်မိမှာမဟုတ်ဘူး။ ဝိတ်တာတစ်ယောက်ဆီမှာ စာရွက်နဲ့...ဘောပင် ခဏငှားလိုက်၊ ပြီးရင် ငါ ရွတ်ပေးမယ်"

ပြောသည့်ပုံစံကတော့ ရိုက်ပေါက်ဖြစ်သည်။ သို့သော်လည်း စ,မိ...ပြီမို့ မောင်ဦးလည်း အောင့်သီးအောင့်သက်ဖြင့် လင်းလွန်းအလိုကျ...ရတော့၏။

စာရွက်နှင့်ဘောပင် အသင့်ရောက်တော့မှ လင်းလွန်းက အေးနေ...သားနှင့် ရွတ်ဖတ်သရဇ္ဈာယ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သေသေချာချာ လိုက်မှတ်နော် . . .

၁။ ရေကူးညာတင် = စကားကို ဖိုဖိုထဲထဲပြောသည်။
၂။ ထောက်ပင်ရိုက်လိုး = ပြွတ်ပြွတ်သားသားပြောသည်။
၃။ ရေစီးဆောင်ဆန် = ဖွဲ့ဖွဲ့နွဲ့နွဲ့ပြောသည်။
၄။ အိုးတန်ဆန်ခပ် = တန်ရာတန်ရာပြောသည်။
၅။ ဆီပွတ်ကျဉ်ပွေ့ = ခထာခထာပြောသည်။
၆။ ဆင်ရေ့ရှန်ရှောင် = အဖြစ်ကင်းအောင်ပြင်းသည်။
၇။ ထောင်သူယာချတ် = ထစ်ထောစ်ထ တိုးရှံပြောသည်။
၈။ ကြက်ချတ်ခွပ်ပစ် = သူ့အလိုလိုက်ပြီးမှ လိုရာဆွဲပြောသည်။
၉။ ရေစစ်ထရား = ထွက်ပေါက်ဖိတ်ပြီး ပြောသည်။
၁၀။ ခက်ထင်မောင်းနင်း = မထင်မတျပြောသည်။

အဲဒါတွေပဲကွ . . . မင်းတို့လည်း မသေမချင်း မှတ်ထားကြ၊ ပြီးရင် လိုသလိုယူသုံး"

နှစ်ကောင်စလုံး တော်တော်လေးကို နင်သွားကြသည်။ လင်းလွန်းကိုမှ လျှော့တွက်လိုက်မိသည်ကိုး။

ဝင်းယုနိုင်က စကားကြီးဆယ်ခွန်းဟု ရေးထားသည့်စာရွက်ကို နောက်တစ်ခေါက် ဖတ်ရင်း . . .

"ဒီအတိုင်း အားလုံးကျွမ်းရင်တော့ နိုင်ငံရေးသမားလုပ်လို့ ကောင်းမယ်ကွ"

ထိုစကားကြောင့် လင်းလွန်းက သက်ပြင်းသဲ့သဲ့ချပြီး . . .

"မင်း ဝါသနာပါရင် ကိုယ်ကျိုးစွန့်နိုင်ရင်တော့ လုပ်ပေါ့ကွာ၊ ငါလည်း ဒီနေ့ ယမုံနဲ့ဆုံတော့ စကားကြီးဆယ်ခွန်းထဲက တချို့နည်းတွေ





သုံးပြီး ပြောတာပဲကွ"

"ဒါနဲ့ဟောင် ဘာဖြစ်လို့ အဆင်မပြေလာတာလဲ"

မောင်ဦးက ဆတ်ခနဲ မေးလာခြင်းဖြစ်သည်။ လင်းလွန်းကလည်း ပက်ခနဲ ပြန်ဖြေလိုက်၏။

"ဘာဖြစ်ရမှာလဲ . . . ယမုံကလည်း စကားကြီးဆယ်ခွန်းထဲက တချို့နည်းတွေကို ပြန်ယူသုံးသွားတာကိုးကွ"

"ဒါဆိုလည်း ခံပေါ့ကွာ"

"ခံပါတယ် . . . သန်းခေါင်ထက် ညဉ့်မနက်တော့ပါဘူးဆိုတာကိုလည်း သိတယ်"

"ဒါဆိုလည်း ပြီးရောကွာ"

"အေး . . . ပြီးပါတယ်"

"ဟာ . . . ဟောကောင် ဒါပဲ"

"အေး ဆို"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ညကိုးနာရီထိုးခါနီးမှ လင်းလွန်းတစ်ယောက် မှုးစပ်စပ်နှင့် အိမ်ပြန်ရောက်လာပါသည်။ အိမ်ထဲဝင်ဝင်ချင်း မိခင်ဒေါ်လွန်းမေက . . .

"သား . . . ထမင်းစားတော့မလား၊ မေမေပြင်လိုက်မယ်"

လင်းလွန်းက ခေါင်းပဲ အသာညိတ်ပြလိုက်သည်။ ပါးစပ်က ထုတ်ပြောလျှင် အနံ့ထွက်မှာစိုး၍ မပြောခြင်းမဟုတ်။ ခေတ်လူငယ်ပီပီ တစ်ခါတလေ ဘီယာသောက်တာလောက်ကိုတော့ မိဘနှစ်ပါးက ခွင့်ပြုထားပါသည်။ ခုလည်း ပါးစပ်ထဲမှာ ကွမ်းဝါးလာ၍ ခေါင်းညိတ်ပြလိုက်ခြင်းသာဖြစ်သေး။

အိမ်ထဲရောက်တော့ ဧည့်ခန်းထဲမှာ မိန့်မိန့်ကြီးထိုင်နေသည့် ဦးတင်လင်းကို တွေ့လိုက်ရ၏။ ဦးတင်လင်းဆိုသည်က တခြားမဟုတ်၊ လင်းလွန်း



www.burmeseclassic.com

www.burmeseclassic.com



နှင့်ဒီအန်အေ (DNA) ချင်းတူသော ဖိတာဖေဖေ မွေးသဖခင်ပင် ဖြစ်သည်။

ဦးတင်လင်းကလည်း သူနှင့် (DNA) ချင်းတူသော လင်းလွန်းကို ခပ်စွေစွေကြည့်ကာ . . .

"လင်းလွန်း ခဏလာဦး"

ညှိခန်းထဲ ဖြတ်အလျှောက်မှာ လင်းလွန်းခြေလှမ်းက တုံ့ခနဲ ဖြစ်သွားရ၏။ အဖေကိုတော့ မလာဘူးကွာဟု ခပ်မာမာ ဖြေလို့မဖြစ်ချေ။ ပြေးပေါက်မှားသွားလိမ့်မည်။

ထို့ကြောင့် ရီဝေဝေလေးနှင့် ပြန်ကြည့်လိုက်ပြီး . . .

"ကန်တော့ပါ ဖေဖေ . . . သား ဘီယာနည်းနည်းသောက်လာလို့"

အဖေ့ကို ချစ်ကြောက်ရိုသေကြောင်း ပြောလိုက်ခြင်းသာ ဖြစ်သည်။ သောက်လာလို့ စကားမပြောရဲဘူးပေါ့။

ထိုစကားကြောင့် ဦးတင်လင်းက မျက်မှောင်တစ်ချက်ကြုတ်လိုက်ကာ . . .

"သားအဖအချင်းချင်း ကန်တော့တာကို လက်ခံတယ်ကွ၊ လောလောဆယ် ငါလည်း ဘီယာသောက်ထားတယ်၊ ဒီတော့ လာဦး . . . ပြောစရာရှိလို့"

စကားအဆုံးမှာ လင်းလွန်းက . . .

"ဖေဖေက ဘယ်သူနဲ့ သောက်လာတာလဲ"

သားဖြစ်သူစကားကြောင့် ဦးတင်လင်း တစ်ချက်အမ်းသွားပြီး . . .

"စိုးအောင်နဲ့ပေါ့ကွ . . . ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး . . . ဖေဖေတို့က နှစ်ယောက်ဆုံတာနဲ့ သောက်ကြတာပဲနော်"

"ဘာကွ . . . ငါတို့ဟာငါတို့သောက်တာ မင်းကို သံတော်ဦးတင်နေရမှာလား၊ လျှာရှည်မနေနဲ့ . . . လာဦး"

"ဒါဆိုလည်း လာပြီ ဖေဖေ"

သားအဖချင်း ဆက်ဆံရေးကတော့ ထိုသို့ပုံ ဖြစ်သည်။ ပြီးတော့ ဦးစိုးအောင်ဆိုသည်ကလည်း တခြားလူမဟုတ်။ ယမုံနှင့် ဒီအန်အေ (DNA) ချင်းတူသော မေယမုံ့ဖူး၏ ဖိတာဖခင်သာ ဖြစ်သည်။ ထို့ကြောင့် ကိုယ့်အဖေနှင့် ယမုံ့အဖေတို့ ဘီယာသောက်ခြင်းကို လင်းလွန်းအနေဖြင့် ကန့်ကွက်စရာမရှိချေ။ ကိုယ်လည်း နောက် နောင်ဆိုလျှင် ယမုံနှင့်အတူ ဝိုင်သောက်လျှင် သောက်ဖြစ်နိုင်သည်ပဲ။

ထိုသောအတွေးနှင့် ဦးတင်လင်းအနီးမှာ လင်းလွန်း ဝင်ထိုင်လိုက်ရ၏။ သားအဖနှစ်ယောက်စလုံး ဘီယာသောက်ထားကြသဖြင့် . . . ဒေါ်လွန်းမှာ ထမင်းဝိုင်းမပြင်ဘဲ ဘီယာပါဆယ်ပင် ပြေးဝယ်ရတော့မလို ဖြစ်သွားသည်။ သို့သော် ဘယ်သူကမှ ထပ်သောက်မည်မပြောသဖြင့် ငြိမ်နေလိုက်သည်။ ထိုသို့ပြောရသည်ကလည်း ဒေါ်လွန်းမေဆိုတာက လင်ကို ဘုရား၊ သားကို သခင်ကဲ့သို့ နေထိုင်သော မိန်းမမျိုးကြောင့်ပင်တည်း။ (ကျကားတောချုပ်)

ခုလည်း မျက်နှာချင်းဆိုင်မိကြတော့ ဦးတင်လင်းက . . .

"ပြောစမ်းပါဦးကွ . . . မင်းနဲ့ သမီးယမုံ့ရဲ့အခြေအနေကို"

လူငယ်ချင်း အဆင်ပြေပြီလားဟု မေးလိုက်ခြင်းဖြစ်သည်။ လူကြီးချင်းသာ အဆင်ပြေနေသည်ကိုး။

လင်းလွန်းက . . .





ခုနစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုပါပဲ ဖေဖေရာ ... ယမုံက ဘယ်လိုဟာမလေးမှန်းလဲ မသိဘူး။ ဒါပေမဲ့ မကြာခင်မှာတော့ အဆင်ပြေတော့မယ်လို့ ထင်တာပဲ"

ဦးတင်လင်းက အမူးမပြေအောင် ခေါင်းကို ခပ်ဖွဖွကုတ်ရင်း ...

"မင်းတို့ဟာကလည်း လွယ်တာကို ခက်အောင်လုပ်နေကြတာကိုးကွ၊ ငါတို့လူကြီးတွေ ပေးစားတာ ယူလိုက်ရင် ပြီးတာပဲဟာကို"

စကားအဆုံးမှာ လင်းလွန်းကလည်း အမူးမပျောက်အောင် ခေါင်းခပ်ဖြည်းဖြည်းခါလျက် ...

"အဲဒီလိုကြီးတော့ မယူချင်ပါဘူး ဖေဖေရာ၊ သူ့ဘက်က သားကိုချစ်တယ်, လက်ထပ်ချင်တယ်လို့ ပြောမှ လက်ထပ်ချင်တာဗျ၊ မိဘတွေစီစဉ်လို့ လက်ခံလိုက်ရတာမျိုး မလိုချင်ပါဘူး"

"ရှုပ်နေတာပဲကွာ၊ ဒါဆိုလည်း မြန်မြန်အဆင်ပြေအောင် ကြိုးစားကွာ၊ ဒါနဲ့တောင် သောက်ရင်း စိုးအောင်က ပြောသေးတယ်"

"ဟင် ... အန်ကယ်က ဘာပြောလို့လဲ"

ကာရာအိုကေသွားဖို့ပေါ့ကွ ဟူ၍ ဦးတင်လင်းက မဖြေပါ။ သူပြန်ပြောလာသည်က ...

"ဘာပြောရမှာလဲကွ ... သူက သမီးရှင်ဆိုတော့ ခပ်ပါးပါးပဲပြောတာပေါ့၊ ဆိုလိုချင်တာကတော့ကွာ သူလည်း ငါ့လို မြေးချီချင်ပြီပေါ့ ဒါပဲ"

လင်းလွန်းက သက်ပြင်းခပ်လေးလေးချလိုက်ရင်း ...

"အဲဒီကိစ္စကတော့ ယူပြီးရင် တစ်နှစ်အတွင်း ဖြစ်နိုင်ပါတယ်"

"ဒါဆိုလည်း မြန်မြန်ယူဖြစ်အောင် လုပ်ကွာ ... ဒါပဲ"

နောက်ဆုံးတော့ စကားက ပထမဆုံးဘူတာဆီပဲ ပြန်ရောက်သွားကြသည်။ လင်းလွန်းက တစ်ခုတစ်ခုကို စဉ်းစားမိပုံနှင့် ...





"လုပ်နေပါတယ် ဖေဖေရဲ့ ... သား အခု ကျင့်စဉ်တစ်ခုလည်း ကျင့်နေတယ်လေ၊ မကြာခင်မှာတော့ အဆင်ပြေတော့မယ် ထင်တာပဲ"

ထိုစကားကြောင့် ဦးတင်လင်း တကယ်ပင် အမူးပြေချင်ချင်ဖြစ်သွားရ၏။ အမူးမပြေခင် ဒီကောင်နဲ့စကားဖြတ်မှပဲဟု တွေးလိုက်ကာ ...

"တော်တော် ဟော့ကောင် ... ပေါက်ကရတွေ ပြောမနေနဲ့၊ မင်းဟာမင်း လုပ်ချင်တာလုပ်၊ မင်းတို့မြန်မြန်ယူဖြစ်ရင် ပြီးရော"

"ဟုတ်ကဲ့ပါ ဖေဖေ ... သားကလည်း လူကြီးတွေရဲ့မျက်နှာကို အင်ကျင်ပိုင်သုတ်ဖို့ မစဉ်းစားထားပါဘူး"

ပြောပြီး လင်းလွန်း ထထွက်လာခဲ့၏။ ဦးတင်လင်းလည်း သားတော်မောင်ကို ကြည့်ကာ ငါ ဘယ်လိုကောင်မျိုးတစ်ကောင်ကို မွေးထားမိပါလိမ့်ဆိုသော အတွေးမျိုးနှင့် ကျန်နေခဲ့၏။

မရှေးမနှောင်းမှာဘဲ လင်းလွန်း၏အိပ်ခန်းတံခါးပိတ်သံကို ကြားလိုက်ရသည်။ ပြီး သိပ်မကြာလိုက် ... ထိုအခန်းဆီမှ စုံတွဲသီချင်းသံကသည်း လွင့်ပျံ့ထွက်လာလေ၏။

♫ မင်းကိုသတိရရင် ××× လျှောက်လည်ဖူးတဲ့ နေရာတွေကို ♫

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)



လင်းလွန်းတစ်ယောက် သူမကို သင်တန်းအကြိုအပို့ မလုပ်သည်မှာ ငါးရက်လောက်ရှိပြီ၊ ထိုကိစ္စကတော့ ယမုံအတွက် စိတ်အနှောင့်အယှက် ဖြစ်စရာ သိပ်မရှိ၊ ဒင်းစိတ်ကောက်လည်း ခဏပေါ့ဟု တွေးကာ ဖြေနိုင်သေးသည်။

သို့သော် ...

လင်းလွန်းနှင့်အတူ သင်တန်းမလာဖြစ်သော သုံးရက်မြောက်နေ့မှာ၌ စိတ်အနှောင့်အယှက် ဖြစ်စရာက ပေါ်လာရ၏။ တခြားတော့မဟုတ်။ တစ်ရပ်ကွက်တည်းမှာ နေထိုင်သော၊ သူမလည်း သိသော၊ လင်းလွန်းလည်း သိသော၊ ထို့ထက် တစ်ရပ်ကွက်လုံးလည်းသိသော ကျော်ကိုဆိုသည့်ကောင်က ယမုံအား စကားလိုက်ပြောခြင်းကြောင့် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



စကားလိုက်ပြောသည်ဆိုရာမှာလည်း နေကောင်းလား၊ စားပြီးပြီလား စသဖြင့် အာလာပသလ္လာပစကား ဆိုလာခြင်းမဟုတ်၊ အိမ်ထောင်သားမွေးမှု၏ အရင်းအမြစ်ဖြစ်သော ရည်းစားစကားကို ဆိုလာခြင်းဖြစ်လေသည်။

ပထမဆုံးသောနေ့မှာပင် ကျော်ကိုက ...

"ကိုယ် နှစ်ရက်လောက်စောင့်ကြည့်သေးတယ် ယမုံရဲ့"

"ဘာလဲ ... နိုင်ငံရေးအပြောင်းအလဲ ဖြစ်မလား၊ မဖြစ်လား ဆိုတာကိုလား၊ အဲဒါကတော့ သေချာပါတယ် ... ဖြစ်ကိုဖြစ်မှာလေ"

ကျော်ကို ကြောင်တက်တက်ဖြစ်သွားရသည်၊ တစ်ဆက်တည်းမှာပင် ခေါင်းရောဖင်ပါ မြှိုင်မြှိုင်ဆိုင်ဆိုင် ကုတ်လိုက်ရင်း ...

"ဟာဗျာ ... ယမုံကလည်း ဘာတွေပြောနေတာလဲ၊ ကိုယ်ဆိုလိုချင်တာက ကိုယ် ယမုံကိုစောင့်ကြည့်နေတာလို့ ပြောတာ"

ထိုစကားကြောင့် ယမုံ တွန့်ခနဲဖြစ်သွားရပြီး ...

"ရှင်နော် ကိုကျော်ကို ... ကျွန်မကို စောင့်ကြည့်နေတယ်ဆိုတော့ ဘာလုပ်မလို့လဲ"

"ဩော် ယမုံကလည်း ... ကိုယ်က ဘာလုပ်ရမှာလဲ၊ ယမုံဘေးနားမှာ ဟိုကောင် လင်းလွန်းမရှိတော့ဘူးဆိုတာ သေချာအောင်လို့ပေါ့"

ဩော် ... ဒင်းက ဗီလိုလားဟု ယမုံ ခပ်ချဉ်ချဉ်တွေးလိုက်မိသည်။ ထိုစဉ်မှာပဲ ကျော်ကို ဆက်ပြောလာသည်က ...

"အဲလိုဆိုတော့ ရှင်းပါတယ် ယမုံရယ်၊ ဒီနေ့ကစပြီး ကိုယ် ယမုံကို သင်တန်းအကြိုအပို့ လုပ်ပေးခွင့်ပြုပါလို့ ... နော်"

နောက်တစ်ဆင့်တက်လာပြန်ပြီဟု စိတ်ညစ်ညူးစွာ ယမုံ တွေးလိုက်မိ၏။ ထို့ကြောင့် ...





"ကဲ ကိုကျော်ကို ... ရှင် ဝေ့လည်ကြောင်ပတ်နဲ့ ကျွန်မကို ရည်းစားစကား ပြောတော့မှာမလား၊ အဲဒါဆိုရင်တော့ ကန်တော့ခွင့်ပါ ကိုကျော်ကို ... သွားပါတော့"

စကားအဆုံးမှာပဲ ကျော်ကိုက ရာဇာနေဝင်းပုံစံကို အတုခိုးကာ ရယ်လိုက်သေးသည်။ ဘယ်လိုမှ ကြည့်လို့မကောင်းချေ။ ပြီး ပြောလာသည်ကလည်း ...

"ဟင်း ဟင်း ... အဲဒါဆိုရင်တော့ ယမုံ တွက်ကိန်းမှားသွားပြီဗျ"

ယမုံ စိတ်ထဲ လှိုက်ခနဲ ဝမ်းသာသွားသည်။ သို့သော်လည်း ကျော်ကို ဆက်ပြောလာသောစကားကြောင့် ဝမ်းသာစိတ်က ကြက်ပျောက်ငှက်ပျောက် ဖြစ်သွားရ၏။

"ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က နောက်နေ့မှ ယမုံကို ရည်းစားစကားပြောမလို့လေ၊ ဟဲ ဟဲ ... ခုတော့ သွားပြီဗျ"

ထိုသို့ အကြောကြီးနှင့်ပြောကာ ကျော်ကို ထွက်သွားလေတော့၏။ ခံရခက်လိုက်လေခြင်း။

သို့သော်လည်း ကျော်ကိုက သူပြောခဲ့သည့်စကားအတိုင်းပင် နောက်နေ့မှစပြီး ရည်းစားစကားပြောကာ အတင်းလိုက်ကပ်နေတော့၏။ ထို့ကြောင့် ယမုံတစ်ယောက် အကြီးအကျယ် စိတ်အနှောင့်အယှက်ဖြစ်နေရခြင်းဖြစ်သည်။

ဒီနေ့လည်း ကျော်ကိုတစ်ယောက် စကားပြောရင်း ယမုံဘေးကထောက်တဲ့လို ကပ်ပါလာသည်။

ပြောရတာလည်း မကောင်းချေ။ တကယ့်တောက်တဲ့သာ ဒင်းသောက်အရွယ်အစားရှိပါက တန်ဖိုးက သေးမည်မဟုတ်။ ကျော်ကိုကတော့



www.burmeseclassic.com

www.burmeseclassic.com



ထိုမျှလောက် တန်ဖိုးမရှိသည့် ကျော်ကိုဖြစ်သည်။

"ယမုံရယ် ... ကိုယ့်မေတ္တာကိုတော့ အသိအမှတ်ပြုသင့်ပါတယ်ကွာ"

"မြရအောင် ရှင့်မေတ္တာက နိုင်ငံတကာအသိအမှတ်ပြု အိုင်အက်စ်အို (ISO) လက်မှတ်ရထားလို့လား"

"ဟာဗျာ"

ကျော်ကို နင်သွားရသည်။ ချက်ချင်းပင် ယမုံကို ခပ်စွေစွေကြည့်လျက် ...

"အဲဒီလိုတော့ မပြောနဲ့လေဗျာ၊ ကိုယ့်စိတ်ထဲမှာ ယမုံဆိုတာက အချိန်နဲ့အမျှ ရှိနေတာပါ"

စိတ်မသက်မသာစရာကြီးပါလားဟု ယမုံတွေးလိုက်မိသည်။ အချိန်တိုင်းသာ စိတ်ထဲမှာ ရှိနေလို့ကတော့ ဒင်း အိမ်သာတက်လျှင်ပင် ကိုယ့်ကို မြင်ယောင်ရင်း အီးညှစ်မည်လားမသိ။ တွေးရင်း အချိန်ဆိုသောစကားကြောင့် ယမုံ့ခေါင်းထဲ လက်ခနဲဖြစ်သွားရပြီး ကျော်ကို့လက်မှနာရီကို ကြည့်လိုက်မိသည်။

"ဩော် ... ဒါနဲ့ ကိုကျော်ကိုပတ်ထားတဲ့နာရီက အမိုက်စားပဲနော်"

ကျော်ကိုက လက်မှနာရီကို ဟန်ပါပါ မြှောက်ပြကာ ...

"ပတ်တဲ့လူကလည်း အမိုက်စားပါ ယမုံရဲ့၊ ပြီးတော့ ဒီနာရီလိုပဲ ကိုယ့်အချစ်တွေက အာမခံနိုင်ပါတယ်"

"ဟင် ... ဘယ်လို အာမခံနိုင်တာလဲ"

"ဒီလိုလေ ... ကိုယ့်ရဲ့ဒီနာရီက ရေစိမ်ခံနိုင်တယ်၊ ပြီးတော့ ကားကြိတ်တာလည်း ခံနိုင်တယ် ယမုံရဲ့၊ အဲဒီလိုမျိုး ကိုယ့်နှလုံးသားကလည်း"





စကားပင်မဆုံးလိုက်၊ ယမုံက ဖြတ်၍ ...

"ဟုတ်ရောဟုတ်လို့လား ကိုကျော်ကိုရယ် ... ရှင်ပြောတာ သိပ်များပိုနေလားလို့"

"အို ... ဘာဖြစ်လို့ ပိုရမှာလဲ၊ ယမုံ မယုံရင် လက်တွေ့စမ်းပြမယ်၊ အဲဒါဆို ကိုယ့်အချစ်ကို လက်ခံယုံကြည်ပေးမလား"

BURMESE CLASSIC .com

ယမုံက မျက်လေးတစ်ချက် ဝင့်လိုက်ရင်း ...

"ဒါကတော့ ရှင့်စမ်းသပ်ချက်ပေါ်မှာလည်း မူတည်သေးတယ်လေ ... ဟင်း ဟင်း"

ထိုအပြောလေးက ကျော်ကို့စိတ်ကို ဆွသလို ဖြစ်သွားရ၏။ ချက်ချင်းပင် သက်သေပြချင်စိတ်တွေ တဖွားဖွား ပေါ်ပေါက်လာတော့သည်။

ထိုအတွေးနှင့်အတူ လမ်းမထက်မှာ တဝီဝီပြေးလွှားနေသော ကားတွေကို လှမ်းကြည့်လိုက်၏။ ထိုကားတွေကြားမှ ပါပါရိန်းကျားလို ဖြတ်ပြေးပြဖို့တော့မဟုတ်ချေ။ သူ့နာရီ ကားကြိတ်ခံနိုင်ကြောင်း သက်သေပြရန်သာဖြစ်သည်။ ဒါမှလည်း ယမုံက သူ့အချစ်ကို ယုံမှာမဟုတ်လားဟု ပေါချာချာ ထပ်တွေးလိုက်မိသည်။

ချက်ချင်းပင် လက်မှာပတ်ထားသော လက်ပတ်နာရီကို ချွတ်လိုက်ကာ ...

"ကဲ ယမုံ ... ခု ကိုယ့်ရဲ့နာရီကို လမ်းမပေါ်မှာ ချထားလိုက်မယ်၊ ကား ဘယ်နှစီးပဲဖြတ်ကြိတ် ဖြတ်ကြိတ် ကိုယ့်နာရီက ကိုယ့်နှလုံးသားလိုပဲ ကြံ့ကြံ့ခိုင်ခိုင်တယ်ဆိုတာ ကြည့်လိုက်တော့"

လမ်းမဆီကို ခေါင်းကြွားကြွားလျှောက်သွားလိုက်ပြီး နာရီကို ချထားခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီး ယမုံရှိရာသို့ ပြန်လာ၍ . . .

"ကဲ ယမုံ . . . ခဏပဲ စောင့်ကြည့်လိုက်"

စောင့်ပါသည်။ ကြည့်ပါသည်။ သို့သော်လည်း လမ်းမထက်မှာ ပက်လက်ကလေး စံမြန်းနေသော အနီနာရီကို ဘယ်ကားကမှ ဝင်မကြိတ်သေး။

ကွန်တိန်နာကားကြီး . . .။ နာရီကိုမကြိတ်ဘဲ ပွတ်ကာသီကာ ဖြတ်ကျော်သွားသည်။ နောက်ထပ် ခရီးသည်တင်ဟွန်ဒိုင်းကားလည်း ကပ်သီးလေး လွတ်သွားပြန်၏။ နာရီလေးခမျာ အပျိုရည်ပင် မပျက်သေး။

ဟော . . . လာပြန်လေပြီ၊ ဒီတစ်ခါတော့ လှုပ်လီလှုပ်လဲ့ မောင်းလာသော အပြာရောင်လေးဘီးကား (B 600) တစ်စီးဖြစ်၏။ စိတ်အထင် ဒီတစ်စီးကတော့ နာရီကို တကယ်ပင် တက်ကြိတ်တော့မည် ထင်သည်။

ထင်သည့်အတိုင်းပင် လေးဘီးကားသည် ကျော်ကို၏နာရီအား သူမဟုတ်သလို ဖိခနဲ တက်ကြိတ်လိုက်လေသည်။

ကျော်ကိုကား အပြုံးပင် မပျက်ချေ။ သူ့နာရီအကြောင်း သူအသိဆုံးပဲ မဟုတ်လား။ ထိုအတွေးနှင့်အတူ လေးဘီးကား ဖြတ်ကျော်သွားတော့မှ ရင်ကော့ပြီး ပါးစပ်က တတွတ်တွတ်ပြောကာ နာရီလေးကို လှမ်းကြည့်လိုက်၏။

"ကဲ . . . ယမုံမြင်တဲ့ အတိုင်းပဲလေ၊ ကိုယ့်နာရီလေးကို ကြည့်ကြည့် . . . ဟင်"

ကျော်ကို ခေါင်းမွေးတွေ ထောင်တက်သွားရ၏။ တစ်စစီ ကျိုးပဲ့နေသော သူ့နာရီလေး၏အဖြစ်ဆိုးကို မျက်ဝါးထင်ထင်မြင်လိုက်ရ၍ ဖြစ်လေသည်။





ယမုံက . . .

"ကဲ ကိုကျော်ကို . . . ရှင့်နာရီနဲ့ ဥပမာပေးပြီး ရှင့်နှလုံးသားမှတ်ကျောက်တင်တာကို ကျွန်မ ရှုံးပြီးပြီနော်၊ ဒီတော့ နောက် ကျွန်မဆီကို ဘယ်တော့မှ မလာပါနဲ့တော့"

ပိုင်နိုင်စွာပြောပြီး ယမုံ လှည့်ထွက်လာခဲ့သည်။

ထိုအချိန် ကျော်ကိုမှာတော့ နာရီအကျိုးအပျက်ကလေးကို လမ်းမထက်မှ ကောက်ယူလိုက်ရင်း တောက်တစ်ချက် ပြင်းပြင်းခေါက်ချလိုက်၏။ စိတ်ထဲမှာလည်း မင်းနဲ့ငါ တွေ့ကြပြီပေါ့ လင်းလွန်းရာဟု ကမ္ဘာမကြေစွာ ကြုံးဝါးလိုက်လေသည်။

ထိုသို့ဖြင့် . . .။

■



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့ညနေမှာပင် အားလုံးမျှော်လင့်မထားသော အဖြစ်အပျက်တစ်ခုက အမှန်တကယ် ဖြစ်ပွားခဲ့ပါသည်။ တခြားတော့ မဟုတ် . . . ကျော်ကိုသည် ဘီလီယက်ဝိုင်းသို့ တိဘ်တဆိတ် ချဉ်းနင်းဝင်ရောက်လာကာ ဘီလီယက်ထိုးနေသော လင်းလွန်းအား နှစ်–တစ်လက်မ တုတ်ဖြင့် နောက်မှဝင်ရိုက်သွားခြင်း ဖြစ်လေသည်။ ကျူ တံကြီးမ,ကာ ဘီလီယက်ထိုးရန်ပဲ အာရုံရောက်နေသော လင်းလွန်းတစ်ယောက် လုလုပပပင် အရိုက်ခံလိုက်ရ၏။ ဇာတ်လမ်းက ခုမှ စသည်ဟု ဆိုနိုင်သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"တော်သေးတာပေါ့ လင်းလွန်းရယ် . . . မသေကောင်း မပျောက်ကောင်းဟာ"

ခေါင်းမှာ ပတ်တီးအဖွေးသားနှင့် အလှကြီးလှနေသော လင်းလွန်းကိုကြည့်ကာ ယမုံက ပြောလိုက်ခြင်းဖြစ်၏။ လင်းလွန်းက အိမ်အထိ စိတ်ပူစွာ သတင်းလာမေးသော ယမုံကို ခပ်ယဲ့ယဲ့လေးပဲ ပြန်ပြုံးပြလိုက်နိုင်သည်။ အားရပါးရပြုံးလျှင် အကြောနှင့်မလွတ်သောဒဏ်ရာက နာသည်လေ။

စကားအဆုံးမှာ ဘေးမှာရှိနေသော မောင်ဦးက ယမုံကို စောင်းငမ်းငမ်းကြည့်လျက် . . .

"နင်က ကျော်ကိုကို အရက်ခွဲသလို လုပ်လိုက်တာကိုး။ ဟိုကောင်က ရှက်တင်းပြီး ဒီကောင့်ကို လာသမသွားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ် ... ငါ့အပြစ်လည်း မကင်းပါဘူး"

ယမုံက တကယ့်စိတ်ရင်းနှင့် စိတ်မကောင်းသလို ပြန်ပြောလိုက်သည်။ အခုချိန်ထိ အမှတ်မရှိသေးသော လင်းလွန်းက ...

"မင်းတို့ကလည်း ... ယမုံကို အပြစ်မတင်ပါနဲ့ကွာ၊ ကျော်ကို့ကို စ,ကျုပ်ခဲ့တာက ငါပါ၊ သူပြန်လုပ်တာကိုတော့ ခံနိုင်ရမယ်လေ"

"အေး ... ခံပေါ့ကွာ၊ အဲဒါ မင်းပြောခဲ့တဲ့စကားကြီးဆယ်ခွန်းရဲ့ အကျိုးဆက်တွေပေါ့"

ဝင်းယုနိုင်ကပါ ကရုဏာဒေါသောနှင့် ဝင်ပြောလာသည်။

ယမုံက ...

"ငါလည်း ငါ့အနားက အဲဒီကောင်ထွက်သွားစေချင်တာနဲ့ လုပ်လိုက်မိတာပါ"

"အဲဒါကြောင့် ခုလိုခံရတာကိုပဲ ကျေနပ်တယ်လို့ ငါပြောနေတာပေါ့"

လင်းလွန်းစကားကြောင့် ယမုံ မျက်ရည်ဝဲမတတ် ဖြစ်သွားရ၏။ တစ်ဆက်တည်း သတိရဟန်လေးဖြင့် ...

"ဒါနဲ့ နင် အဲဒီကောင်ကို အမှုတွေ,ဘာတွေ ဖွင့်မှာလား"

"ဟော့အေး ... ဖေါ်ခါင်းကွဲသွားတယ်ဆိုပေမယ့် လေးချက်ပဲ ချုပ်ရတာပါဟာ၊ အမှုဖွင့်ရအောင် ဖြစ်ခဲ့တဲ့ကိစ္စမှာ ငါ့ဘက်ကလည်း အပြစ်မကင်းဘူးလေ၊ ပြီးတော့ ငါလည်း ဆေးရုံတွေ,ဘာတွေ တက်လိုက်ရတာမှ မဟုတ်တာ"

"ဘာပဲပြောပြော နင့်ကို ခုလိုမြင်ရတာတော့ ငါ စိတ်မကောင်းဘူး လင်းလွန်း"





အဲဒါဆိုရင် ငါ့ကို ပြန်ချစ်လိုက်ပါတော့လားဟု လင်းလွန်းက မပြောချေ။ ယမုံဘက်က လင်းလွန်း ထိုသို့ပြောလာစေချင်လား ဆိုတော့လည်း မဟုတ်သေး။ ဒီအတိုင်းပဲ တစ်ယောက်နှင့်တစ်ယောက် ကြည့်နေမိကြခြင်း ဖြစ်သည်။

ထိုအချိန်မှာပဲ လင်းလွန်း၏အခန်းထဲသို့ ဝင်လာသော ဦးတင်လင်းက အခြေအနေကို မသိမသာ အကဲခတ်လိုက်၏။ စိတ်ထဲမှာလည်း သားဖြစ်သူကိုယ်စား သူငယ်ချင်း မပီသသော မောင်ဦးနှင့် ဝင်းယုနိုင်တို့ကို လူကြီးပီပီ စိတ်ထဲက ကျိန်ဆဲလိုက်သည်။ မအေပေးလေးတွေ ဒီလောက်တောင် အလိုက်မသိဘူးလား ... ဆိုသည့်အတွေးနှင့် ဖြစ်၏။

တစ်ဆက်တည်း မောင်ဦးတို့ကိုကြည့်ကာ ...

"ဟော့ ... မောင်ဦးနဲ့ ဝင်းယုနိုင်"

"ဗျာ ... အန်ကယ်"

"အန်ကယ် လုပ်မနေနဲ့၊ ပြဿနာဖြစ်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး မင်းတို့ကို မေးစရာရှိလို့ အပြင်ခဏထွက်ခဲ့ဦး"

မောင်ဦးက အူတူတူပုံစံဖြင့် ...

"ဟင် ... အဖြစ်အပျက်အားလုံးကို ခုနကပဲ အန်ကယ့်ကို ကျွန်တော် ပြောပြထားပြီးပြီလေ၊ ဘာများ ထပ် ထပ်သိချင် ..."

မောင်ဦးစကားက ရပ်သွားရ၏။ ဦးတင်လင်းက ဖခင်ကောင်းပီသစွာ လင်းလွန်းနှင့် ယမုံတို့ကို ငဲ့ကြည့်၍ မောင်ဦးအား အချက်ပြလိုက်သောကြောင့်ဖြစ်သည်။

ထိုအခါမှ မောင်ဦးလည်း သဘောပေါက်သွားရပြီး ...

"ဟုတ် ဟုတ်ကဲ့ပါ အန်ကယ်၊ ဟော့ကောင် ... မင်းလည်း လာဦး



www.burmeseclassic.com

www.burmeseclassic.com

ပြဿနာဖြစ်နေတဲ့အချိန်က မင်းလည်းရှိနေတာပဲ''

ထိုင်နေရာမှ ထရပ်ရင်း မောင်ဦးက ဝင်းယုနိုင်ကိုပါ ဆွဲခေါ်လိုက်သဖြင့် အခန်းထဲမှာ သူမတို့နှစ်ယောက်မှလွဲပြီး ဘယ်သူမှမရှိမှ ယမုံလည်း နှိုးတိုးရှုန်းတန်း ဖြစ်သွားရသည်။

လင်းလွန်းက ယမုံကိုကြည့်လိုက်ရင်း . . .

''ယမုံ . . . နင် ဘာမှမကြောက်နဲ့ . . . သိလား၊ နှစ်ယောက်တည်း ရှိနေပေမယ့် နင့်ကို ငါ ဘာမှမလုပ်နိုင်ပါဘူးဟာ''

''လုပ်ကြည့်ပါလား . . . နောက် လေးချက်လောက် ထပ်ချုပ်လိုက်ရမှာပေါ့''

မျက်စောင်းလေးထိုးရင်း ယမုံက စွာတာတာဟန်လေးဖြင့် ပြန်ပြောလာသည်။

လင်းလွန်းက . . .

''အင်း . . . နင်ထပ်ရိုက်လို့ နောက်လေးချက်ဆိုရင် အားလုံးပေါင်း ရှစ်ချက်ပေါ့၊ ရှစ်ဆိုတော့''

စကားကိုဖြတ်ထားရင်း ယမုံကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်သည်။ ရှစ်ဆိုတော့ နင် ငါ့ကို ချစ်တယ်မဟုတ်လားဟု ပြောလာလေမလားဟု တွေးကာ ယမုံ ရှက်သွေးဖြာသွားရသေး၏။

သို့သော် လင်းလွန်းပြောလာသည်က . . .

''ရှစ်ဆိုတော့ ဟိုလေ ငါ ခေါင်းကအနာကျက်သွားရင် နင့်ကို အရင်လိုပဲ သင်တန်းအကြိုအပို့ လုပ်ပေးမယ်နော်''

''အင်းပါ''

ယမုံ ခေါင်းလေးညိတ်ရင်း ပြန်ပြောလိုက်ရသည်။

ခုနစ်ဝဥ္စကြယ်စာပေ



လင်းလွန်းကပဲ . . .

''ပြီးတော့ ငါ နင် စိတ်အနှောင့်အယှက်ဖြစ်စေမယ့် စကားမျိုး ထပ်မပြောတော့ဘူး''

''ရပါတယ်''

''ဒါပေမဲ့ နင့်ကိုငါ ပြောပြစရာတစ်ခုတော့ ရှိသေးတယ်ဟ''

'''ဟင် . . . ဘာများလဲ''

ယမုံ ရင်ပြန်ဖိုသွားရသည်။ လင်းလွန်းက သူမထံမှာ အဖြေတောင်းတော့မည်လား၊ ဒါဆိုရင်တော့ . . . အို . . .။

အတွေးက မဆုံးလိုက်ချေ၊ လင်းလွန်းက သက်ပြင်းကို လေးလေးပင်ပင် ချလိုက်ရင်း . . .

''နင့်ကိုငါ တစ်ခါပြောဖူးတယ်နော် ယမုံ . . . ည ည အိပ်မပျော်တာ ကြာပြီလို့လေ''

ယမုံက ခေါင်းညိတ်လိုက်ပြီး . . .

''အင်း . . . ငါမှတ်မိတယ်''

''အဲဒါက်တော့ တစ်ကဏ္ဍပါ၊ ဒါပေမဲ့ ငါ အရိုက်ခံရပြီး နောက်နေ့တွေမှာလည်း ညဘက်တွေမှာ အိပ်မပျော်ပြန်ဘူးဟ၊ ပြီးတော့ ပိုဆိုးလာတာက ငါတစ်ယောက်တည်း ရှိနေတဲ့အချိန်ဆိုရင် စကားသံတွေ ကြားလာရတယ်''

''ဟင် . . . ဘယ်လို ဘယ်လို''

''ဟုတ်တယ် ယမုံ . . . ငါ့ကို တစ်ယောက်ယောက်က စကားလာပြောနေတဲ့ပုံစံမျိုးဟ''

''ဘာ . . . ဘာတွေကြားရလို့လဲ''

ခုနစ်ဝဥ္စကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ယမုံက တကယ်စိတ်ပူစွာ မေးလိုက်မိသည်။ လင်းလွန်းက မျက်စိကို ခဏ စုံမှိတ်လိုက်ပြီးမှ ပြန်ဖွင့်ကာ ...

"ပထမတော့ ငါလည်း အဆက်အစပ်မရှိဘူးဟ၊ တဖြည်းဖြည်းနဲ့မှ သဘောပေါက်လာတာ၊ ငါ့ကိုပြောနေတဲ့စကားသံက ဘဝဟောင်းက လူ အနေနဲ့ ပြောနေတာ၊ ပြောတဲ့အဓိပ္ပာယ်က ငါ အသက်နှစ်ဆယ့်ငါးနှစ် ပြည့်တော့မှာမို့ သိုက်ကိုပြန်လာပြီး သူနဲ့လက်ထပ်ဖို့ လာလာပြောနေတာ ဟ"

"ဟင် ... ဒါဆို အ အဲဒီ အသံပိုင်ရှင်က"

"ဟုတ်တယ် ယမုံ ... ငါ ကြားကြားနေရတာ မိန်းမတစ်ယောက်ရဲ့စကားသံပဲ"

"ဟင်"

■



## အခန်း (၉)

ယမုံ ပြန်ပြောပြသည့်စကားအဆုံးမှာတော့ အားလုံးပဲ ခေါင်းပေါ် မိုးတက်ရှိခံလိုက်ရသလို ခံစားသွားရသည်။

လင်းလွန်း အိပ်ခန်းထဲကထွက်လာပြီး ညှိခန်းအရောက်မှာ ဦးတင်လင်း၊ ဒေါ်လွန်းမေ အပါအဝင် မောင်ဦးတို့ကိုပါ ပြောပြလိုက်ခြင်း ဖြစ်သည်။

အားဆေးရိုးသားသော လင်းလွန်းအမေ ဒေါ်လွန်းမေက အရင် စိတ်ပူစွာ ...

"ဒုက္ခပါပဲသမီးရယ် ... အဲဒီလိုဆိုရင် ဘယ်လိုလုပ်ကြမလဲ"

စကားအဆုံးမှာ ဦးတင်လင်းက လက်ကာပြရင်း ...

"ခဏလေးနေပါဦး မေကြီးရယ် ... သမီးပြောတာ အမှန်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



တော့ စဉ်းစားစရာလေးတွေရှိတယ်''

ထိုစကားကြောင့် ယမုံ အောင့်သက်သက်ဖြစ်သွားရပြီး . . .

''အာ . . . အန်ကယ်ကလည်း သမီးက လူကြီးတွေစိတ်ပူအောင် လိုဆယ်ပြီး ပြောပါ့မလား''

''ဟုတ်ပါတယ် . . . သမီးပြောတာ မမှန်ဘူးလို့ ဆိုလိုတာ မဟုတ်ပါဘူး။ ဟိုကောင့်ကို တွေးနေတာပါ၊ ဒီကောင် ဒဏ်ရာအရှိန်နဲ့ ကယောင်ကတမ်းများ လျှောက်ပြောနေလားလို့''

''အင်း . . . အဲဒါတော့ ဖြစ်နိုင်တယ်အန်ကယ်ရ၊ ဒါပေမဲ့ ဒီအကြောင်းတွေကို စဖြစ်တုန်းကပဲ မပြောဘဲ ခုမှဘာဖြစ်လို့ ယမုံ့ကို ပြောတာလဲ''

မောင်ဦးအမေးကြောင့် ဦးတင်လင်းက . . .

''အဲဒါကတော့ကွာ . . . အားလုံးထဲမှာမှ သမီးကို သူ အယုံကြည်ရဆုံးသူမို့ ပြောတာဖြစ်နိုင်တာပဲ''

''အိုရှင် . . . ဘာပဲဖြစ်ဖြစ်ပါ၊ သားလေး အသက်အစိတ်ပြည့်ဖို့က တစ်လကျော်လောက်ပဲ လိုတော့တာနော်၊ ဖေကြီးရယ် . . . အဲဒီ သိုက်တွေ ဘာတွေဆိုတာက မယုံလို့မဖြစ်ဘူးနော်၊ တော်ကြာ တစ်ခုခုဖြစ်သွားမှဖြင့်''

အရေးထဲ ဒေါ်လွန်းမေက မျက်ရည်ကလေးတစမ်းစမ်းဖြင့် ဝင်ပြောလာသည်။

ဦးတင်လင်းက မျက်မှောင်ကြုတ်၍ . . .

''ခဏလေး၊ အားလုံးကိုပဲ မေးမယ် . . . လင်းလွန်း အရိုက်မခံရခင် ရက်ပိုင်းတွေမှာကော သူနဲ့ပတ်သက်ပြီး ထူးခြားတာမျိုး တွေ့ကြမိလား''

ယမုံက အရင် . . .





''အဲဒီလိုကြီးတော့ မတွေ့မိပါဘူး။ တစ်ခုတော့ရှိတယ် . . . လင်းလွန်းက သူ ည ည အိပ်မပျော်တာကြာပြီလို့တော့ ပြောတယ်၊ ဒါပေမဲ့ အဲဒါကလေ . . .''

ပါးစပ်က မရဲသဖြင့် ယမုံ ခဏစကားရပ်သွားရသည်။ မောင်ဦးက ယမုံကိုကြည့်ကာ . . .

''ခဏလေး ယမုံ . . . နင်ပြောချင်တာက သူအိပ်မပျော်တာဟာ နင်နဲ့သူနဲ့ ကိစ္စအဆင်မပြေသေးလို့ ဒီကောင် လျှောက်ပြောခဲ့တာလို့ ထင်နေတာမဟုတ်လား''

ယမုံ ဘာမှပြန်မပြောဘဲ ငြိမ်နေခြင်းဖြင့် ဝန်ခံလိုက်သည်။

မောင်ဦးကပဲ . . .

''အဲဒါလည်း မှန်သင့်သလောက် မမှန်ဘူးဟ၊ ဒီကောင် နောက်သလိုလို၊ အတည်လိုလိုနဲ့ ငါတို့ကို ပြောဖူးတာရှိသေးတယ်''

''ဟင် . . . ဘာများလဲ''

ဦးတင်လင်းက ဖြတ်မေးလိုက်ခြင်းဖြစ်သည်။

''အဲ . . . အဲဒါကတော့ သူ အဲဒီရက်ပိုင်းမှာ ယမုံ့အချစ်ကို ရဖို့အတွက် ကျင့်စဉ်တစ်ခု ကျင့်နေတယ်ဆိုတာပဲ၊ အောင်မြင်တော့မယ်လို့လည်း ပြောတယ်''

''ဟုတ်တယ် အန်ကယ်ရ . . . ဘာကျင့်စဉ်လဲလို့ မေးတော့လည်း ဒီကောင်က မပြောဘူး။ ကျွန်တော်တို့လည်း အန်ကယ့်သားက ပေါက်ကရများ အမြဲပြောတတ်တဲ့ကောင်ဆိုတော့ ထပ်မမေးတော့ဘူးလေ''

ထိုစကားကိုတော့ ဦးတင်လင်း နင်သွားရသည်။ လင်းလွန်းက အမြဲ ပေါက်ကရပဲ ပြောတတ်သည့်ကောင်ဆိုလျှင် ဒင်းကိုမွေးထားသော



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က ဘာဖြစ်သွားမည်နည်း။ ပေါက်ကရဖခင်ကြီးပေါ့ ဟူ၍ ကိုယ့်မေး ခွန်းကိုယ် အောင့်သီးအောင့်သက်နှင့် စိတ်ထဲက ဖြေလိုက်မိသည်။

တစ်ဆက်တည်း တစ်စုံတစ်ခုကိုလည်း စဉ်းစားမိလိုက်သဖြင့် နား ထင်နှစ်ဖက်အား လက်မနှင့်လက်ညှိုး တစ်ဖက်တစ်ချက်စီဖြင့်ညှစ်ကာ ...

"အင်း ... အန်ကယ်စဉ်းစားမိတာတစ်ခုတော့ရှိတယ်"

"ဒါဆိုလည်း မြန်မြန်ပြောဗျာ"

"ဘာကွ"

"ဟာ ... ဆောရီး ဆောရီး အန်ကယ်၊ ကျွန်တော် စိတ်လော သွားလို့"

ဦးတင်လင်းက မောင်ဦးကို မကြည့်သလိုကြည့်လိုက်သည်။ ခုန ကမဲ့ သားတော်မောင်ကို နှိပ်ကွပ်ခဲ့ပြီး ခုလည်း ဖအေကို ပမာမခန့် လာ ပြောပြန်သည် မဟုတ်ပါလား။

မောင်ဦး ပါးစပ်ပိတ်သွားတော့မှ ဦးတင်လင်းက ...

"ဒီလိုကွ ... ဟိုးအရင် တစ်ပတ်တုန်းက တစ်ည ဒီကောင်လည်း ဘီယာသောက်လာတယ်၊ ငါလည်း ဘီယာချထားတယ်ကွ"

ဒါဆို သားအဖနှစ်ယောက် အိမ်မှာထပ်ဆော်ဖြစ်ကြသေးလား ... မောင်ဦးစိတ်ထဲက ခပ်ချဉ်ချဉ် တွေးလိုက်မိသည်။

ဦးတင်လင်းက သူ့စကားသူ ဆက်လိုက်၏။

"အဲ ... ငါသောက်တယ်ဆိုတာကလည်း တစ်ခါတလေ သမီး တို့အမေ စိုးအောင်နဲ့ ဆုံမှပါ"

ယမုံက ဆွဲထည့်ပြန်ပြီဟု တွေးလိုက်၏။ ဦးတင်လင်းက ...

"အဲဒီညက လင်းလွန်းနဲ့ငါ စကားပြောဖြစ်ကြသေးတယ်ကွ၊ လူကြီး





တွေရဲ့ဆန္ဒအတိုင်း သမီးနဲ့ မြန်မြန်ယူဖို့ တိုက်တွန်းတာပေါ့ကွာ၊ ဒီကောင် ကလည်း သမီးရဲ့မေတ္တာကို မရသေးလို့ မယူနိုင်သေးဘူးတဲ့၊ အဲ ... ထားပါ တော့၊ အဲဒီတုန်းကလည်း ဒီကောင်က မင်းတို့ပြောသလို ပြောတယ်ကွ၊ သမီးရဲ့မေတ္တာကို ရဖို့အတွက် ကျင့်စဉ်တစ်ခု ကျင့်နေတယ်ဆိုတာကိုလေ"

"ဒါဆိုရင်တော့ သေချာပြီ အန်ကယ်၊ အန်ကယ့်သား မနိုင်တဲ့ ကျင့်စဉ်တွေကျင့်ပြီး ဂေါက်သွားတာပဲဖြစ်မယ်"

ဖြတ်ပြောလိုက်သော မောင်ဦးစကားကြောင့် ဦးတင်လင်းက ရှုတင်း တင်းဟန်ဖြင့် ...

"ဟာ ဟေ့ကောင် ... အဲဒီလောက်ကြီးတော့ မဖြစ်နိုင်ပါဘူးကွ"

"စဉ်းစားကြည့်ပါဦး အန်ကယ်ရယ် ... အန်ကယ်တို့မျိုးရိုးထဲမှာ ရော ခုလို ဂေါက်တာမျိုးတွေ ရှိခဲ့လားလို့"

"မရှိဘူး"

ဦးတင်လင်း ခပ်ပြတ်ပြတ်ပဲ ပြန်ပြောလိုက်သည်။ မောင်ဦးဆိုသည့် ဒီလဒလေးသည် အားမနာပြောတာတော့ များလာလေပြီ။

ထို့ကြောင့် အထင်သေးသောအကြည့်ဖြင့် ...

"ပြဿနာတစ်ခုကို မင်းလို ညာဏ်တိမ်တိမ်လေးနဲ့ ပြီးပြီးရော စဉ်းစားရဘူးကွ"

"ဟုတ်သားပဲ မောင်ဦးရာ ... ဒါနဲ့ အန်ကယ်ရော လင်းလွန်းနဲ့ ပတ်သက်ပြီး ထူးခြားတာ ဘာမြင်သေးလဲ"

ဦးတင်လင်းက မျက်မှောင်ကြုတ်၍ ...

"သိပ်တော့လည်း မရှိပါဘူးကွာ၊ ထူးခြားတာဆိုလို့ ဒီကောင် အဲဒီရက်ပိုင်းက သူ့အခန်းထဲမှာ စုံတွဲသီချင်းတွေချည်း ဖွင့်နားထောင်တာ



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုပဲရှိတယ်''

အဲဒါ ဘာများထူးခြားလို့လဲဟု မောင်ဦးက ခပ်ငေါ့ငေါ့ တွေးလိုက်သည်။

ဦးတင်လင်းက ...

''အခြေအနေကိုပဲ ဆက်စောင့်ကြည့်ရမှာပေါ့ကွာ၊ လောလောဆယ် ဒီကောင် ကယောင်ကတမ်းပြောတာလား၊ ဒါမှမဟုတ် သမီးကို စိတ်မှအောင် နောက်လိုက်တာလားမှ မသိတာ''

ထိုသို့ပြောလိုက်တော့မှပဲ အားလုံး အနည်းငယ် စိတ်သက်သာရာ ရသွားကြသည်။ ဟုတ်သည်ပဲ။ ဖြစ်နိုင်သည်ပဲ။

ထိုစဉ် ...

''မောင်တော် ... နှမတော်လေးရှိတဲ့ သိုက်နန်းကို ပြန်လာခဲ့မယ် မဟုတ်လားဟင်၊ ဘဝပေါင်းက စောင့်နေခဲ့တာ ကြာပါပြီ မောင်တော်ရယ် ပြန်လာခဲ့ပါတော့''

''ဟင်''

''ဟာ''

''အို''

လင်းလွန်း၏ အိပ်ခန်းဆီမှ ကြားလိုက်ရသော မိန်းမတစ်ယောက်၏ စကားသံကြောင့် အားလုံးပဲ အာမေဋိတ် 'တ' မိသွားကြသည်။

''မလာဘူးကွ မလာနိုင်ဘူး''

လင်းလွန်း၏ ဗလုံးဗထွေး ပြန်ပြောလိုက်သော စကားသံကိုလည်း ထပ်ကြားလိုက်ရ၏။

အားလုံးပဲ ဝုန်းခနဲ မတ်တတ်ရပ်မိလိုက်ကြပြီး တိုင်ပင်စရာမလို





လင်းလွန်းအခန်းဆီသို့ ပြေးသွားလိုက်သည်။

ဦးတင်လင်းက ဦးဆောင်ကာ အခန်းတံခါးကို ဆတ်ခနဲ တွန်းဖွင့်၍ လှမ်းကြည့်လိုက်၏။

''ဟင်''

အခန်းထဲမှာ ကြောင်တောင်တောင်လေး ဖြစ်နေသော လင်းလွန်း မှလွဲ၍ ဘယ်သူမှမရှိ။

ပြီးပြီ ...။

■

www.burmeseclassic.com

## အခန်း (၁၀)

လင်းလွှန်း အရိုက်ခံရခြင်းမှ စတင်ကာ နောက်ဆက်တွဲ ဖြစ်ပေါ်လာသော ပြဿနာသည် ယမုံအပါအဝင် နှစ်ဖက်သောမိဘများနှင့် သူငယ်ချင်းအပေါင်းအသင်းတွေကိုပါ ဖွဲမီးကဲ့သို့ တဖြည်းဖြည်း တောက်လောင်နေပြီဖြစ်သည်။

ဘယ်သူမှရတက်မအေးနိုင်ကြသော်လည်း လင်းလွှန်းတစ်ယောက်ကတော့ ဒဏ်ရာကျက်ပြီးချိန်မှစ၍ အရင်အတိုင်း သွားမြဲလာမြဲဖြစ်၏။

ဟိုမိန်းမစကားသံတွေ ကြားနေရတာ စိတ်အနှောင့်အယှက် မဖြစ်ဘူးလားဟု မေးတော့ လင်းလွှန်းက ...

"စိတ်မရှုပ်ဘူးလို့လည်း မဟုတ်ပါဘူးပေါ့ကွာ၊ ရှုပ်တာပေါ့၊ ဒါပေမဲ့ အဲဒီကိစ္စက တဖြည်းဖြည်း ပျောက်သွားမယ်ထင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲ . . . မင်း အသက်အစိတ်ပြည့်ရင် အလိုလိုပျောက်သွားမယ်လို့ ဆိုလိုတာလား"

"ထင်တာပဲလေ . . . ပြီးတော့ ဒါ မင်းတို့နဲ့အတူ သွားနေလာနေတဲ့အချိန်မျိုးတွေဆိုရင် မကြားရပါဘူး၊ တစ်ယောက်တည်းရှိနေတဲ့အချိန်မျိုးမှ တစ်ခါတလေ ကြားရတာပါ"

အားလုံးပဲ သက်ပြင်းချမိတော့၏။ ယမုံမှာလည်း လင်းလွှန်း၏ ပြဿနာအတွက် တရားခံတစ်ယောက်လို ခံစားနေရသည်။ သူမက ကျော်ကိုအား အရှက်ခွဲလိုက်မိ၍ ကျော်ကိုက လင်းလွှန်းကို ရိုက်လိုက်ခြင်းမှ ဒီပြဿနာက ဖြစ်လာခဲ့သည် မဟုတ်ပါလား။

နှစ်ဖက်မိဘတွေကလည်း လင်းလွှန်း၏အခြေအနေကို အသေးစိတ်စောင့်ကြည့်ရန် ယမုံကိုပဲ တာဝန်ပေးထားသည်။

သင်တန်းတက်ရသည့်နေ့တွေဆိုလျှင် ယမုံက . . .

"လင်းလွှန်း . . . ငါ့ကိုသင်တန်းလိုက်ပို့ပြီးရင် စောင့်နေကျ လက်ဖက်ရည်ဆိုင်မှာပဲ ထိုင်စောင့်နေနော်၊ ငါ သင်တန်းမလွှတ်မချင်း ဘယ်မှ မသွားနဲ့"

"အေးပါဟာ . . . နင်ကလည်း ခုမှ ငါ့ကို ဂရုစိုက်နေလိုက်တာ ငါ့မှာ နင့်ကို အချိန်ပေးဖို့ကိစ္စကလွဲပြီး ဘာမှမရှိပါဘူး"

လင်းလွှန်းစကားကြောင့် စိတ်ညစ်နေရသည့်ကြားမှ ယမုံ ကြည်နူးရသေးသည်။

ထိုကိစ္စကို သင်တန်းမှသူငယ်ချင်းတွေနှင့် တိုင်ပင်ကြည့်တော့ . . .

"အင်း . . . ဒီအတိုင်းဆိုရင် လင်းလွှန်းအနားမှာ အမြဲတမ်း လူတစ်ယောက်ရှိဖို့ လိုနေပြီပေါ့"





"ဟင် . . . ဘာဖြစ်လို့လဲ"

ထက်ထက်အမေးကို မေသော်ကပဲ . . .

"နင်တို့ပဲ စဥ်းစားကြည့်လေ . . . လင်းလွှန်းက သူတစ်ယောက်တည်းနေမှ အဲဒီလိုစကားသံတွေကို ကြားနေရတာဆို၊ ဘေးနားမှာ တစ်ယောက်ယောက်ရှိနေရင် မကြားရဘူးဆိုတဲ့သဘောပေါ့"

စကားအဆုံးမှာ အားလုံးပဲ ခေါင်းတဆတ်ဆတ် ညိတ်ကြသည်။ ထွေးလေးက စဥ်းစဥ်းစားစားဟန်ဖြင့် . . .

"ယမုံရာ . . . ဒီအတိုင်းဆိုရင်တော့ ဘာမှစဥ်းစားမနေနဲ့ . . . နင် လင်းလွှန်းကိုသာ ကောက်ယူလိုက်ပေတော့"

"အာ . . . နင်တို့ကလည်း"

စိတ်ညစ်သည့်ကြားက ရှက်ရသေးတော့သည်။ ယမုံ၏ပုံကို ကြည့်ပြီး ထွေးလေးကပဲ . . .

"ဟဲ့ . . . ခုမှ ရှက်မနေနဲ့လေ၊ နင်လည်း သူ့အပေါ် သံယောဇဥ်ရှိတာပဲဥစ္စာ၊ ဒီတစ်ခါတော့ လင်းလွှန်းရဲ့အရည်ကိုကြည့်ပြီး ယူလိုက်ပါဟာ"

"ဘာ . . . ဘယ်လို ဘယ်လို"

"ဩော် . . . လင်းလွှန်းရဲ့ဘဝရေးရေးကိုကြည့်ပြီး လက်ထပ်လိုက်တော့လို့ ပြောတာ၊ သူ့ဘေးမှာ နင်ရှိနေရင် ဒီပြဿနာလည်း အလိုလိုပြီးသွားမှာပေါ့ . . . မဟုတ်ဘူးလား"

ထိုစကားကြောင့် ယမုံ (ရိုးရိုးသားသား) စဥ်းစားသွားရပြီး . . .

"ဒါပေမဲ့ အဲဒီလိုလုပ်လိုက်တာကလည်း ပြဿနာရဲ့အဖြေအစစ် မဟုတ်သေးဘူးဟာ၊ သူနဲ့ငါ ယူတယ်, မယူဆိုတာထက် လောလောဆယ် သူဖြစ်နေတဲ့ ပြဿနာကို အရင်ပျောက်စေချင်တာမျိုးဟာ"



www.burmeseclassic.com

www.burmeseclassic.com



စကားအဆုံးမှာ အားလုံးပဲ ငြိမ်သွားကြပြန်၏။ အတန်ကြာမှ မေသော်က တစ်စုံတစ်ခုကို သတိရဟန်ဖြင့် . . .

“ငါစဉ်းစားမိတာ တစ်ခုတော့ရှိတယ်ဟ . . . ဟိုလေ သိုက်တွေ၊ ဘာတွေ ဆိုတာကတော့ ထားပါ . . . ခု လင်းလွန်းဖြစ်နေတာ စိတ်ရောဂါ တစ်ခုများလားလို့လေ”

“ဘာလဲ . . . နင်က လင်းလွန်း အရိုက်ခံရလို့ ဦးနှောက်ကိုထိပြီး ရူးပြနေပြီလို့ ဆိုလိုတာလား။ အဲဒါတော့ မဖြစ်နိုင်ဘူး မေသော်၊ ဒဏ်ရာရတုန်းကပဲ ခေါင်းကို ဓာတ်မှန်ရိုက်သေးတယ် . . . ဦးနှောက်ကို ဘာမှမထိဘူး တဲ့”

လင်းလွန်း မရူးကြောင်းကို ယမုံက အနိုင်အမာ ပြန်ပြောလိုက်သည်။ ဟုတ်သည်လေ . . . ကိုယ်ယုံမည့်ယောကျ်ားကိုတော့ အရူးဟု အထင် မခံနိုင်ချေ။

ယမုံ့အတွေးကို မေသော်ကလည်း ရိပ်မိစွာ . . .

“အဲဒီသဘောမျိုးလည်း မဟုတ်ပါဘူး ယမုံရာ၊ ဟိုလေ . . . စိတ် ရောဂါ အနုစားတစ်မျိုးမျိုးလားလို့ တွေးမိလို့ပါ၊ ဒီလိုလုပ်ကြည့်ပါလား . . . ငါ့အစ်မဝမ်းကွဲတစ်ယောက်က စိတ်ရောဂါဆရာဝန်ဟ၊ လင်းလွန်းကို ဆေးခန်းမပြဘဲ မတော်တဆဆုံတဲ့သဘောမျိုးနဲ့ ငါ့အစ်မနဲ့ ပေးတွေ့ကြည့် ပါလားဟ”

ထိုအကြံကတော့ မဆိုးဟု ယမုံထင်မိသည်။

ထွေးလေးကလည်း . . .

“အဲဒါလောက်တော့ နင်လုပ်ကြည့်သင့်တယ် ယမုံ၊ ဒါမှ နောင် တစ်ချိန် ငါဟာ အရူးကို လင်,မလုပ်ခဲ့ဘူးဆိုပြီး နင့်စိတ် ရှင်းနေမှာ”





“အရေးထဲ”

စိတ်ညစ်ရသည်။ ထွေးလေးဆိုသောဟာမသည် အိမ်ထောင်သား မွေးကိုစွာကလွဲပြီး တခြားဘာကိုမှ မစဉ်းစားတတ်တော့ပြီလား မသိ။ ဒင်း စကားကို အရေးမစိုက်တာဘဲ ကောင်းမည်။

မေသော်ကတော့ . . .

“ဘယ်လိုလဲ ယမုံ . . . ငါ့အစ်မနဲ့ လင်းလွန်းနဲ့တွေ့ဖို့ စီစဉ်ကြည့် မလား”

ဒီတစ်ခါတော့ ယမုံလည်း ခေါင်းညိတ်လိုက်ကာ . . .

“အေးလေ . . . အဆင်ပြေတဲ့တစ်ရက် စီစဉ်ကြတာပေါ့”

ခဏနေတော့ ဆရာဝင်လာ၍ စကားပြတ်သွားကြသည်။ ယမုံ လည်း သင်နေသောစာထဲမှာ ခဏ အာရုံနှစ်ထားလိုက်၏။

သင်တန်းချိန်ပြီးသွား၍ ဆင်းလာတော့ စောင့်နိုင်းထားခဲ့သော လက်ဖက်ရည်ဆိုင်ထဲမှာ လင်းလွန်းကို လှမ်းတွေ့လိုက်ရသည်။ ယမုံလည်း ဘာရယ်မဟုတ် စိတ်ထဲ ကျေနပ်သွားရ၏။

သို့သော် . . .

အနားရောက်တော့မှ မအီမလည်ကြီးဖြစ်နေသော လင်းလွန်း၏ မျက်နှာကို တွေ့လိုက်ရသဖြင့် မျက်မှောင်လေးကြုတ်ကာ . . .

“လင်းလွန်း . . . နင့်ပုံစံကြီးက ဘယ်လိုဖြစ်နေတာလဲ”

အမေးကိုမဖြေသေးဘဲ လင်းလွန်းက နားသယ်စပ်မှ ချွေးစတွေကို အရင်သုတ်လိုက်သေးသည်။ ပြီးမှ ရှေ့စားပွဲကို မေးထိုးလျက် . . .

“ဒီမှာလေ . . . ငါ အအေးတစ်ပုလင်းသောက်ထားတာ”

ယမုံက စားပွဲပေါ်ဝေ့ကြည့်ပြီးမှ ခုံမှာ အသာဝင်ထိုင်လိုက်ရင်း . .



www.burmeseclassic.com

www.burmeseclassic.com

"တွေ့ပါတယ်၊ ဘာလဲ . . . ရှင်းဖို့ပိုက်ဆံမပါလာလို့လား"

"ဟာ . . . မဟုတ်ပါဘူး၊ အအေးကုန်တော့ ရေငတ်လို့ဆိုပြီး ငါ ရေတစ်ဘူး မှာသောက်လိုက်သေးတယ်"

ဟုတ်ပါသည်။ ကြည့်လိုက်တော့ ရေတစ်စက်မှ မကျန်တော့သည့် ရေသန့်ဘူးခွံက သက်သေပြနေသည်။

ထို့ကြောင့် . . .

"ဟုတ်ပါပြီ . . . အဲဒါ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ . . . ငါ ဆီးတအားသွားချင်နေတာပေါ့ဟ"

"ဟင်"

ထိုအခါမှ လင်းလွန်း ဘာကြောင့် ဒီမျက်နှာပေး ဖြစ်နေသည်ကို ယမုံ သဘောပေါက်လိုက်သည်။ ချက်ချင်းပဲ မျက်စောင်းထိုးလိုက်ပြီး . . .

"ဆီးသွားချင်တာများ ထသွားလိုက်ပေါ့ လေင်းစိန်ရယ်၊ ဘာလဲ . . . ဒီဆိုင်မှာ အများသုံးလို့ရတဲ့အိမ်သာ မရှိလို့လား"

လင်းလွန်းက . . .

"ရှိပါတယ် . . . ဒါပေမဲ့ နင်က နင်သင်တန်းမလွှတ်မချင်း ဘယ်မှ မသွားနဲ့ဆိုလို့ ငါလည်း ထိုင်နေရတာပေါ့"

"ဗုဒ္ဓေါ"

ယမုံ အသံထွက်၍ 'တ' လိုက်မိသည်။ ပြဿနာတစ်ခုကပင် မပြီးသေး။ တော်ကြာ ဒင်း ဆီးလမ်းကြောင်းနှင့်ပတ်သက်သော ရောဂါဖြစ်လျှင် ကိုယ်ကပါ တရားခံဖြစ်ရဦးမည်၊ ထို့ကြောင့် ကပျာကယာပဲ . . .

"အာ . . . ဆီးသွားချင်တာကိုများ ထသွားလိုက်တာမဟုတ်ဘူး။ သွား သွား . . . ခုမှ ငါ့စကားကို အတိအကျ လာနားထောင်နေတယ်"





"နင်ကလည်း ခုမှ ငါ့ကို အထူးဂရုစိုက်နေတာကိုး"

အရေးထဲ ဒင်းက လျှာရှည်နေသေးသည်။ တော်ကြာ ကိုယ်ပါ ရောယောင်အရှက်ကွဲရမည့်အဖြစ်ကို မလိုလား၍ ယမုံက . . .

"ကဲပါ . . . သွားစရာရှိတာကိုပဲ မြန်မြန်သွားတော့၊ ငါ ဒီကပဲ စောင့်နေမယ်"

"အီး . . . ပြီးရော"

အနိုင်နိုင်ဟူသောပုံစံဖြင့် ဖင်လေးကျုံ့ကာ လင်းလွန်း ထထွက်သွားသည်။ ယမုံလည်း သက်ပြင်းကို ကျိတ်ချရင်း ကျန်ခဲ့ရ၏။ တစ်ခါ တစ်ခါ လင်းလွန်းဆိုသည့်ကောင်က ဘာကောင်မှန်းမသိ။ ယောကျ်ားမှန်းတော့ သိသည်။ တစ်ချိန် ကိုယ်ယူရမည့်လင်ဆိုတာကိုလည်း သိသည်။ မသိသည်က အထက်ကဆိုခဲ့သလို တစ်ခါ တစ်ခါ အူတီးအူကြောင်လုပ်တတ်သော ဒင်း၏စိတ်ဓာတ်။

ထားတော့ . . .။ ခုလည်း ရှုံးရှုံးသွားဖလားဝါးတော်မူသော လင်းလွန်းကို ယမုံစောင့်နေပါသည်။ ငါးမိနစ်လောက် ကြာသွား၏။ ဒင်းက ပြန်ပေါ်မလာသေး။ သိုလှောင်သိမ်းဆည်းထိန်းချုပ်ထားရသော ဆီးအင်အားကပဲ များလို့လား။ အမှန်ဆို ဘယ်လောက်ပဲ သေးယာဉ်ကြောမှာမျောမျော ဒီအချိန် ပြန်ရောက်သင့်နေပြီ။

ထိုသို့တွေးရင်း ယမုံစိတ်ထဲ ထိတ်ခနဲ ဖြစ်သွားရ၏။ လင်းလွန်း ဒဏ်ရာအရှိန်နှင့် ခေါင်းတွေဘာတွေများ မူးပြီး . . . အို . . .။

စိတ်ထဲမှာ ထူပူသွားရပြီး အိမ်သာရှိရာသို့ ယမုံ အပြေးအလွှား လျှောက်သွားလိုက်သည်။ လက်ဖက်ရည်ဆိုင်တွင်ရှိသည့် တစ်လုံးတည်းသော အိမ်သာက အထီး အမ၊ ကျား မ မခွဲထား၍ တော်ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့နှင့် အိမ်သာရှေ့အရောက် တံခါးခေါက်ရန် လက်ရွယ်လိုက်စဉ်မှာပဲ ...

"ကျွန်တော့်ကို မနှောင့်ယှက်ပါနဲ့ဗျာ၊ တကယ်ကို တောင်းပန်ပါတယ်၊ ကျွန်တော်တစ်ယောက်တည်း နေပါရစေ"

ယမုံ လက်တွန့်သွားရ၏။ အိမ်သာတက် အဲ ... ကျင်ကြီးယိုနေလို့များ လင်းလွန်းက ဒီစကားပြောလိုက်တာလားဆိုသည့် အတွေးက မဆုံးလိုက်။

"သြော် မောင်တော်ရယ် ... နှမတော်လေးလည်း ဘဝဟောင်းက စောင့်နေခဲ့ရတာ နှစ်ဆယ့်ငါးနှစ်ပြည့်လှပါပြီ၊ မောင်တော် ပြန်မလာလို့ စောင့်နေတဲ့ နှမတော်လေးကိုရော မသနားဘူးလားဟင်"

ဘုရားရေ ...။ ဒါ ဟိုတစ်ခါကြားဖူးတဲ့ မိန်းမအသံ။ ယမုံ ကျောထဲ စိမ့်ခနဲ ဖြစ်သွားရ၏။ ပြီး ချက်ချင်းပင် အားတင်းလိုက်ရသည်။ ဒီအသံပိုင်ရှင်မိန်းမက လင်းလွန်းကို သေးပေါက်ချိန်မှာတောင် အလွတ်မပေးတော့ပါလား။

ထိုသို့တွေးရင်း ခနက ကြောက်သလိုဖြစ်သွားမိသော စိတ်ကို ဒေါသစိတ်က အနိုင်ယူသွားကာ ...

"လင်းလွန်း လင်းလွန်း"

နာမည်ကို အော်ခေါ်ရင်း လက်ကလည်း အိမ်သာတံခါးကို တအုံးအုံးထုလိုက်မိသည်။

အသံဗလံတို့က ရုတ်ခြည်း ငြိမ်သက်သွား၏။ သိပ်မကြာလိုက်။ အတွင်းမှ တံခါးဖွင့်သံနှင့်အတူ အိမ်သာတံခါးမ ခပ်ဖြည်းဖြည်း ဟလာသည်။





ယမုံလည်း အိမ်သာအတွင်းဘက်ကို အမြန်ကြည့်လိုက်မိ၏။

"အား ... ကျွတ် ကျွတ်"

နားထင်ကို လက်နှင့်ညှစ်ရင်း ညည်းကာထွက်လာသော လင်းလွန်းကိုပဲ တွေ့လိုက်ရလေသည်။

ယမုံက စိတ်ပူသောလေသံလေးနှင့် ...

"လင်းလွန်း ... ရရဲ့လား၊ နင် နင် ဘာဖြစ်သွားသေးလဲ"

လင်းလွန်းက အိမ်သာရှေ့မှာပဲ အသက်ဝဝ ရှူလိုက်ကာ ...

"ဟူး ... ရပါပြီဟာ၊ ဘာမှမဖြစ်တော့ပါဘူး။ ရုတ်တရက် ဟိုမိန်းမအသံ ကြားလိုက်ရတော့ ခေါင်းတောင်ကိုက်သွားတယ်"

ယမုံက ပင့်သက်ကို ရှိုက်ရင်း ...

"အင်း ... ငါလည်း ကြားလိုက်ပါတယ်"

"ဟင် ... တကယ်"

စိတ်မသက်မသာဟန်ဖြင့် ခေါင်းညိတ်ရင်း ယမုံက ...

"ကြားလိုက်တယ်လေ၊ ဒုက္ခပါပဲဟာ ... နင့်ကိစ္စကို ဘယ်လိုဖြေရှင်းပေးရမှာမှန်းတောင် မသိတော့ဘူး"

စကားအဆုံးမှာ လင်းလွန်းက အားယူပြုံးလိုက်ပြီး ...

"ကဲပါ ... အဲဒီကိစ္စကို မေ့ထားလိုက်တော့၊ နောက်တော့ ကောင်းသွားမှာပါ၊ ခုလောလောဆယ် အနားမှာ နင့်ရှိနေရင် ငါ ဘာမှမဖြစ်တော့ဘူး။ လာ ... သွားရအောင်"

"ဟင် ... ဘယ်ကိုသွားမှာလဲ"

ယမုံ ပြန်မေးလိုက်သောစကားကြောင့် လင်းလွန်းက ...

"ဟာ ... ဘယ်ကိုသွားရမှာလဲ၊ ခု ငါတို့နှစ်ယောက်က အိမ်သာ


www.burmeseclassic.com

www.burmeseclassic.com

ရှေ့မှာလေ၊ အပြင်မထွက်ဘဲ နှစ်ယောက်စလုံး အိမ်သာထဲပြန့်ဝင်မလို့လား ယမုံရဲ့''

ယမုံက မျက်စောင်းထိုးတော့သည်။

စကားအဖြစ် မေးလိုက်တာကိုမှ လင်းလွန်းက စေ့စေ့ပေါက်ပေါက် တွေးရသည်ကိုး။

ပိုက်ဆံရှင်းကာ ဆိုင်ထဲမှ နှစ်ယောက်သား ထွက်လာကြ၏။

လမ်းမှာ လင်းလွန်းက . . .

''ယမုံ''

''ဟေ . . . ဘာလဲ''

''အိမ်မပြန်သေးဘဲ ငါတို့နှစ်ယောက် တစ်နေရာကို သွားရအောင်''

''ဟင် . . . ဘယ်ကိုလဲ''

ကြက်သီးငါးဆယ်ရာခိုင်နှုန်းလောက် ထသွားရင်း ယမုံက ပြန်မေးလိုက်ခြင်းဖြစ်သည်။ လင်းလွန်းက ဟိုတယ်တစ်ခုခုကိုပေါ့ဟု မဖြေပါ။ ဖြေလျှင်လည်း ယမုံက စော်ကားလှချည်လားဆိုပြီး ပါးရိုက်မည်သာဖြစ်သည်။

လင်းလွန်း ပြန်ဖြေသည်က . . .

''စိတ်တွေနည်းနည်းရှုပ်သွားလို့ပါဟား၊ အင်းလျားဘက် သွားပြီး လေညင်းခံရင်ကောင်းမလားလို့''

''အဲ . . . အဲဒါကလေ''

ယမုံ စဉ်းစားနေချိန်မှာပဲ လင်းလွန်းက . . .

''ဘာလဲ . . . ငါ့အိမ်က စိတ်ပူမှာစိုးလို့လား၊ ရပါတယ်ဟ . . . ငါ့မိဘတွေက နင်နဲ့သွားတယ်ဆိုရင် စိတ်ချမှာပါ . . . ဟဲ ဟဲ''





စကားအဆုံးမှာ ယမုံလည်း ဟန်မဆောင်နိုင်တော့ဘဲ လင်းလွန်း နောက်ကျောကို ဘုံးခနဲ ထုလိုက်ရင်း . . .

''အဲဒီစကားကို ငါက ပြောရမှာ ကောင်စုတ်ရဲ့ . . . ဟွန်း''



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

နေ့လယ်နေ့ခင်းဖြစ်သော်လည်း အင်းလျားရေပြင်သည် နေရောင်ခြည်ကို အန်တုကာ အပူဒဏ်အား တွန်းကန်နေသည်။ ဟိုးအဝေးမှာ လည်း ထိမ်ဖြူတစ်အုပ်နှစ်အုပ်က လွင့်ကာမျောကာ။ အနှစ်ချုပ်ရလျှင်တော့ အင်းလျားသည် ဣန္ဒြေတစ်ခွဲသားနှင့် အပျိုရည်မပျက် အလှကြီးလှနေဆဲပင် ဖြစ်သည်။

ကန်စပ်နားက စားသောက်ဆိုင်တစ်ဆိုင်မှာ နှစ်ယောက်သား ဝင်ထိုင်လိုက်ကြ၏။ ဒီနေ့မှ အင်းလျားသည် လူသူအနည်းငယ် ကျဲပါးနေသည်။ အင်္ဂလိပ်စာတော်ဝင်ခန်းတွေကို လာ လာရိုက်ကူးသော ရုပ်ရှင်သမားများ ကြောင့်လည်း ဖြစ်မည်။ ရင်ရှုပ်စရာ ကင်းသွားသည်ပေါ့။

နှစ်ယောက်သား ထိုင်နေရင်း ယမုံကာ ...

ခုနစ်စဉ်ကြယ်မာလာ

www.burmeseclassic.com

www.burmeseclassic.com

"လင်းလွန်း . . . နင့်ကိုငါ မေးစရာရှိတယ်"

လင်းလွန်းက ခပ်အေးအေးပဲ . . .

"ပြောကြည့်လေ . . . ငါ့မှာလည်း ဖြေစရာရှိချင်ရှိမှာပေါ့"

အချိုးမပြေသောစကား ဖြစ်သည်။ သို့သော်လည်း လောလောဆယ် ဒင်းက ရောဂါသည်တစ်ပိုင်းဖြစ်သည့်မို့ ယမုံ အောင့်အီးသည်းခံလိုက်၏။

မေးမည့်စကားကိုလည်း 'စ' လိုက်သည်။

"ဒီလိုဟာ . . . နင် ဒီပြဿနာတွေမဖြစ်ခင် တစ်ပတ်လောက်က ငါနဲ့နီးစပ်အောင်ဆိုပြီး ကျင့်စဉ်တစ်ခု ကျင့်ခဲ့တယ်ဆို၊ အဲဒါက ဘာကျင့်စဉ်လဲ လင်းလွန်း"

စကားအဆုံးမှာ လင်းလွန်းက ဆတ်ခနဲ ကြည့်လာသည်။ မျက်ဝန်းထဲက အဓိပ္ပာယ်ကိုတော့ ယမုံလည်း မဖော်တတ်ချေ။

လင်းလွန်းက သက်ပြင်းကို ခပ်ဖွဖွလေးချလိုက်ရင်း . . .

"ဘာလဲ ယမုံ . . . အဲဒီကိစ္စကြောင့် ငါ ခုလိုဖြစ်နေတာလို့ နင် ထင်နေလို့လား"

ယမုံ ဘာပြန်ပြောရမည်မှန်းမသိ ဖြစ်သွားရ၏။ အလျှင်အမြန် စဉ်းစားလိုက်ရင်း . . .

"အဲ အဲဒီလိုတော့လည်း မဟုတ်ဘူးလေဟာ၊ ငါပြောချင်တာက ဆက်များဆက်စပ်နေမလားလို့လေ"

"ဟုတ်ပါပြီ . . . ဆက်စပ်နိုင်တယ်လို့ရော နင့်ကို ဘယ်သူက ပြောတာလဲ"

"ဘယ်သူမှမပြောပါဘူး . . . ငါ့ဟာငါ စဉ်းစားမိတာပါ"





လင်းလွန်းက သက်ပြင်းကို ခပ်ကြမ်းကြမ်း ထပ်ချသည်။ ပြီးမှ . . .

"ယမုံရယ် . . . နင်မို့လို့ ငါ့ကို အဲလိုထင်ရက်တယ်ဟာ"

ထိုစကားကြောင့် ယမုံလည်း အားတုံ့အားနာ ဖြစ်သွားရပြီး . . .

"နင်ကလည်းဟာ . . . နင်မကြိုက်ရင် ငါ မမေးတော့ပါဘူး"

မိန်းကလေးပီပီ ကိုယ့်ဘက်ကပဲ အလျှော့ပေးလိုက်ရပြန်သည်။ လင်းလွန်း ထပ်ဆိုလာသောစကားကလည်း ထူးဆန်းစွာ . . .

"ယမုံ . . . လောလောဆယ် ငါ့စိတ်ထဲမှာ သိနေတာတစ်ခုပဲရှိတယ်၊ အဲဒါကတော့ ငါ နင်နဲ့အတူရှိနေရင် စိတ်ချမ်းသာတယ်ဟာ၊ ပြီးတော့ ဟိုမိန်းမရဲ့စကားသံတွေကိုလည်း မကြားရဘူး၊ ဒါပေမဲ့ နင့်ဘက်က ငါနဲ့ ခုလို အတူရှိနေတာကို စိတ်အနှောင့်အယှက်ဖြစ်နေရင်တော့ နောက်ကို နင့်ဆီငါ မလာတော့ပါဘူး"

"အာ . . . နင်ကလည်း၊ ငါဆိုလိုတာက အဲဒီသဘော မဟုတ်ပါဘူးဟာ၊ ငါလည်း နင်နဲ့အတူရှိနေရင် စိတ်ချမ်းသာပါတယ်ဟ"

မိန်းကလေးတန်မဲ့ အောက်ဘက်ကပဲ အမြန်ဖြေရှင်းချက်ပေးလိုက်ရသည်။ ပြောရတာလည်း မကောင်းချေ၊ ရှေ့မျက်နှာရှေ့ထားပြီး ထိုစကားကို အသက်အောင့်၍ ပြောလိုက်ရခြင်းဖြစ်၏။

လင်းလွန်းကတော့ သူ့စိတ်နှင့်သူ ဘယ်လိုစဉ်းစားမိသည် မသိ၊ ယမုံမျက်နှာကို စေ့စေ့ကြည့်လျက် . . .

"ယမုံ"

"ဟင် . . . ဘာလဲ"

"ငါလေ . . . ငါ နင့်လက်ကလေးကို ခဏလောက် ကိုင်ထားချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို"

ပါးစပ်မှ အာမေဋိတ်တိုးတိုးလေး ထွက်သွားရရင်း ယမုံ ရင်တွေ ပရမ်းပတာ ခုန်သွားရသည်။ ချက်ချင်းဆိုသလိုပင် လင်းလွန်းက စားပွဲပေါ်တင်ထားသည့် ယမုံ့လက်ကလေးကို ဖတ်ခနဲ ဆွဲကိုင်လိုက်သည်။

"ဟဲ့ . . . လင်းလွန်း"

အရှက်သည်းစွာ ပြောလိုက်သော်လည်း လင်းလွန်းကတော့ အပြုံးဖန့်ဖန့်ဖြင့်ကြည့်ကာ . . .

"သုံးမိနစ်လောက်ပါပဲ ယမုံရာ၊ ငါ့စိတ်ထဲမှာ အဲဒီဆန္ဒလေး ဖြစ်လာလို့ပါဟ"

ယမုံ ဘာမှမပြောသာတော့ချေ။ ဒီအနေအထားကိုသာ ထွေးလေး မြင်ရင်တော့ ဘာများမှတ်ချက်ပေးဦးမည် မသိ။ လောလောဆယ်မှာတော့ လက်ဖဝါးနှစ်ခုစလုံး ချွေးစေးတွေပြန်ကာ ငြိမ်ခံနေရသည်။

ထိုအချိန်မှာပဲ ယမုံ့ခေါင်းထဲ အတွေးတစ်ခုက လင်းခနဲ ဝင်လာရသည်။ ကိုင်ထားသော လင်းလွန်း၏လက်အား ပြန်၍ ပယ်ပယ်နယ်နယ် ဖျစ်ညှစ်ဆုပ်ကိုင်လိုက်ရန် မဟုတ်ချေ။

စဉ်းစားမိသော စိတ်ကူးနှင့်အတူ . . .

"လင်းလွန်း . . . မနက်ဖြန်လေ ငါ ဈေးသွားဝယ်စရာရှိလို့ဟာ အဲဒါ နင် လိုက်ပို့ပါလား"

ထိုစကားကြောင့် လင်းလွန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားရပြီး . . .

"လိုက်ပို့တာက ပို့လို့ရပါတယ်၊ ဒါပေမဲ့ နင်ဝယ်သမျှ ငါရှင်းမှဆိုရင်တော့ မဖြစ်နိုင်ဘူးဟာ၊ ငါ့မှာ ဘတ်ဂျက်နည်းနေတယ်"

ယမုံက မျက်စောင်းဖွဖွထိုးလိုက်ရင်း . . .





"အေးပါ . . . နင့်ကိုလည်း လိုက်ပို့ရုံပဲ လိုက်ပို့ခိုင်းတာပါ။ ဈေးဝယ်တာကတော့ ငါ့ပိုက်ဆံနဲ့ငါ ဝယ်မှာပေါ့"

"ပြီးရော ပြီးရော"

စိတ်သက်သာရသွားဟန်နှင့် လင်းလွန်းက ပြန်ပြောလိုက်၏။ နှစ်ယောက်သား စကားထပ်မဆိုဖြစ်ဘဲ အတန်ကြာ ငြိမ်သက်နေမိကြသေးသည်။

အတော်ကြီးကြာမှ လင်းလွန်းက . . .

"ယမုံ . . . နင့်ကို ငါပြောစရာစကားက ခေါင်းထဲပေါ်လာပြန်ပြီဟ"

တကယ်ပင် စိတ်လှုပ်ရှားသွားရရင်း ယမုံက . . .

"ပြောလေ . . . ဘာပြောမလို့လဲ"

"ငါ့ ငါ့လက်တွေမှာ ချွေးပြန်လာတာကို နင် သတိထားမိလား"

ယမုံ တွေခနဲ ဖြစ်သွားရရင် . . .

"အင်း . . . ဟုတ်သလိုလိုပဲ"

"အေး . . . အမှန်ပဲ ယမုံရာ၊ ငါ ဒီအတိုင်းနေလို့ မဖြစ်တော့ဘူးထင်တယ်"

"ဒါ ဒါဆို ဘာ ဘာလုပ်မှာလဲဟင်"

စိတ်လှုပ်ရှားမေးလိုက်သောစကားအဆုံးမှာ လင်းလွန်းကလည်း စိတ်လှုပ်ရှားဖွယ် အသံအတိဖြင့် . . .

"ငါ ငါ အိမ်သာတက်မှရတော့မယ် ယမုံ၊ ဗိုက်တအားရစ်လာလို့ အိမ်ပြန်ရအောင် နော်"

လင်းလွန်းကိုင်ထားသော လက်ကို ဆတ်ခနဲ ရုန်းရင်း ယမုံ ရှုခနဲ



www.burmeseclassic.com

www.burmeseclassic.com

နာမှုတ်မိတော့၏။

အထက်ကဆိုခဲ့သလို ဘာကောင်မှန်းမသိသော လင်းလွန်းက ဘာမှန်းမသိသောစကားကို ပြောချလိုက်ပြန်ပြီ။ ခုနက ရင်ခုန်စိတ်လှုပ်ရှားခဲ့ရတာနှင့် နည်းနည်းမှ မတန်ဘူးဟု ယမုံ အောင့်သက်သက် တွေးလိုက်မိ၏။

ခင်းကိုကြည့်လိုက်တော့လည်း လင်းလွန်းက အမှန်တကယ် ကျင်ကြီးယို့ချင်သောစိတ်ကို အောင့်အီးထားရသော မျက်နှာပေးလေးနှင့်။ မချိပြုံးပင် ပြုံးပြနေသေးသည်။

အင်းလျှားရေပြင်ကတော့ ဂူနံ့တစ်ခွဲသားနှင့် သူ့ဘာသာသူ အပျိုရည်မပျက် လှနေဆဲ။

■



## အခန်း (၁၂)

နောက်တစ်ရက် လင်းလွန်းနှင့်အတူ ဈေးပင်းထွက်ဖြစ်သည်။ ကိုယ်ကသာ ကိုယ့်အကြံနှင့်ကိုယ် ခေါ်လာတာဖြစ်သော်လည်း လင်းလွန်းကတော့ သူမနှင့်အတူ ဈေးဝယ်ထွက်ရခြင်းကို အတော်တက်ကြွနေပုံရှိ၏။

ဈေးပင်းစင်တာမှာ ဘာမှမဝယ်ဖြစ်သေးဘဲ လေးငါးဆိုင်လောက် ဟိုဟိုသည်သည် ကြည့်ပြီးချိန်မှာတော့ လင်းလွန်းက . . .

''ဟဲ့ ယမုံ . . . နင် မိန်းကလေးအသုံးအဆောင်ပစ္စည်းတွေ ဝယ်ချင်တယ်ဆိုလည်း ဝယ်နော်၊ ငါပါလာလို့ဆိုပြီး ဘာမှအားမနာနဲ့''

ယမုံက . . .

''အားမနာပါဘူး၊ အဲဒီပစ္စည်းတွေက ငါ ဟိုတစ်ရက်ကပဲ ဝယ်ထားပြီးသားဟ၊ ခုလည်း တခြားဘာလိုအပ်မလဲဆိုပြီး ကြည့်နေတာ''



www.burmeseclassic.com

www.burmeseclassic.com

"ဪ . . . ဟုတ်လား၊ ဒါဆို နင် ဒီနေ့ ဝတ်လာတာ အသစ်တွေ ချည်းပေါ့ . . . ဟုတ်လား"

"အေး . . . တံဆိပ်တောင် မနက်ကမှ ဖြုတ်ခဲ့တာ၊ ဟဲ့ . . . နင် ဘာတွေလာမေးနေတာလဲ"

ယောင်ကာဖြေမိပြီးမှ ယမုံ ရှက်ရှက်နှင့် အော်မိတော့သည်။ လင်းလွန်းကတော့ ရိုက်ချင်စရာကောင်းလောက်အောင် တဟားဟား ရယ်တော့၏။ ပြီး အချိုးမပြေသောစကားကို ဆိုလာသေးသည်။

"ကဲ ယမုံ . . . လောလောဆယ် နင်ကြည့်စရာပစ္စည်းမရှိဘူး ဆိုရင်တော့ ငါကြည့်ချင်တဲ့ပစ္စည်းရောင်းတဲ့နေရာကို သွားကြည့်ရအောင်"

"ဟင် . . . နင်က ဘာပစ္စည်းကိုများ ကြည့်ချင်လို့လဲ"

လင်းလွန်းက တဟဲဟဲရယ်သည်။ ပြီးမှ . . .

"လာပါ . . . ရောက်တော့သိမှာပေါ့"

ထိုသို့ပြောရင်း ထွက်သွားသောလင်းလွန်းနောက်မှ ယမုံ လိုက်ရပြန်၏။

ရောက်တော့မှ သိရသည်။ လင်းလွန်းခေါ်သွားတာက မင်္ဂလာဝန်းဝင်ပစ္စည်း (အထူးသဖြင့် ခုတင်တို့၊ မွေ့ရာတို့ ရောင်းသော) နေရာကို ဖြစ်သည်။

ထိုနေရာကိုရောက်ရောက်ချင်း လင်းလွန်းက . . .

"ဒီပစ္စည်းတွေက အိမ်ထောင်ပြုမယ့်သူတစ်ယောက်အတွက် တစ်နှိန် ဝယ်ကိုဝယ်ရမှာဟ၊ အဲဒါကြောင့် ကြိုတင်း ဝင်ကြည့်တာ"

ဤစကားကြောင့် ယမုံမှာ ရှက်တက်တက်ဖြစ်ရသေးတော့သည်။ လင်းလွန်းကတော့ ဆိုဖာ၊ မွေ့ရာတင်ထားသော ခုတင်တစ်လုံးထက်ပင်





ပစ်ထိုင်ချလိုက်ရင်း . . .

"ယမုံ . . . လာထိုင်ကြည့်ပါလား၊ ဒီခုတင်က အိနေတာပဲဟ"

"အာ"

ယမုံမျက်နှာခဲပြီး ဘာပြန်ပြောရမည်မှန်းမသိ ဖြစ်သွားရ၏။ ယမုံ့ ပုံစံကိုကြည့်ကာ ဝန်ထမ်းကောင်မလေးတစ်ယောက်ကပင် ဘယ်လိုမြင်သည် မသိ . . . အနားသို့ကပ်လာပြီး . . .

"သွားကြည့်လိုက်လေ အစ်မရဲ့ . . . ခန်းဝင်ပစ္စည်းဝယ်တယ်ဆိုတာက ရှက်စရာမှမဟုတ်တာ၊ အစ်မတို့က မကြာခင်မှာပဲ မင်္ဂလာဆောင်တော့မှာ မဟုတ်ဘူးလား"

စကားအဆုံးမှာ ယမုံလည်း ထူပူသွားရပြီး လင်းလွန်းအနားသို့ ခပ်သွက်သွက် လျှောက်သွားပိုက်ကာ . . .

"ဟဲ့ လင်းလွန်း . . . လာ လာ . . . ဘာတွေလုပ်နေမှန်းကို မသိဘူး၊ ဒီမှာ ငါ ရှက်လို့သေတော့မယ်"

အတင်းဆွဲခေါ်တော့မှ လင်းလွန်းက ကန့်လန့်ကန့်လန့်နှင့် ပါလာသည်။ ဆိုင်အပြင်ရောက်တော့ ဒင်းက ပြန်ပြီး ပြောလာသေး၏။

"ဘာဖြစ်တာလဲ ယမုံရာ . . . ခု မဝယ်သေးပေမယ့် ကြည့်ထားတာ မှားပါဘူးဟ"

"အေး . . . ဒီလောက်ကြည့်ချင်ရင် နင် မင်္ဂလာဆောင်တော့မှ ကြည့်လေ၊ နင်က ခုလိုကြည့်နေတော့ နင်နဲ့ပါလာတဲ့ငါ့ကို လူတွေက တစ်မျိုးထင်မှာပေါ့ဟ"

ယမုံ စူပွပွဆောပစ်လိုက်တော့မှ လင်းလွန်းက . . .

"ဪ . . . အဲဒါကြောင့် နင်က ရှက်သွားတာပေါ့ . . . ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဟ ဟုတ်တယ် ... နောက်တစ်ခါ အဲဒီလို ကြည့်ချင်ရင် နင်တကယ်ယူတော့မယ့်မိန်းမနဲ့မှ သွားကြည့် ... သိပြီလား"

"သိပါပြီ သိပါပြီ"

မချိမချဉ်ပုံစံနှင့် လင်းလွန်းက ပြန်ပြောလာသည်။ ထိုအခါမှ ယမုံက လက်ပတ်နာရီကို တစ်ချက်ကြည့်လိုက်ရင်း ...

"အဲ ... ဆယ့်နှစ်နာရီတောင် ထိုးတော့မယ်ဟ၊ လင်းလွန်း ... ဒီစင်တာထဲက ဆိုင်တစ်ဆိုင်မှာပဲ အဆာပြေတစ်ခုခု ဝင်စားရအောင်"

"နင်ကျွေးမှာနော်"

"အေးပါ"

ထိုသို့ ဈေးတည့်ပြီး ဆိုင်တစ်ဆိုင်သို့ သွားလိုက်ကြသည်။ အမှန်တော့ ထိုဆိုင်က မေသော့်အစ်မဝမ်းကွဲနှင့် လင်းလွန်းအား မတော်တဆပုံစံဖြင့် တွေ့ပေးရန် စီစဉ်ထားသောဆိုင်ဖြစ်သည်။

ဆိုင်ထဲရောက်ရောက်ချင်း ယမုံက ဝေ့ကြည့်ကာ ရှာလိုက်၏။ တွေ့ပါသည်။

ကြိုတင်ချိန်းဆိုထားသည့်အတိုင်း မေသော်နှင့် သူ့အစ်မကို ငွားငွားစွင့်စွင့် တွေ့လိုက်ရပါသည်။

ယမုံက အံ့ဩဟန်လေးလုပ်ကာ ...

"ဟဲ့ မေသော် ... နင်လည်း ရှောပင်ထွက်လာတာလား ... တိုက်တိုက်ဆိုင်ဆိုင်ဟာ"

မေသော်ကလည်း ယမုံနှင့်လင်းလွန်းတို့ကို မတွေ့ရတာကြာပြီဖြစ်သော အသိမိတ်ဆွေတွေကဲ့သို့ အံ့ဩဟန်ဖြင့် ပြန်ကြည့်ရင်း ...

"အံမယ် ... နင်တို့နှစ်ယောက်ကလည်း စုံတွဲခုတ်ပြီး ဈေးဝယ်ထွက်လာကြတယ်ပေါ့ ... ဟုတ်လား"

ဖတ်တိုက်ထားသည့်အထဲတွင် ထိုစကားလုံးမပါသဖြင့် ယမုံ ဘာပြောရမည်မှန်းမသိ ဖြစ်သွားရသော်လည်း လင်းလွန်းကတော့ ပြုံးဖြီးဖြီးနှင့်ပင် ...

"ဟုတ်တယ်ဗျ ... ယမုံ လာချင်တယ်ဆိုလို့ လိုက်ပို့တာပါဗျာ။ ဒါနဲ့ မေသော်တို့က ထိုင်နေတာကြာပြီလား"

ထိုသို့ပင် စပ်မြင်ကတ်ချင်စရာကောင်းလောက်အောင်ပင် မဏ္ဍာပ်တိုင်တက်ပြလိုက်သေးသည်။

လင်းလွန်းစကားကြောင့် မေသော်က ...

"မကြာသေးပါဘူး၊ ဟဲ့ ယမုံ ... ထိုင်လေ၊ နင်တို့ကို ငါ့ အစ်မနဲ့ မိတ်ဆက်ပေးရဦးမယ်"

နှစ်ယောက်သား တစ်ယောက်တစ်ခုံစီမှာ ဝင်ထိုင်လိုက်ကြသည်။ တစ်ခုံတည်းမှာ နှစ်ယောက်သား ပူး၍ထိုင်လို့မှ မဖြစ်သည်ကိုး။

စားသောက်စရာတွေ မှာယူစားသောက်ရင်း မေသော်က မိတ်ဆက်ပေးပါသည်။ သူ့အစ်မဆိုတာနှင့်ပေါ့။

"ယမုံနဲ့ လင်းလွန်း ... ဒါက 'ငါ့အစ်မ မဇာနည်မော်တဲ့'"

"ဩော် ဟုတ်ကဲ့ ... ကျွန်တော်က လင်းလွန်းပါ၊ သူက ယမုံ"

မဇာနည်မော်က သဘောကောင်းပုံရသည်။ လင်မရှိသေးသော အပျိုကြီးပုံစံလည်း ပေါက်၏။ ထိုကိစ္စကိုတော့ လင်းလွန်းလည်း ကိုယ်နှင့်ဆိုင်သဖြင့် စပ်စုမနေတော့။ မဇာနည်မော်ကလည်း သူ့ အပျိုကြီး ဟုတ်မဟုတ်ကို အရေးတယူ ထည့်ပြောမလာချေ။ ဟိုဟိုသည်သည် တခြားအကြောင်းတွေ ပြောကြခြင်းသာဖြစ်၏။





www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ပြောနေရင်း မဇာနည်မော်က မထင်ထားသောစကားကို ဆိုလာသည်။

"ဒါနဲ့ လင်းလွန်းကိုမေးရဦးမယ် ... ခု ရုပ်မြင်သံကြားအစီအစဉ်တွေက လာနေတဲ့ ကိုရီးယားဇာတ်လမ်းတွဲတွေကို ကြည့်ဖြစ်လား"

လင်းလွန်း ကြောင်တက်တက် ဖြစ်သွားရပြီးမှ ...

"အင်း ... မကြည့်ဖြစ်ပါဘူး မဇာနည်မော်ရယ်၊ သူတို့ဇာတ်လမ်းတွေက သူတို့ယဉ်ကျေးမှု, သူတို့အသုံးအဆောင်ပစ္စည်း, သူတို့အစားအသောက်တွေကို ဒီနည်းနဲ့ ကြော်ငြာနေတာလေ၊ ပြီးတော့ အိမ်ထောင်ရေးဖောက်ပြန်တဲ့ ဇာတ်လမ်းမျိုးတွေဆို စိတ်ကုန်လို့ဗျ"

မဇာနည်မော်က သဘောကျသလို မပွင့်တပွင့် ပြုံးသည်၊ ဆက်၍ ...

"ဒါဆို အပတ်စဉ်လွှင့်နေတဲ့ ဘောလုံးပွဲစဉ်တွေကိုရော ကြည့်ဖြစ်လား"

"များသောအားဖြင့်တော့ ကြည့်ဖြစ်ပါတယ်၊ ယောက်ျားလေးဆိုတော့လေ"

"ဪ ... ဒါဆို လင်းလွန်းက မိန်းကလေးတွေဆိုရင် ဘောလုံးပွဲမကြည့်သင့်ဘူးလို့ ဆိုလိုချင်တာလား"

"အဲ"

ထိုသို့လည်း မဟုတ်ကြောင်း ပြန်ဖြေရပြန်၏။ တိုက်ရိုက်လွှင့်သော ဘောလုံးပွဲစဉ်တွေထဲမှာပင်လျှင် ထိုင်ကြည့်နေသော အမျိုးသမီးတွေက ခုနှင့်ဒေး ရှိသည်လေ။

နောက်ပိုင်း မဇာနည်မော်က တစ်ခုပြီးတစ်ခု ထပ်မေးသည်။ လင်း





လွန်းလည်း တစ်ခုပြီးတစ်ခု ပြန်ဖြေနေရသည်။ ဘေးမှ ယမုံနှင့် မေသော်က ငြိမ်ပြီးနားထောင်နေကြ၏။ ကြာတော့ ကိုယ့်ကိုတိုက်ကြည့်ကာ မေးနေသော မဇာနည်မော်အား လင်းလွန်း မသက်သာတော့။ စဉ်းစားရင်း ဘာလဲဆိုတာကို သဘောပေါက်လာသဖြင့် ...

"ယမုံ"

"ဟင် ... ဘာလဲ"

"မဇာနည်မော်က ဆရာဝန်မဟုတ်လား ... မှန်မှန်ပြော"

"ဘာဖြစ်လို့လဲ လင်းလွန်းရဲ့"

မထုံတက်တေးပုံစံနှင့် ယမုံက ပြန်ပြောလာသည်။

လင်းလွန်းက ...

"ဘာဖြစ်ရမှာလဲ ... ခု မဇာနည်မော် ငါ့ကိုမေးနေတဲ့ မေးခွန်းတွေဟာ ဆိုက်ကိုတက်(စ်)လုပ်တဲ့ မေးခွန်းတွေချည်းပဲ"

ထိုအခါမှ မဇာနည်မော်က ပြုံးရင်း ...

"ဟုတ်ပါတယ်၊ ကဲ ယမုံ ... ဒီလောက်ဆိုရင် လင်းလွန်းမှာ ဘာစိတ်ရောဂါမှ မရှိတာ သေချာတယ်"

ထိုစကားကြောင့် ယမုံ ယောင်ယောင်လေး ပြုံးမိသွားသော်လည်း လင်းလွန်းက စိတ်တိုဟန်ဖြင့် ...

"ဪ ယမုံ ... နင်က ငါ့ကို ရူးနေပြီထင်လို့ ခုလိုစမ်းနိုင်းတာပေါ့ ... ဟုတ်လား"

ယမုံက ပျာပျာသလဲဟန်ဖြင့် ...

"ဘာ ... အဲလိုလည်း မဟုတ်ဘူးလေဟာ၊ ငါက နင့်မှာ ရောဂါဖြစ်မှာ စိုးလို့ပါဟ"



www.burmeseclassic.com

www.burmeseclassic.com

စကားအဆုံးမှာပဲ လင်းလွန်းက မပြောမဆို ဝုန်းခနဲ ထရပ်လိုက်သည်။

ယမုံကိုလည်း မျက်နှာထားတင်းတင်းနှင့်ကြည့်ရင်း …

"မဇာနည်မော်ကိုတော့ အားနာပါတယ်၊ ဒါပေမဲ့ ငါ့ကိုယ်ငါ မရှူးဘူးဆိုတာ သိတယ် ယမုံ၊ အဲဒါကြောင့် နင် ခုလို ငါ့အပေါ်ရှူးတယ်လို့ထင်ပြီး စစ်လားဆေးလား လုပ်နေတာကိုလည်း စိတ်ဆိုးတယ်ဟာ … ဒါပဲ"

ပြောပြီး လင်းလွန်းက ချာခနဲလှည့်ထွက်သွားသည်။ ယမုံ ကြောင်တက်တက်ကြည့်နေမိသည်ကို မဇာနည်မော်က …

"ဟဲ့ ညီမလေး … လင်းလွန်း တကယ်စိတ်ဆိုးသွားပြီ ထင်တယ်၊ လိုက်ချော့လိုက်လေ"

မေသော်ကလည်း ဝင်၍ …

"ဟုတ်တယ် ယမုံ၊ သွား သွား … လိုက်ချော့လိုက်၊ တော်ကြာ ငါတို့ပါ တရားခံအဆစ် ဖြစ်နေဦးမယ်"

ဘာပြောရမှန်းမသိဘဲ ယမုံ ထထွက်လာခဲ့ရ၏။ ပြီး လင်းလွန်း ဆင်းသွားသည်ထင်သော လမ်းအတိုင်း လိုက်သွားလိုက်သည်။

ရှော့ပင်းစင်တာရှေ့အရောက်မှာ ကားငှားနေသောလင်းလွန်းကို တွေ့လိုက်ရ၏။

ယမုံက အသံထုတ်၍ …

"ဟဲ့ လင်းလွန်း … ခဏလေးနေပါဦး"

ထိုသို့ လှမ်းအော်ရင်း တားလိုက်ပါသည်။ သို့သော် မရလိုက်။

လင်းလွန်းက အသံကြားသည့်တိုင်အောင် တစ်ချက်ကလေးမျှပင် လှည့်မကြည့်ဘဲ ကားပေါ်အခန့်သားတက်ကာ ထွက်သွားလေ၏။





ယမုံစိတ်ထဲမှာတော့ ယောကျ်ားမာနဆိုတာ ဒါမျိုးလားဟု ဘဝမှာ ပထမဆုံး တွေးလိုက်မိလေသည်။

ထိုသို့ဖြင့် …။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ထိုသို့ဖြင့် ...

နောက်နေ့မှာတော့ မနေသာသော သူငယ်ချင်းတွေက ဝိုင်းကာ ဝန်းကာ လင်းလွန်းအား နားချကြသည်။ တစ်ယောက်တစ်ချက်စီ နားရင်း အုပ်ကြခြင်းတော့မဟုတ်။ နားဝင်အောင်ပြောကြခြင်းသာ ဖြစ်သည်။

ပြောသည်ဆိုရာမှာလည်း ...

၁။ ယမ်းအိုးနိမ်လွှန့်ပြီး ဆိုက်ကိုတက်(စ်)လုပ်သည်ကို ခွင့်လွှတ်ပေးရန်။

၂။ လတ်တလော လင်းလွန်းကြုံနေရသောကိစ္စသည် ဘဝ ယောင်းက ဘာညာဟုသိထားသဖြင့် ပယောဂကုဆရာ ထံ ယောက်ဆီသွားရန်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကိစ္စနှစ်ခုအား အဆိုတင်သွင်းတော့ လင်းလွန်းက . . .

"ပထမတစ်ချက်ကတော့ ကိစ္စမရှိပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ယမုံက ငါ့အပေါ် အစိုးရိမ်လွန်ပြီး ဖြစ်ရတဲ့အတွက်ကြောင့်ပဲ၊ အဲ . . . ဒုတိယအချက်ကိုတော့ မလိုအပ်ဘူးလို့ ငါထင်တယ်"

လွှတ်တော်ထဲမှာ မဟုတ်သော်ငြား လင်းလွန်းက ပယ်ချလိုက်သည်။ တကယ်တော့ ထိုကိစ္စကို အဆိုတင်သွင်းလာသူကလည်း လွှတ်တော်အမတ်မဟုတ်သည့် မောင်ဦးဖြစ်သည်။

ခုလည်း ဒင်းက . . .

"ဘာပဲဖြစ်ဖြစ်ပေါ့ လင်းလွန်းရာ . . . ရှိးရာယုံကြည်ကိုးကွယ်မှုဆိုတာကလည်း ရှိသေးတယ်မဟုတ်လား၊ ဒီတော့ ပယောဂဆရာနဲ့ မင်းတစ်ခေါက်လောက်တော့ သွားတွေ့သင့်တယ်လို့ ထင်တာပဲ"

အားလုံး ဝိုင်း၍ ဖိအားမပေးခင်မှာဘဲ လင်းလွန်းကို မွေးထုတ်ပေးသော မိခင်ဒေါ်လွန်းမေက ဆိုလာသည်။ ခု ပြောနေကြတာကလည်း လင်းလွန်း၏အိမ်မှာကြောင့် ဖြစ်၏။

"ဟုတ်ပါတယ် သားရယ် . . . အမေ စိတ်ချမ်းသာအောင်တော့ သွားလိုက်ပါ၊ ဘာဖြစ်လို့လဲဆိုတော့ သား အသက်အစိတ်ပြည့်ဖို့က ဆယ်ရက်လောက်ပဲ လိုတော့တာလေ၊ သွားလိုက်ပါနော် သားလေး"

လင်းလွန်း ခေါင်းကုတ်မိတော့၏။ တစ်ဆက်တည်း အမေ့စကားကိုတော့ မပယ်ရှားသင့်ဟု တွေးလိုက်မိသည်။

ယမုံကလည်း . . .

"ဟုတ်ပါတယ် လင်းလွန်းရာ . . . ဘာပဲဖြစ်ဖြစ် အားလုံး စိတ်ချမ်းသာအောင် နင်တစ်ခေါက်လောက်တော့ သွားသင့်တယ်"





လင်းလွန်းက ယမုံကို စိုက်ကြည့်လိုက်သည်။ နင်ဝင်ပြောတာကြောင့်လည်း ပါတယ်ဆိုသော အကြည့်မျိုးလည်း ဖြစ်၏။

လင်းလွန်းက ခပ်တည်တည်ဟန်ဖြင့် . . .

"ထားပါတော့ . . . လောလောဆယ် ငါ စဉ်းစားမိတာ တစ်ခုတော့ ရှိတယ်"

"ဟေ . . . ဘာများလဲ"

"အော် . . . ငါ့မွေးနေ့က ဆယ်ရက်လောက်ပဲ လိုတော့တာဆိုတော့ ဒီတစ်ခေါက် ငါ့မွေးနေ့မှာ ငါလိုချင်တဲ့လက်ဆောင်တစ်ခုကို ငါလိုချင်တဲ့လူဆီက မတောင်းဘဲ ရချင်တယ်၊ အဲဒါဆိုရင် မင်းတို့ပြောတဲ့ ပယောဂဆရာဆီကို ငါသွားမယ်ဟာ"

အားလုံး၏အကြည့်တွေက ယမုံထံသို့ ဝိုင်းခနဲ ရောက်လာကြ၏။ သေးကျဉ်နံ့ကျဉ်ဖြစ်ရသော အနေအထားဖြစ်သည်။

ယမုံက မျက်နှာမထားတတ်စွာ . . .

"အာ . . . နင်တို့က ငါ့ကို ဘာဖြစ်လို့ ဝိုင်းကြည့်နေကြတာလဲ"

"ရှင်းပါတယ် ယမုံရယ် . . . ပြောစရာ လိုနေသေးလို့လား၊ အားလုံး စိတ်ချမ်းသာအောင် လင်းလွန်းကို အေးလို့ ပြောလိုက်လေ"

ထွေးလေးက ထိုကိစ္စမျိုးဆိုလျှင် အမြဲတမ်း စိတ်ပါနေသူမို့ မနေနိုင်မထိုင်နိုင် ဝင်ပြောလာခြင်းဖြစ်သည်။ အားလုံး၏အကြည့်တွေကလည်း ယမုံထံမှာ၊ လင်းလွန်း၏မိခင်ဖြစ်သူ ဒေါ်လွန်းမေကလည်း သူ့သားအတွက် စိတ်ပူပန်စွာ ပြောလာသည်။

"လက်ခံလိုက်ပါ သမီးရယ် . . . နော်၊ အဲဒါမှ သားက ပယောဂဆရာနဲ့တွေ့ဖို့ကိစ္စကို လိုက်လျောမှာမို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ယမုံ တကာယ်ပင်စဉ်းစားရတော့၏။ နောက်ဆုံးတော့ စဉ်းစားမိသည့်အတိုင်း မယုတ်မလွန်လေး ပြန်ပြောလိုက်လေသည်။

"ဟုတ်ကဲ့ပါ ကိုလင်းလွန်း"

ရွှဲသလိုပြောလိုက်သော်လည်း လင်းလွန်းကျေနပ်သွားပုံက မြူးစရာနှင့် အထင်းသား။

■



## အခန်း (၁၄)

ကတိအတိုင်း သွားလိုက်ရသည်။ ပယောဂဆရာဆိုတာ ဘယ်လိုမှန်းတော့ မသိ။ ဆရာဝန်မဟုတ်တာတော့ သေချာသည်။ ထို့ကြောင့်လည်း ဆေးထိုးအပ်မသုံးဘဲ ကြိမ်လုံးသုံးခြင်းဖြစ်သည်။ ကြားဖူးနားဝကို တွေးမိပြီး သွားရသည်မှာပင် ခပ်လန့်လန့်။

မောင်ဦး၏ ဦးဆောင်မှုဖြင့် သူတို့ တစ်အုပ်တစ်မကြီးသွားခြင်းဖြစ်သည်။ နေရာက မြောက်ဒဂုံဘက်ရှိ ဆင်ခြေဖုံးရပ်ကွက်တစ်ခုမှာ။

ထိုခြံရှေ့ရောက်သည်နှင့် ဆိုင်းဘုတ်တစ်ခုကို အရင်တွေ့လိုက်ရ၏။

ဩဇာအောင်စိုး
(Hyphotist)



www.burmeseclassic.com

www.burmeseclassic.com

ထိုဆိုင်းဘုတ်ကိုကြည့်ကာ လင်းလွန်း မျက်မှောင်ကြုတ်မိသွား၏။ မောင်ဦး ပထမပြောသည်က ပယောဂကုဆရာဖြစ်သည်။ ခု ဆိုင်းဘုတ်တွေ့လိုက်ရတော့ စိတ်ညှို့ပညာရှင်ဖြစ်နေ၏။ (Hyphotist) ဟု ဆိုင်းဘုတ်မှာ မပီမိုးတဝါး ရေးထားသည်ကို။

ထိုအတွေးနှင့်လင်းလွန်းက ...

"ဟော့ကောင် မောင်ဦး ... မင်းပြောတော့ ပယောဂဆရာ ဖော်ပြီးဆို၊ ခု ဘယ်လိုဖြစ်တာလဲ"

မောင်ဦးက ချက်ချင်းပဲ ...

"အဲဒီ ပယောဂဆရာဖော်ဖြိုးက ထောက်ကြံ့ဘက်ကို ဂန္ဓာရီသမီး ထွက်သွားတယ်ကွ၊ ဒါပေမဲ့ ဒီနေရာလည်း မင်းအတွက် အဆင်ပြေနိုင်တယ် ဆိုပြီး ခေါ်လာတာ"

လင်းလွန်း ထပ်ကာ စောဒကတက်မနေတော့။ အားလုံး၏မျက်နှာတွေကို အကဲခတ်ကြည့်လိုက်တော့လည်း ရောက်တုန်းရောက်ခိုက် လှည့်ပြန်သွားချင်ပုံ မရချေ။

ယမုံကပင် ...

"ဟုတ်ပါတယ် လင်းလွန်းရယ် ... ဒီဆရာနဲ့တွေ့တာကလည်း နင့်အတွက် အကျိုးရှိနိုင်ပါတယ်"

"နင်ပါ သဘောတူရင်လည်း ပြီးရောလေ"

အားလုံးပဲ ခြံဝင်းထဲသို့ ဝင်လိုက်ကြသည်။ တစ်ထပ်တိုက်ကလေးဆီ လျှောက်လာသော လမ်းကျဉ်းလေး၏ တစ်ဖက်တစ်ချက်၌ မြေအိုးသေးသေးလေးတွေ စီတန်းထားသည်ကို တွေ့ရ၏။ ဘာအစီအမံလဲတော့ မသိ။

လင်းလွန်းက ထိုအိုးလေးတွေကို ကြည့်ကာ ...





"မောင်ဦး ... မင်းဆရာက သူ့နာမည်နဲ့တော့ လိုက်တယ်ကွ"

"ဟေ ... ဘာဖြစ်လို့လဲ"

မောင်ဦးက ကြောင်တက်တက် ပြန်မေးလာသည်။ အားလုံးလည်း လင်းလွန်းကို ကြည့်လာကြ၏။

လင်းလွန်းက ...

"ဩော် ... ဒီဆရာနာမည်က အောင်စိုးမဟုတ်လား"

"အေးလေ"

"အေး .. ဆိုရင် ခု မင်းတို့မြင်တဲ့အတိုင်းပဲလေ သူ့ခြံထဲမှာ အိုးကလေးတွေ ဆောင်ထားတာမဟုတ်လား။ အိုးဆောင်ဆိုတော့ အောင်စိုး ပေါ့ကွာ"

"အရေးထဲ"

မောင်ဦးက သူများပိုင်နက်ထဲမှာပင် လင်းလွန်းကို ခပ်တိုးတိုး ကျိန်ဆဲလိုက်၏။

အထဲရောက်တော့လည်း မောင်ဦးက ဖုန်းဆက်ကာ ချိန်းဆိုထားသည်မို့ ဆြာအောင်စိုးက စောင့်နေပါသည်။ ဖောက်သည်တစ်ဦးတစ်ယောက် မလာတာကြာ၍ မျှော်နေသော မျက်နှာပေးနှင့်ဖြစ်၏။

မောင်ဦးကပဲ ဦးဆောင်ကာ လင်းလွန်း၏အနေအထားကို အသေးစိတ်ပြောပြလိုက်သည်။

ဆြာအောင်စိုးက ခေါင်းတဆတ်ဆတ်ညိတ်ကာ နားထောင်ပြီးမှ ...

"အင်း ... ရှုပ်ထွေးဖြစ်နေတဲ့ အနေအထားကို ကျွန်တော် ကြည့်သုံးသပ်ကြည့်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ဒါပေမဲ့ သီးသန့်ခန်းထဲမှာ စိတ်ညှို့အိပ်မွေ့ချပြီးမှ စမ်းသပ်လို့ ရမှာပေ့ ဒီတော့ ..."

"အဆင်ပြေသလို လုပ်ပါ ဆရာ"

လင်းလွန်း ဘာမှမပြောမီ မောင်ဦးက ဝင်ပြောလိုက်ခြင်းဖြစ်သည်။

စကားအဆုံးမှာ ဆြာအောင်စိုးက ...

"ကဲ ... ဒါဆို ကျွန်တော့်ရဲ့ သီးသန့်စမ်းသပ်ခန်းကို သွားမယ်၊ ကိုလင်းလွန်းနဲ့အတူ အဖော်တစ်ယောက်ပဲ လိုက်ခဲ့ပါ"

အားလုံး၏အကြည့်တွေက ယမုံထံ ရောက်လာသည်။ ယမုံက ဖုံးလေးအသာတွန့်ကာ ...

"အဖော်ဆိုတော့ ယောကျ်ားလေးမှ ကောင်းမှာလေ၊ မောင်ဦး ... နင်ပဲ လိုက်သွားပေးလိုက်"

"ပြီးရော ပြီးရော"

လင်းလွန်းနှင့်မောင်ဦးတို့ ဆြာအောင်စိုးနှင့်အတူ သီးသန့် စမ်းသပ်ခန်းထဲ ဝင်သွားပါသည်။

ယမုံတို့လည်း အိမ်ရှေ့ဧည့်ခန်းထဲမှာပင် စောင့်နေလိုက်ကြ၏။ နာရီဝက်လောက်ပင် ကြာသွားသည်လား မသိ ... ဆြာအောင်စိုးနှင့် မောင်ဦးတို့နှစ်ယောက် ပြန်ထွက်လာပါသည်။

ယမုံက လင်းလွန်းကိုမတွေ့ရသဖြင့် စိတ်ပူစွာ ...

"မောင်ဦး ... လင်းလွန်းရော"

"အိပ်နေတုန်းဟ"

"ဟင်"



"ဪ ... ခုနက အိပ်မွေ့ချထားတာမို့ အိပ်ပျော်နေတုန်းလို့ ပြောတာ"

ထိုအခါမှ ဆြာအောင်စိုးက ဝင်၍ ...

"ဘာမှစိုးရိမ်စရာ မရှိပါဘူး။ ခဏနေရင် သူ အိပ်ရာက နိုးလာတော့မှာပါ"

ခုမှပဲ အားလုံးသက်ပြင်းချရတော့သည်။ ဆြာအောင်စိုးက ဆက်၍

"ကိုလင်းလွန်းဖြစ်နေတဲ့အနေအထားကို ရိပ်မိပြီဗျ၊ အဲဒါက ဘာလဲဆိုရင် ... သူ့မသိစိတ်ထဲမှာ ဘဝဟောင်းက မိန်းမဆိုတာ ရှိနေတယ်၊ ခု သူ့ကိုလည်း ပြန်ခေါ်နေတယ်၊ ဆိုလိုချင်တာကတော့ သူ အသက်နှစ်ဆယ့်ငါးနှစ်ပြည့်ရင် အကြောင်းအရာတစ်ခုခုကြောင့် သူ သေဆုံးပြီး ဘဝဟောင်းကို ပြန်သွားရလိမ့်မယ်လို့ ယုံကြည်ထားတာ"

"ရှင် ... ဒါ ဒါဆို 'လင်းလွန်းက အသက်အစိတ်ပြည့်ရင် သေမယ်လို့ သူ့ကိုယ်သူ ယုံကြည်နေတာပေါ့ ... ဟုတ်လား"

ယမုံ၏အမေးကို ဆြာအောင်စိုးက ...

"အဲဒါက မသိစိတ်ကပါ၊ ဒါပေမဲ့ ဒီဘက်က သူ့ရဲ့သိစိတ်ထဲမှာ တော်လှန်နေတာကလည်း သူ နှစ်ဆယ့်ငါးနှစ်ပြည့်ရင် ဒီကိစ္စကြီးဟာ အလိုလိုပျောက်သွားမယ်လို့ ယုံကြည်ထားပြန်ရောဗျ"

"ဪ"

တော်တော်တော့ ရှုပ်သည့်ကိစ္စဖြစ်သည်။ ထိုအချိန်မှာပဲ ဝင်းယုနိုင်က ဘာကိုစဉ်းစားမိသည်မသိ ... ဝင်မေးလိုက်၏။

"ဒါနဲ့ဆရာ ... ဒီကောင့်ပြဿနာကို ဘယ်လိုဖြေရှင်းရင် ရနိုင်လဲ ဟင်"



www.burmeseclassic.com

www.burmeseclassic.com

ဆြာအောင်စိုး စဉ်းစားသွားသည်။ ပြီးမှ . . .

"ခဏလေး . . . ခုနက လင်းလွန်းကို စိတ်ညှို့မေးကြည့်လိုက်တော့ မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ချင်နေတာကိုလည်း သိလိုက်ရတယ်၊ လောလောဆယ် ကျွန်တော့်အမြင်ကတော့ အဲဒီမိန်းကလေးဟာ လင်းလွန်းရဲ့စိတ်ရောဂါ, စိတ်ကစဉ့်ကလျားဖြစ်နေတဲ့ အနေအထားကို ကယ်ထင်နိုင်မယ် ထင်တာပဲ"

"ဗျာ"

"ဟုတ်တယ်ဗျ . . . ဘာဖြစ်လို့လဲဆိုတော့ သူ့အနားမှာ အဲဒီမိန်းကလေးရှိနေရင် ဘယ်တော့မှ စကားသံတွေ မကြားရတော့ဘူးလို့ ယုံကြည်ထားလို့ပဲ"

"ဒီ ဒီတော့ ဆရာဆိုလိုချင်တာက . . ."

ဆြာအောင်စိုးက ပြုံးသည်။

"စိတ်နဲ့ဖတ်သက်လာရင် ဥပါဒါန်ကြောင့် ဥပဒ်ဒဏ်သင့်တယ်လို့လည်း ရှိတယ်လေ၊ ဒီတော့ အားလုံးအဆင်ပြေချင်ရင်တော့ လင်းလွန်းနှစ်ဆယ့်ငါးနှစ်မပြည့်ခင်မှာ အဲဒီမိန်းကလေးနဲ့လက်ထပ်လိုက်တာ အကောင်းဆုံးပဲ"

"ဟင်"

"အို"

ယမုံ မျက်နှာမထားတတ် ဖြစ်သွားရ၏။ လင်းလွန်း၏ ထိုမိန်းကလေးက ကိုယ်ဖြစ်နေသည်ကိုး။

ဆြာအောင်စိုးကပင် ဆက်၍ . . .

"ဘာဖြစ်လို့လဲဆိုတော့ အသက်နှစ်ဆယ့်ငါးနှစ်ပြည့်တဲ့အချိန် လင်းလွန်းမှာ အိမ်ထောင်ဖက်ရှိနေရင် ဘဝဟောင်းကမိန်းမ ပြန်ခေါ်လို့ရနိုင်တော့ဘူးဆိုတဲ့ စိတ်အခြေအနေကလည်း လွတ်မြောက်သွားမှာမို့လို့ပဲ"





စကားအဆုံးမှာတော့ အားလုံးပဲ ယမုံ့ကို ဝိုင်းကြည့်လာကြသည်။ ခင်ထွေးလေး (ခေါ်) ထွေးလေးက အရင် . . .

"ငါပြောသားပဲ ယမုံရယ် . . . နင် လင်းလွန်းကို ယူလိုက်ပါလို့လေ၊ ခုဆိုရင် နင် လင်းလွန်းရဲ့ရှေ့ရေးကို ကြည့်ရမယ့်အချိန်ပဲဟ"

"ဟုတ်တယ် ယမုံ . . . နင်တို့နှစ်ယောက်က သံယောဇဉ်လည်း ရှိပြီးသားပဲဥစ္စာ၊ နောက်လည်း လူကြီးတွေပေးစားလို့ ယူကြရမှာပဲဟာကို ဒီကောင် အသက်အစိတ်မပြည့်ခင်သာ ယူလိုက်တော့"

"အဲဒါ အမှန်ပဲ ယမုံ . . . နင့်အတွက် အဖတ်တင်သွားတာပေါ့ဟာ"

"အမြန်ဆုံးသာ ယူလိုက်တော့"

အားလုံးက တစ်ယောက်တစ်ပေါက် ဝိုင်းပြောလာကြသည်။ ရှက်စိတ်နှင့် မျက်နှာလေးရဲရဲနီကာ ယမုံ ဘာပြန်ပြောရမည်မှန်း မသိတော့။

ထို့ကြောင့် ထိုင်နေရာမှ ဆတ်ခနဲ ထလိုက်ကာ . . .

"အေး . . . အဲဒီကိစ္စကို ငါစဉ်းစားမယ်လို့ ဟိုကောင်နီးလာရင် ပြောလိုက် . . . ဒါပဲ"

ပြောပြီးပြီးချင်းပဲ တောက်ဆတ် တောက်ဆတ်နှင့် ယမုံ ထွက်သွားလေတော့၏။

အားလုံးပဲ ယမုံ့နောက်ကို ပြေးလိုက်မည်ပြုပြီးမှ သတိရ၍ ကိုယ်ရှိန်သတ်လိုက်ကြရသည်။ အဲထဲမှာ မောင်မင်းကြီးသား မောင်လင်းလွန်းက အိပ်ပျော်နေသေးသည်လေ။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

သူငယ်ချင်းတွေက ဝိုင်းပြောကြသလို ဒီဘက်က မိဘနှစ်ပါးထံမှာလည်း ယမုံ ဖိအားပေးခံနေရသည်။ ဩာအောင်စိုးထံမှ ပြန်လာပြီး၍ သင်တန်းမတက်ဖြစ်သော သုံးရက်စလုံး တဂျိဂျိနှင့် ...။

"သမီးရယ် ... သမီးဘဝအတွက် အသင့်တော်ဆုံးလူဟာ သားလင်းလွန်းကလွဲပြီး မရှိနိုင်ပါဘူး ... လက်ခံလိုက်ပါနော်"

မေမေက လေပြေနှင့်ပြောသလို ဖေဖေကလည်း ...

"ဖေဖေကတော့ လင်းလွန်းကလွဲပြီး သမီးကို ဘယ်သူနဲ့မှ သဘောမတူနိုင်ဘူး သမီး၊ အဲဒီကောင်က တစ်ခါတစ်ခါ အူကြောင်ကြောင်လုပ်တတ်တာကလွဲရင် သမီးအပေါ် ယယ်ယယ်ကတည်းက သံယောဇဉ်ကြီးတာ သမီးအသိပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ် သမီးရယ် . . . လူကြီးချင်းဆိုလည်း ထပ်ပြောစရာမလိုအောင် သဘောတူထားပြီးသားလေ"

စိတ်ညစ်တာမှ ရေရေလည်လည် စိတ်ညစ်နေရသည်။ ဘယ်သူ့ကိုအားကိုးပြီး တိုင်ပင်ရမည်မှန်း ယမုံမသိတော့။ တစ်ရပ်ကွက်လုံး လိုက်မေးလျှင်ပင် ဟိုကောင် . . . လင်းလွန်းဘက်က ရပ်တည်ကြမည်လားမသိ။

ကိုယ့်ကိုယ်ကိုယ်လည်း ယမုံမေးကြည့်ပါသည်။ လင်းလွန်းအပေါ်ချစ်လား၊ တစ်ဘဝလုံး လက်တွဲသွားနိုင်လား စသည်ဖြင့်ပေါ့။

"အချစ်"ဆိုတာကို ရေရေရာရာ မသိသော်လည်း လင်းလွန်းမှလွဲလျှင်တော့ တခြားဘယ်ယောကျ်ားလေးကိုမှ လက်တွဲဖော်အဖြစ် ထည့်သွင်းစဉ်းစားလို့ မရချေ။

ဒါဆိုလျှင် ရှင်းပြီ။ မရှင်းသေးတာတစ်ခုကတော့ လင်းလွန်းနှင့်လက်ထပ်လိုက်လျှင်ကော ဒင်း လတ်တလောကြုံတွေ့နေသည့်ကိစ္စကြီးက ပျောက်သွားမည်လား။ တိတိကျကျပြောလို့ မရချေ။ ထို့ကြောင့် ယမုံချီတုံချတုံ ဖြစ်နေမိခြင်းဖြစ်၏။

တစ်ရက်လုံး ခေါင်းတွေ 'ဝေ' နေအောင်စဉ်းစားပြီး ညဘက်ရောက်တော့လည်း နဖူးပေါ်လက်တင်၍ စဉ်းစားပါသည်။

အချိန်က ညကိုးနာရီပင် ထိုးလုပြီ။ ထောင့်စေ့အောင် စဉ်းစားနေသော ယမုံတစ်ယောက် အဖြေရှာမရသေး။ ဆုံးဖြတ်ချက်လည်း မကျသေးချေ။

ထိုစဉ် . . .

အိမ်ရှေ့မှ ဖုန်းမြည်သံနှင့်အတူ ဖေဖေ၏ စကားပြောသံသဲ့သဲ့ကိုကြားလိုက်ရ၏။





ပြီး သိပ်မကြာလိုက်။ မေမေက ယမုံအခန်းထဲဝင်လာကာ စိတ်ပူသောမျက်နှာပေးနှင့် . . .

"သမီး လာဦး . . . သူ့အိမ်မှာ လင်းလွန်း ပြဿနာတက်နေလို့တဲ့ သမီးသွားမှ ဖြစ်လိမ့်မယ်"

ထိုစကားကြောင့် ဘာမှစဉ်းစားနေချိန်မရဘဲ လှဲနေရာမှ ယမုံဝေါက်ခနဲ ထထိုင်လိုက်ရလေသည်။

ခုနစ်ဝဉ်ကြယ်တာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

အိမ်ပေါ်ရောက်သည်နှင့် လင်းလွန်းအမေ ဒေါ်လွန်းမေက ယမုံကို ဆီးပြောလာသည်။ မျက်ရည်ကလေးတစမ်းစမ်းနှင့် ဖြစ်၏။

"လုပ်ပါ သမီးရယ် ... သားအခန်းထဲက ဟိုမိန်းမအသံတွေ ကြားနေရပြန်ပြီ၊ တံခါးဖွင့်ဆိုတာလည်း မဖွင့်ပေးဘူး"

လင်းလွန်းအဖေ ဦးတင်လင်းကတော့ ဘာလုပ်ရမည်မှန်း မသိသောမျက်နှာပေးနှင့် ငြိမ်ကာ စဉ်းစားနေသည်။

အနားမှာရှိနေသော ဖေဖေက ယမုံကို ...

"ကဲ သမီး ... သွားခေါ်ကြည့်လိုက်ဦး"

စကားအဆုံးမှာပဲ ယမုံ လင်းလွန်းအခန်းရှေ့သို့ အပြေးတပိုင်း လျှောက်သွားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

အခန်းရှေ့ရောက်လျှင်ပဲ အပြန်အလှန်စကားပြောသံများကို ကြား လိုက်ရလေသည်။

"မောင်တော် ... နှမတော်ပြောတာကို လက်မခံရင်တော့ အသက် နှစ်ဆယ့်ငါးနှစ်ပြည့်တဲ့နေ့မှာပဲ ဘဝဟောင်းကို နှမတော်ကိုယ်တိုင် ဖြစ်တဲ့ နည်းနဲ့ ပြန်ခေါ်ရလိမ့်မယ်"

"အိုး ... ခင်ဗျားခေါ်တိုင်း လိုက်စရာလားဗျ။ ခင်ဗျား တကယ်လို့ အစွမ်းရှိရင် ခုခေါ်လိုက်လေ"

"ခေါ်မှာပါ ... အသက်နှစ်ဆယ့်ငါးနှစ်အထိ သတ်မှတ်ထားတာ မို့ နှမတော်လည်း သည်းခံစောင့်နေရတာပေါ့။ မောင်တော် ခုဘဝမှာ မွေးရက် မွေးချိန်ကို မကျော်လွန်စေရပါဘူး ... ဟင်း ဟင်း"

"တော်ပြီဗျာ ... ခင်ဗျား ကျွန်တော့်ကို ဘာမှလာပြောမနေနဲ့ တော့၊ အနားက ခုထွက်သွား ... ထွက်သွား"

လင်းလွန်း၏ ကြုံးအော်သံကြီးကို ကြားလိုက်ရသည်။ ယမုံလည်း အိပ်ခန်းတံခါးကို တအုံးအုံးထုရင်း ...

"လင်းလွန်း လင်းလွန်း ... တံခါးဖွင့်ပါဦး၊ ငါ ယမုံပါဟ"

စကားအဆုံးမှာပဲ အခန်းထဲမှ ဟိုမိန်းမ၏အသံကို့ ထပ်ကြားလိုက် ရ၏။

"သွားမှာပါ မောင်တော် ... အသက်နှစ်ဆယ့်ငါးနှစ်ပြည့်တဲ့ အထိ မောင်တော့်အနားမှာ ဘယ်သူမှမရှိရင် နှမတော်လေးဆီ ပြန်လာဖို့ပဲ အသင့် ပြင်ထားလိုက်ပါ"

"ထွက်သွားဗျာ ထွက်သွား"

လင်းလွန်းက ထပ်အော်လိုက်ပြန်၏။ အပြင်ဘက်က ယမုံလည်း





ဘယ်လိုမှ မနေသာတော့ချေ။ တံခါးကို အဆက်မပြတ်ထုကာ

"လင်းလွန်းရေ ... တံခါးဖွင့်ပါဟာ၊ ငါ ယမုံပါ၊ တံခါးဖွင့်ပေးပါ နော်"

ယမုံ၏ တစာစာခေါ်သံအဆုံးမှာ အခန်းထဲ၌ အသံတွေ တိတ်သွား သည်။ ခဏအကြာမှာပဲ အခန်းတွင်းမှ တံခါးဖွင့်သံကြားလိုက်ရသဖြင့် ယမုံ လည်း အထဲသို့ အမြန်ဝင်လိုက်၏။

အထဲမှာ ကြောင်တောင်တောင်လေးရပ်ကြည့်နေသော လင်းလွန်း ကို တွေ့လိုက်ရသဖြင့် ယမုံလည်း သနားစိတ်ယှိုဖိတ်ကာ ဟန်မဆောင်နိုင် တော့ဘဲ ပြေးဖက်လိုက်ရင်း ...

"လင်းလွန်း ... နင် နင် ငါ့ကို ချစ်တယ်ဟုတ်လားဟင်၊ နင့်ကို လည်း ငါ ချစ်ပါတယ်ဟာ၊ မနက်ဖြန်မနက်ရောက်တာနဲ့ နင်နဲ့ငါ တရားရုံးမှာ လက်မှတ်သွားထိုးကြမယ် ... သိလား"

တတွတ်တွတ်ပြောလိုက်သော စကားအဆုံးမှာ လင်းလွန်းတစ် ယောက် ကြောင်တက်တက်လေးဖြစ်နေဆဲ။

●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

မင်္ဂလာပွဲက စည်ပါသည်။ နှစ်ဖက်မိဘက ဂုဏ်သရေရှိတွေမို့ အပျိုတော်အက၊ မြေဝိုင်းနှစ်ပါးသွားနှင့် ညွှန်မခံရဘဲ အောင်မြင်စွာ ပြီးဆုံးသွားသည်။ ပြီးတော့ လင်းလွန်းနှင့် ယမုံတို့ကလည်း တစ်ဦးတည်းသောသား၊ တစ်ဦးတည်းသောသမီး ဖြစ်နေသည်ကိုး။

မင်္ဂလာပွဲက ဟိုတယ်တစ်ခုမှာ စားသောက်ဖွယ်ရာအချို့ဖြင့် ညွှန်ခံကျွေးမွေးကျင်းပခြင်းဖြစ်သည်။ ငွေသားမဟုတ်သော လက်ဖွဲ့ပစ္စည်းတွေလည်း အတော်ရပါသည်။

သို့သော် ထိုလက်ဖွဲ့ပစ္စည်းတွေကို လင်းလွန်းက စိတ်မဝင်စား။ ဖွင့်ဖောက်လည်း မကြည့်ချင်။ သူစိတ်ဝင်စားသည်က သတို့သမီး အသစ်စက်စက် ယမုံ။ ထို့ကြောင့် ယမုံကိုပဲ ဖွင့်ဖောက်၊ အဲ . . . ယမုံနှင့်ပဲ နှင်းယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်း နေချင်သည်။

ထို့ကြောင့် မင်္ဂလာအခမ်းအနားပြီးသည်နှင့် လင်းလွန်းက တစ်ခေါ်လာတော့၏။ နားချင်ပြီလေ။ တစ်ချိန်လုံး ပြုံးပြနှုတ်ဆက်ခဲ့ရသဖြင့် ပါးစပ်တွေလည်း ညောင်းပြီလေ။

ထိုသို့သောအကြံနှင့် ပွဲအပြီးမှာ ယမုံကို ကပ်တိုးလေး ပြောလိုက်၏။

"ယမုံ . . . အိမ်ပြန်ရအောင်ဟာ၊ တော်တော်ပင်ပန်းနေပြီ"

ယမုံက မျက်စောင်းထိုးသည်။ လောလောဆယ် ဒါပဲ တတ်နိုင်သည်လေ။ ဒီနေ့လည်း မင်္ဂလာပွဲအပြီးမှာ သတို့သားဖြစ်သော လင်းလွန်း၏ အိမ်သို့ ယမုံလိုက်နေရမည်ဖြစ်သည်။

နှစ်ယောက်သား အိမ်ပြန်ရန်ဟန်ပြင်နေချိန်မှာပဲ သူငယ်ချင်းတွေက အနားရောက်လာကြ၏။

မောင်ဦးက . . .

"ဟေ့ကောင် . . . ဒီလိုပြန်လို့တော့ မဖြစ်ဘူးလေ၊ ခဲဖိုးလေး ဘာလေး ပေးခဲ့ဦးကွ၊ မဟုတ်ရင်တော့ မင်းအိမ်အထိ ငါတို့လိုက်လာမှာနော်"

ထိုစကားကြောင့် လင်းလွန်းက ခေါင်းကုတ်ရင်း အိပ်ကပ်ထဲနှိုက်ကာ ပိုက်ဆံရှာလိုက်သည်။ သတို့သားဖြစ်သဖြင့် ငွေသားက မရှိချေ။ လှမ်းကြည့်လိုက်တော့ ယောက္ခမအသစ်စက်စက် ဦးစိုးအောင်ကို မြင်လိုက်ရ၏။

"အန်ကယ် . . . ခဏ ခဏ"

အူကြောင်ကြောင်သမက်အနားသို့ ဦးစိုးအောင် ရောက်လာသည်။ ဘာလဲဟူသော မျက်နှာပေးဖြင့် မေးဆတ်ပြလိုက်ရာ လင်းလွန်းက . . .





"ခဲဖိုးတောင်းနေလို့ အန်ကယ်ရာ၊ ပိုက်ဆံပါရင် ပေးလိုက်ပါဦး"

"ဟော"

ဦးစိုးအောင် အောင့်သက်သက်နှင့် ထုတ်ပေးလိုက်ရ၏။ လင်းလွန်းတို့ သွားတော့မည်ဟန်ပြင်တော့ ခင်ထွေးလေး (ခေါ်) ထွေးလေးက ယမုံကို ပြုံးတီတီကြည့်ကာ . . .

"ဩော် ယမုံ ယမုံ . . . နင်က နင်ပြောသလို လိမ်လိမ်မာမာနေတော့ တစ်ခု လက်ဝယ်ပိုင်ပိုင် ရသွားတာပေါ့ဟာ"

ထိုစကားကြောင့် ယမုံမျက်နှာက ရဲရဲနီသွားရသည်။ ဘာကိုဆိုလိုမှန်းမသိသော လင်းလွန်းက . . .

"ယမုံ . . . ထွေးလေးက ဘာပြောတာလဲဟင်"

"အာ . . . ဘာမှမဟုတ်ပါဘူး"

သူငယ်ချင်းကောင်မလေးတွေက ဝိုင်းရယ်ကြသည်။ သူငယ်ချင်းအထီးတွေကတော့ ဘာကြောင့်ရယ်မှန်းပင် မသိကြ။

ဝင်းယုနိုင်က ကပ်ပြောလာသည်။

"ဟေ့ကောင် . . . မင်း မင်္ဂလာပွဲကို ဟိုကောင်ကျော်ကိုလည်း လာသွားတယ်ကွ . . . သိလား။ လက်ဖွဲ့ပေးပြီး ချက်ချင်းပြန်သွားတာ"

ကျော်ဖူးရှင်ကိုတောင် နှုတ်မဆက်လိုက်ရဘူးဟုတွေးကာ လင်းလွန်း မချင့်မရဲ ဖြစ်သွားရသည်။

ထို့နောက် စီစဉ်ထားသောကားဖြင့် နှစ်ယောက်သား လင်းလွန်း၏ အိမ်သို့ ပြန်ခဲ့လိုက်၏။ အိမ်ရောက်တော့ လင်းလွန်း၏အခန်းထဲကိုပဲ ဝင်ရပြန်သည်။ ထိုအခန်းက သတို့သား သတို့သမီးနေရမည့် အခန်းဖြစ်သည်လေ။

အခန်းထဲရောက်တော့ လင်းလွန်းက ယမုံကို လှမ်း[ကြည့်]ကာ . . .

www.burmeseclassic.com

"ယမုံ ... ပျော်လားဟင်"

အဝိုက်မိ၍ အဖက်ခံလိုက်ရသော ယမုံက ချက်ချင်းပင် လင်းလွန်းရင်ခွင်ထဲမှ ရုန်းထွက်လိုက်ရင်း ...

"အာ ... ဘယ့်လိုဖြစ်နေတာလဲ၊ ဒီလောက် ချွေးတွေထွက်နေတာကို"

လင်းလွန်းက အလိုက်သင့် လွှတ်ပေးလိုက်ရင်း ...

"အင်း ... ဒါဆိုလည်း ရေအရင်ချိုးလိုက်ရအောင်"

ယမုံက မျက်စောင်းထိုးပြန်၏။ စိတ်ကိုခဏလျှော့ကာ လင်းလွန်းက ရေအမြန်ချိုးလိုက်သည်။ တက်ကြွနေပုံများ ငါးမိနစ်ပင် မကြာလိုက်။

လင်းလွန်း ရေချိုးပြီးချိန်မှာတော့ ယမုံ ရေချိုးခန်းထဲ ဝင်သွားသည်။ လင်းလွန်းက အခန်းထဲမှာပဲ စောင့်နေလိုက်၏။

သို့သော် ...

ယမုံက တော်တော်နှင့် ပြန်ရောက်မလာချေ။ အပျိုဘဝနှင့် နောက်ဆုံးရေချိုးတာမို့ ဒီလောက်ကြာနေတာလားဟု လင်းလွန်း အောင့်သက်သက် တွေးလိုက်မိ၏။

ထိုအချိန် သတို့သမီး ယမုံမှာတော့ ...

■



BURMESE CLASSIC .com

## အခန်း (၁၈)

နာရီဝက်မကကြာအောင် ရေချိုးပြီးမှ ယမုံ ထွက်လာခဲ့သည်။ စိတ်ထဲမှာလည်း လင်းလွန်းဆီပြန်သွားရန် ရင်ဖိုနေမိ၏။

သို့သော် ...

မသွားလို့ကလည်း မဖြစ်တော့ချေ။ အကြင်လင်မယားပဲ ဖြစ်နေပြီလေ။ လင်းလွန်းတစ်ယောက် အောင့်သီးအောင့်သက် ဖြစ်နေလောက်ပြီဟု တွေးရင်း အိပ်ခန်းဆီ ပြန်လျှောက်လာခဲ့၏။

အခန်းရှေ့ အရပ်မှာပဲ ...

"မောင်တော်ရယ် ... မနက်ဖြန်ပဲ အသက်ပြည့်လို့ ဘဝဟောင်းကို ပြန်လာရတော့မှာကို မစောင့်ဘဲ လက်ထပ်လိုက်တာလား"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com

ယမုံ ကြက်သီးထသွားရ၏။ ခုလိုလက်ထပ်လိုက်တာတောင် ဒီမိန်းမက လာနှောင့်ယှက်နေသေးသည်လား။

စိုးရိမ်ပူပန်ခြင်းနှင့် ဒေါသတို့ရောကာ အခန်းတံခါးကို ဆတ်ခနဲ တွန်းဖွင့်လိုက်၏။

ခုတင်ပေါ်က မွေ့ရာထက်မှာ လင်းလွန်းက အခန့်သားရှိနေပါသည်။

ယမုံက ...

"လင်း လင်းလွန်း ... ခုနက ဟိုမိန်းမအသံ ကြားလိုက်ရသေးတယ် ... ဟုတ်တယ်မဟုတ်လား"

"အင်း"

မချိုမချဉ်ပုံစံဖြင့် လင်းလွန်းက ပြန်ဖြေလာသည်။

ယမုံက စိတ်တိုစွာဖြင့် ...

"ဒါ ဒါဆို ဆရာအောင်စိုးပြောသလို ငါတို့နှစ်ယောက် လက်ထပ်ပြီးရင် အဲဒီမိန်းမအသံ ပျောက်သွားမယ်ဆိုတာ မဟုတ်ဘူးပေါ့"

"မသိဘူးလေ ယမုံရဲ့"

"ဘာမသိရမှာလဲ ... ဒါ ဒါဆို အဲဒီဦးအောင်စိုးက လူလိမ်ကြီးပေါ့ ... ဟုတ်လား"

"အာ"

ဦးအောင်စိုးကိုယ်စား လင်းလွန်း နင်သွားရသည်။ ဒင်းကပဲ ထိုသို့ လိမ်စားသောရုပ် ပေါက်နေလို့လားမပြောတတ်။ အမှန်တော့ ဦးအောင်စိုးကိုယ်တိုင် လင်းလွန်း၏ဖတ်ညွှန်းထဲမှာ ဘုမသိ ဘမသိ ပျော့ပါလာခဲ့ခြင်းသာ ဖြစ်သည်။

ခုလည်း လင်းလွန်းက ဘာမှ ဖြေရှင်းမနေတော့ဘဲ အခန်းတံခါးကို





လော့ခ်သွားချလိုက်သည်။ ချောက်ခနဲထွက်သွားသောအသံကြောင့် ယမုံ ခန္ဓာကိုယ်လေး ဆတ်ခနဲ တုန်သွားရပြီး ...

"လင်း လင်းလွန်း ... နင် နင် ဘာလုပ်တာလဲ"

လင်းလွန်းက ရယ်ကျဲကျဲအသွင်ဖြင့် ...

"ဟဲ ဟဲ ... ငါတို့ရဲ့မင်္ဂလာဦးညမှာ နင့်ကို သီချင်းဆိုပြချင်လို့ အသံလုံအောင် တံခါးပိတ်လိုက်တာပါဟာ ... ခဏလေး"

ပြောပြောဆိုဆိုပင် လင်းလွန်းက တီဗီအောက်စက်နှင့် ဆောင်းဘောက်(စ်)တို့ကို ပါဝါဖွင့်လိုက်သည်။ ပြီး အောက်စက်ထဲသို့ ဗီစီဒီတစ်ချပ်ကို ပါ ထည့်လိုက်၏။

မိုက်လှမ်းယူလိုက်သော လင်းလွန်းကို ယမုံ ကြောင်တောင်တောင် ကြည့်နေမိသေးသည်။ ဒီကောင် ဘာအရူးထပြန်ပြီလဲပေါ့။

ထိုစဉ် ...

အောက်စက် (DVD) မှာ ဂဏန်းလေးတွေပေါ်လာပြီး တီဗီဖန်သားပြင်မှာလည်း အရုပ်တွေပေါ်လာကာ ဆောင်းဘောက်စ်မှလည်း အသံထွက်လာပါသည်။

ဖန်သားပြင်ပေါ် မြင်နေရသည်က ဇော်ဝင်းထွဋ်နှင့် ဟေမာနေဝင်းတို့၏အရုပ်၊ အသံက သူတို့နှစ်ယောက်စုံတွဲ သီဆိုထားသော 'စတော်ဘယ်ရီချစ်သည်းရှင်' သီချင်း၏ အင်ထရို။

သီချင်းအင်ထရိုပြီး၍ ပထမဦးစွာ ဟေမာနေဝင်းသီဆိုရမည့်အလှည့်မှာပင် လင်းလွန်းက မိုက်ကို ပါးစပ်နှင့်တေ့လိုက်ကာ ...

♪ ××× စတော်ဘယ်ရီ ချယ်ရီရောင် တော်တန်ရုံလွယ်ပ ××× ဘုံကမ္ဘာ ခုနစ်ဆင့်အမြင့်ကို မြင်ယောင်သလိုလိုပင် ××× ♪



www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

မိန်းကလေးအသံဖြင့် စတင်သီဆိုလိုက်သော လင်းလွန်းကို ယမုံ တစ်ယောက် ပါးစပ်အဟောင်းသားလေးနှင့် ကြည့်နေမိရင်း ...

လင်းလွန်း၏ကျွံ့စဉ်ဆိုတာကိုလည်း တဖြည်းဖြည်း သဘောပေါက်လာရပြီး ...

ယမုံအော်ဟစ်လိုက်သောအသံသည် မင်္ဂလာအိပ်ခန်းထဲ လွှင့်ပျံ့နေသည့် 'စတော်ဘယ်ရီ ချစ်သည်းရှင်' သီချင်းသံကို ကျော်ဖြတ်သွားကာ ...

"လင်းစိန် !"

လေးစားစွာ

၁၃၇၃ ခုနှစ်၊ တပေါင်းလဆုတ် ၂ ရက်

မွန်းလွဲ ၂ နာရီ ၂၅ မိနစ်

BURMESE CLASSIC .com

ထွက်ပြီးလုံးချင်းဝတ္ထုများ


#၁ ချစ်သူရေးတဲ့ ရည်းစားစာ (ဗွီဒီယို)
#၂ ချစ်သူဝှက်တဲ့ ခေတ်သစ်ဇာဒင်
#၃ ချစ်သူပြောတဲ့ ရည်းစားစကား (ဗွီဒီယို)
#၄ အပျိုစင် (ဗွီဒီယို)
#၅ ချစ်လို့ (ဗွီဒီယို)
#၆ ဒိုင်မက်အက်ဆေး (ဗွီဒီယို)
#၇ ဟန်းနီးမွန်း (ဗွီဒီယို)
#၈ စုပါဆန်းဇေး
#၉ ဖူးစာကွန်ရက် (ဗွီဒီယို)
#၁၀ သူငယ်ချင်းဗိုင်ယာဂရ်
#၁၁ ရိုးမြေကျသီအိုရီ
#၁၂ ပန်းသီးမက်ဆေ့ချ် (ဗွီဒီယို)
#၁၃ ကျောင်းစိမ်း (ဗွီဒီယို)
#၁၄ ရာသက်ပန်ပရိုဂရမ် (ဗွီဒီယို)
#၁၅ လေဒီတာဒုပ်ကြီး (ဗွီဒီယို)
#၁၆ ကြည်နူးရာ ကြေကွဲရာ
#၁၇ အမုန်းမဲ့ငုန်
#၁၈ အမည်ပေါက်သမီးရည်းစား
#၁၉ အနမ်းဂိမ်း


www.burmeseclassic.com